mmcybermedia.com

# ၇-ကောင် ၅-ည ပုံပြင်များ

## စံ-ဇာတီဘို



# ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်သူ** - ဦးလှချို
(တိုက်ဂါးပုံနှိပ်တိုက် - ၀၄၈၂၉)
အမှတ် (၁၆၁)၊ နှင်းဆီဖြူလမ်း၊ ၃၀-ရပ်ကွက်။
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန် (သင်းစာပေ) ၀၄၂၁၃၂
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
၁၂-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**အကြိမ်** -၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်

**မျက်နှာဖုံးနှင့် အတွင်းပုံ** - ဖေသစ်တည်

**အုပ်ရေ** - ၂၀၀၀ အုပ်

**တန်ဖိုး** - ၁၅၀၀ ကျပ်

**ဖြန့်ချိရေး**
နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ်
ယာယီရုံးခန်း
အမှတ် (၁၆၆)၊ ၃၅-လမ်း (အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၁၀၄၁၄၆

## မာတိကာ

၁။ ၆-ပုဒ်ကေ
၂။ လိပ်ကလေးနှင့် ကြက်ဆူဆီ
၃။ မာရသုတ်နှင့် ဂျင်းသုပ်
၄။ ကွမ်းစားတစ္ဆေ
၅။ စားစား အားမနာနဲ့စား
၆။ ဆားကော်ဖီ၊ ဝိုင်အရက်နှင့် ဘိုးတော်ချမ်းဂဏန်း
၇။ မာဂဓစကား လေ့လာသူ
၈။ အုတ်ရိုးနောက်ကွယ်မှ ဗေဒင်သိုင်းဂိုဏ်းသားများ
၉။ အဖြူရောင် ဂေါ့ဖားများ

# အမှာ

ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားဟောင်း ရဲဘော်ရဲမေအပေါင်းတို့သည် မြန်မာနိုင်ငံကြီးအား အာဏာရှင်အစိုးရများ လက်ထဲတွင် လွတ်မြောက်ပြီး၊ ဒီမိုကရေစီရရှိရေး၊ လူ့အခွင့်အရေးများ အပြည့်အဝ ရရှိရေးအတွက် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တော်လှန်ခဲ့ကြသူများ ဖြစ်ပါသည်။ အာဏာရှင်တို့ကလည်း သူတို့၏စရိုက်သဘာဝအတိုင်း ကျွန်တော်တို့ကို မဟာရန်သူကြီးများအဖြစ် သတ်မှတ်ပြီး လူမဆန်စွာ ရက်စက်မှုမျိုးစုံဖြင့် စော်ကားရိုင်းပျခဲ့ကြသည်။ ကျွန်တော်တို့ကို သာမက ကျွန်တော်တို့၏ မိသားစုများကိုပါ စီးပွားရေး၊ လူမှုရေး၊ လူ့အခွင့်အရေးများကို ဟန့်တားနှောင့်ယှက် ဖျက်ဆီးခဲ့ကြပါသေးသည်။ အာဏာရှင်တို့၏ ရက်စက်ယုတ်မာမှုများကို မြန်မာပြည်သူများသာမက ကမ္ဘာ့ပြည်သူများကပါ သမိုင်းမှတ်တမ်းတင်ခဲ့ကြပြီး ဖြစ်ပါသည်။

ကျွန်တော်တို့သည် ကိုယ်တွေ့ကြုံတွေ့ခဲ့ရသော အာဏာရှင်တို့၏ မကောင်းဆိုးဝါးလုပ်ရပ်များကို ဒီနေ့ဒီအချိန်မှာ ထပ်မပြောလိုတော့ပါ။ ယဉ်ကျေးသော လူ့အဖွဲ့အစည်းနှင့် အံလွဲခဲ့သော ကျွန်တော်တို့မြန်မာနိုင်ငံ၏ ညစ်ထေးခဲ့သည့် သမိုင်းရက်စွဲတချို့သည် ကမ္ဘာ့လူ့သမိုင်း စာမျက်နှာများပေါ်တွင် ရှက်ဖွယ်မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။ ထပ်မံ၍ မြန်မာပြည်သူများ အရှက်မရစေချင်တော့ပါ။ ဒါကြောင့်လည်း အာဏာရှင်တို့၏ လူမဆန်သော အပြုအမူ၊ ယုတ်မာသော လုပ်ဆောင်မှုများကို ထပ်မံမပြောလိုတော့ခြင်း ဖြစ်ပါသည်။ ယခုပြောလိုသည်မှာ အာဏာရှင်တို့၏ ဖိနှိပ်မှုအောက်က ရဲရင့်သောသတ္တိဖြင့် အာခံခဲ့ကြသော ကျွန်တော်တို့၏ ရဲဘော် ရဲမေများအကြောင်း၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအတွက် အသက်ပေးခဲ့ကြသော ကျွန်တော်တို့ ရဲဘော်ရဲမေများ၏ အာဇာနည်စိတ်ဓာတ်အကြောင်း၊ စစ်ကြောရေးစခန်းများ အတွင်းက အံကြိတ်သံများနှင့် အုတ်နံရံကြားက ရင်ကော့ရယ်သံများ အကြောင်းတို့ပဲ ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့၏ ရဲဘော်ရဲမေများသည် လောကဓံကို အမှန်အတိုင်း သိမြင်ပြီး အထီးကျန် နေ့ရက်များကို ပျော်စရာနေ့ရက်များအဖြစ် ပြောင်းလဲပြီး ဖြတ်သန်းခဲ့ကြသူများလည်း ဖြစ်ပါသည်။ ဒီအကြောင်းတွေကို ကျွန်တော်တို့၏ ရဲဘော်ရဲမေများက စာအုပ်အဖြစ် စတင်ရေးသားကြတော့မည် ဖြစ်ပါသည်။

ကျွန်တော်တို့ကလည်း ရင်ထဲတွင် ရှိနေသော ထိုထိုသော အကြောင်းအရာများကို ပြောချင်နေခဲ့သည်မှာ ကြာပါပြီ။ အုတ်နံရံ၊ သံတိုင်တွေကြားထဲ ရှိစဉ်ကပင် ပြောချင်နေကြတာ ဖြစ်ပါသည်။ ဒီစကားများသည် အုတ်နံရံကြားက ပဲ့တင်သံများလည်း ဖြစ်ပါသည်။ ကျွန်တော်ချစ်သော ပြည်သူများကို ကျွန်တော်တို့၏ ရင်ထဲက လတ်ဆတ်ဆဲ ခံစားမှုများကို မျှဝေကြပါတော့မည်။ ဒီစာအုပ်သည် ကျွန်တော်တို့က ချစ်စနိုးနဲ့ ကိုဇာကြီးလို့ခေါ်သော စံ-ဇာဏီဘိုရဲ့ သူ့ဘဝနဲ့ ရင်းခဲ့ရသော ပုံပြင်များ ဖြစ်ပါသည်။

ဒီစာအုပ်အား နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ချုပ်၏ ရန်ပုံငွေအဖြစ် ထုတ်ဝေခြင်း ဖြစ်ပါသည်။ ယခုစာအုပ် ထုတ်ဝေနိုင်ရန် စာမူကို အသုံးပြုခွင့်ပေး လှူဒါန်းခဲ့သော ကိုဇာကြီးအား အထူးကျေးဇူးတင်ပါသည်။ ယခု စာအုပ်ကို ဝယ်ယူပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ချုပ်အတွက် ရန်ပုံငွေ ထည့်ဝင်ခဲ့ကြသူများကိုလည်း ကျေးဇူးတင်ရှိပါသည်။

စာရှုသူအပေါင်းသည် ယခုစာအုပ်ကို ဖတ်ပြီး ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားဟောင်းများကို စာနာမှုဖြစ်ပါလျှင်၊ မြန်မာ့ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ရရှိရန်အတွက် တိုက်ပွဲဝင်ခဲ့ကြသော ကျွန်တော်တို့၏ လုပ်ရပ်များကို တစ်စုံတစ်ရာ အသိအမှတ်ပြုပါလျှင်၊ နိုင်ငံရေး အကျဉ်းသားဟောင်းများ အဖွဲ့ချုပ်၏ မြန်မာ့လူ့ဘောင် အဖွဲ့အစည်း အကျိုးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို အားပေးကူညီလိုစိတ်ရှိခဲ့ပါလျှင် ဤစာအုပ်ထုတ်ဝေရသည်ကို ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

*စာပေနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့*
*နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ်*



## ၆ - ပုဒ်ကေ

မြောက်လတ္တီတွဒ်၏ ၁၆-ဒီဂရီ ၅-မိနစ်နှင့် အရှေ့လောင်တီဂျီတွဒ်တွင် ၉၆-ဒီဂရီ ၇-မိနစ်တွင် 'မြေမထိ၊ နေမခ' တိုက်သားများ နေထိုင်ကြ၏။ ထူထဲသော နံရံနှင့် ကာရံထား၍ ပြတင်းပေါက်မရှိ။

အဝင်အထွက် တံခါးပေါက်ရှိ၏။ သို့သော် တံခါးတွင်ပိတ်သော တံခါးရွက်မရှိ။ အလွန်ခိုင်ခံ့သော သံတိုင်တို့နှင့် ဖွဲ့စည်းထား၏။ တံခါးတို့သည် ၂၄-နာရီတွင် ငါးမိနစ်စီ နှစ်ကြိမ်သာဖွင့်၏။ ဤသို့သော အခန်းမျိုးတွင် နေထိုင်ကြသော 'မြေမထိ၊ နေမခ' တိုက်သားများသည် စားလျှင်လည်း ဤအခန်း၊ တပိုတပါးသွားကလည်း ဤနေရာဖြစ်၏။ နေ့ခင်းတွင် မီးမလာ။ တစ်ညလုံး မီးဖွင့်၏။ မီးပျက်ခြင်းအား တစိုးတစိမျှ လက်မခံ။ ဓာတ်အားလိုင်းပြတ်က ချက်ချင်း မီးစက်ဖွင့်၏။ အခန်းအတွင်း မီးခလုတ် လုံးဝမရှိ။ မီးဖွင့်ရန်၊ ပိတ်ရန် ကိုယ့်အလုပ်မဟုတ်။ မီးလုံးကျွမ်းက ချက်ချင်းလာလဲ၏။

မီးရောင်အောက်၌ တစ်ညတာ ဖိမ်ခံအိပ်ရသော အရသာသည်ကား တော်ရုံတန်ရုံ ခံစားနိုင်ကြမည် မဟုတ်။ ဤနေရာတွင် ဖိနပ်သည် လွန်စွာတန်ဖိုးကြီး၏။ ဖိနပ်ကို ခြေဖဝါးနှင့်ပင်မထိ။ တမြတ်တနိုးထား၏။ ဟိုသွားသည်သွား လမ်းသလားလျှင်ပင် ဖိနပ်မစီး။ လွန်စွာတန်ခိုးကြီးသော ဘုရားရင်ပြင်ပေါ်တွင် လမ်းလျှောက်နေသည့်အလား ဖိနပ်ချွတ်၍ လူတိုင်းသွားကြ၏။ စီးနင်းသော

ဖိနပ်ကို ကြွပ်ကြွပ်အိတ်နှင့်ထုပ်၊ ပုဆိုးနှင့်ပတ်၊ ပိုင်ဆိုင်ထားသည့် ဒန်ထမင်းပန်းကန်ကို မှောက်၍ ၎င်းပေါ်တွင် ဖိနပ်ထုပ်တင်၍ ခေါင်းအုံးအိပ်ကြရကုန်၏။

ဤနေရာသည် ဖိနပ်ကို ခေါင်းအုံးအိပ်စက်သော နေရာဖြစ်၏။ ဖြူစင်သော ပုဆိုး၊ ဖြူစင်သော အင်္ကျီနှင့် အဝတ်တစ်ထည် ကိုယ်တစ်ခု ခေါင်းအုံးမပါ။ ခြင်ထောင်မရှိ။ အိပ်ရာခင်းမဲ့ စောင်ဗလာ၊ သမံတလင်းပေါ်၌ ခင်းထားသော ဖျာကြမ်းပေါ်တွင်ဖိနပ်ကို ခေါင်းအုံး၍ အိပ်စက်ရသည်ကား လွန်စွာစည်းစိမ်ရှိလှသည်။

## *မင်းသားကြီး၏ မွေးနေ့ပွဲ*

ဤမြေမထိ နေမခတိုက်သားတို့အနက်မှ ဘကြီးအောင်သည် သူ၏ ၅၄-နှစ်ပြည့်မွေးနေ့ပွဲကို ခမ်းနားသိုက်မြိုက်စွာဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာ၏။ ဘကြီးအောင်သည် ဘိုင်စကုပ် ရုပ်ရှင်မင်းသား အကယ်ဒမီအောင်လွင် ဟူ၍လည်းကောင်း၊ ဒါရိုက်တာ စံရွှေမောင် ဟူ၍လည်းကောင်း၊ ရုပ်ရှင်လောက၏ အလွန်ထင်ရှားသော ကြယ်ပွင့်ကြီးဖြစ်၏။

မွေးနေ့ ညစာစားပွဲကျွေးမွေးခြင်းအဖြစ် ချိုချဉ်တစ်လုံး၊ မြေပဲဆားလှော် ၁၅-စေ့၊ မကျင်လှ နွားဆေးပေါ့လိပ် နှစ်လိပ်စီ ဝေငှမည်ဟုဆို၏။ ဤကြေညာသံကိုကြားသော် အားလုံးက လက်ခုပ်တီး ထောပနာပြုကြ၏။ ထို့ထက်မက အထူးအစီအစဉ်အဖြစ် နေ့ခင်းတွင် တေးဂီတနှင့် ဖျော်ဖြေမည်ဖြစ်ကြောင်း ဆိုလေသော် အားလုံးက နှစ်ထောင်အားရ ဖြစ်ကြကုန်၏။ ထိုမွေးနေ့ပွဲကြီး ဖြစ်မြောက်ရန် ကျရာနေရာမှ တာဝန်ယူမည်ဖြစ်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ကြကုန်၏။ အတူနေကြသူများ၏ တေးဂီတအသံသည်ကား ရိုးအီလှ၏။ တအီအီ တအိုင်အိုင်သီချင်းဆိုသော အခန်း(၁)မှ ကိုအောင်ဒင်၊ အသံခပ်ပြာပြာနှင့် မွန်သံဝဲကာ သီချင်းဆိုသော မင်းဇေယျာ၊ ဝေလေလေသာ လုပ်တတ်သော စံ-ဇာဂနီဘို၊ ကမ္ဘာမကျေ သီချင်းသာဆိုတတ်သော ပြုံးချို၊ သူများသီချင်းဆိုလျှင် 'ဒရမ်' တတောက်တောက် ခေါက်တတ်သော ကိုမြအေး၊ ကပေါက်တိ ကပေါက်ချာ အသံခပ်ပြာပြာနှင့် ဟဲတတ်သော ရန်မျိုးသိန်း၊ အဘိုကြီးအို ခါးကုန်းကုန်းသာ ဆိုတတ်သော တင့်ဆန်း၊ ဤသကောင့်သားများနှင့် ဂီတပွဲတစ်ခု ဖြစ်မလာနိုင်။

"ဒီက လူတွေနဲ့တော့ ဂီတပွဲဖြစ်မလာနိုင်ဘူး"

အားလုံးကပြောသည်။ ကွမ်းတမြုံ့မြုံ့မြုံ့လျက် ဘကြီးအောင်က ခပ်ထေ့ထေ့ပြုံးကာ-

"ဝမ်းမန်းရှိုးလုပ်ဖို့ စီစဉ်ထားတယ်"

ခပ်တည်တည်ပြော၏။

"ဘကြီးအောင်တစ်ယောက်တည်း ဝမ်းမန်းရှိုးမလို့လား၊ မမိုက်ပါဘူး"

လူငယ်များက ဝိုင်းဝန်းထောမနာပြုကြ၏။

"ဟာ ငါမဆိုတတ်ဘူး၊ ဗလကြီးကို ခေါ်ပြီးဆိုခိုင်းမှာ"

ဆိုလေသော် အားလုံးက ပါးစပ်ဟ မှင်တက်သွားလေတော့သတည်း။

ဘကြီးအောင်သည်ကား ဗြိတ္တရာသီဖွားပီပီ လွန်စွာ ဉာဏ်များသူဖြစ်သည်။ ဉာဏ်နီ၊ ဉာဏ်နက်၊ ဉာဏ်ပြာ၊ ဉာဏ်ဝါ၊ ဉာဏ်သက်တန့်ရောင်စုံ ကွန့်မြူးနိုင်စွမ်း ရှိ၏။ တိုက်ရှေ့ လူသွားစင်္ကြံခေါင်မိုး

သွပ်ပြားကိုပင် လက်သည်းလှီးသည့် ဓားဖြစ်အောင် စွမ်းနိုင်သူဖြစ်လင့်ကစား ဝမ်းမန်းရှူးကို အရပ်တစ်ပါးမှ အဆိုတော်ကို ခေါ်ယူ၍ ကျင်းပမည်မှာ မလွယ်သောကိစ္စ ဖြစ်ပေမည်။

## တေးသံရှင်ဗလကြီး

ဤနေရာ၊ ဤဒေသတွင် တုပြိုင်ဘက်ကင်းသော ဗလကြီး အမည်ရှိသော အဆိုတော်တစ်ဦးရှိ၏။ အသံဝါဝါနှင့် ခပ်နွဲ့နွဲ့လွမ်းဆွေးသော သီချင်းများကို မြန်မာသံစစ်စစ်နှင့် ဟစ်ကာဟစ်ကာ သီဆိုနိုင်စွမ်းရှိသည်။ သူ သီချင်းဆိုက ဘူးဝထက်က 'ဝါဒါ' များပင်လျှင် နာရီမောင်းခေါက်ရန် မေ့လျော့ကြကုန်၏။ အမြဲတစေ တစီစီအသံပေး၍ တေးဟစ်ဆိုကြသည့် နံရံတစ်ဖက်ခြား မိန်းမဆောင်ဘက်မှလည်း အသံတိတ်ကာ နားစွန့်ကုန်၏။

သံတိုင်အနောက်ကြားမှ အလွမ်းဓာတ်ခံရှိသူများကာ မျက်ရည်တစိုစို ရင်တနင့်နင့်ဖြစ်အောင် တီဝိုင်းမပါဘဲ အဆိုနှင့်ပင် အားလုံးကို ညှို့ငင်ဖမ်းစားနိုင်စွမ်းရှိသည်။ ကတ်ကြေးတစ်ဖျပ်ဖျပ် ဘီးတရှပ်ရှပ်နှင့်။ စက်ကတ်ကြေးသံကို စည်းဝါးသဖွယ် သံစဉ်ပေး၍ တေးသီသူဖြစ်သည်။ စည်းနှင့်ဝါးကို ကိုင်သူမဟုတ်။ ကတ်ကြေးနှင့်ဘီးကို ကိုင်သည့် ဆံသဆရာဖြစ်သည်။ လူသတ်မှုနှင့် ထောင်ကျလာသော လူမိုက်တစ်ဦး၏ ရင်အတွင်း၌ အနုပညာဗီဇသည်ကား အပြည့်။

ပြင်ပလောကတွင် ဆံပင်ညှပ်ခြင်းဖြင့်အသက်မွေးသူ၊ နှစ်ကြီးသမားများအဖြစ် ထောင်ကျလာသော အခါတွင် ဤအတတ်ပညာနှင့်ပင် ထောင်အတွင်း၌အစားချောင်၊ အနေချောင်၊ တစ်ပါးသူပုံစံတူ ပုဆိုးဖြူဝတ်ချိန်၌ ကုလားပြည်မှလာသော ပလေကတ်တံဆိပ် ပုဆိုးဖြူ၊ ပုံစံအင်္ကျီအဖြူ ဝတ်ရ၏။ အစားအသောက် မရှား။ မိတ် မရှား။ ရှားပါးလှသည့် စီးကရက်အား လက်ကြားမှ မချ။ ရှားပါးလှသည့် ကွမ်းကိုလည်း ပါးစပ်တွင် တမြုံ့မြုံ့။ 'ဝါဒါ' ဆရာများနှင့်တကွ ထောင်မှူး၊ ထောင်ပိုင်များအား ဆံပင်ညှပ်ပေးခြင်း၊ အထူးတိုက် သီသန့်တိုက်တို့၌ ထားရှိသော ဂုဏ်သရေရှိ အကျဉ်းသားများအား ဆံပင်ညှပ်ပေးရသော ထောင်အကျဉ်းသား ထောင်မင်းသားတစ်ဦး ဖြစ်သည်။ တေးသီဆိုမှုတွင်လည်း လွန်စွာ အသံကောင်းရကား အကျဉ်းထောင်၏ စူပါစတား တစ်ယောက်လည်း ဖြစ်သည်။ ဤပုဂ္ဂိုလ်အား ခေါ်ယူ၍ တေးဂီတ ဖျော်ဖြေမှုကို မွေးနေ့အစီအစဉ်တွင် ထည့်ထားပေရာ အားလုံးက သဘောကျ၍ ထိုအချိန်ကို ငံ့လင့်နေကြ၏။ တေးဂီတအတွက် ပေးဆပ်ရမည့် အခကြေးသည်ကား ပလေကတ် အဖြူတစ်ထည်နှင့် ဦးခေါင်းတစ်လုံး ဖြစ်သည်။

## ပုဆိုးတစ်ထည်နှင့် ဦးခေါင်းတစ်လုံး

များမကြာမီကာလတွင် လွန်စွာသစ်လွင်သည့် ထောင်အတွင်းဝတ်ရန် ပလေကတ်အဖြူကို (၁)ဆောင်ပုံစံခန်းမှ တန်းစီးစိုးမြတ်မှတစ်ဆင့် အချုပ်ကျနေသူများမှ ချွတ်ခွာ လုပ်၍ နွားဆေးပေါလိပ် (၂၀)နှင့် အလဲအထပ်(အာတကေ) လုပ်ထားလေ၏။ ဂီတကြေး ချီးမြှင့်ရန်အတွက် လက်ဆောင်က ရပြီ။ ခေါ်ယူသောအခါ ဆံပင်ညှပ်သော အလုပ်ကို အကြောင်းပြုပြီးမှ ခေါ်ရပေမည်။ ထို့အတွက် ခေါင်းတစ်လုံးအား ရင်းရန် ဖြစ်သည်။ ဤနေရာတွင် ဆံပင်ညှပ်ခြင်းသည်ကား အခန်းထဲမှ ထုတ်၊ ဘောင်းဘီတိုဝတ်၊ အင်္ကျီချွတ်၍ 'ဝါဒါ' များ ထိုင်သော ခြေတစ်ချောင်း ကျိုးနေသည့် ခွေးခြေပေါ် ထိုင်၍ မျက်နှာတစ်ဖက်လှည့်စာရှိသော တိုက်ခန်းအတွင်းမှ သူများက လှမ်းစကားပြောရင်း ဆံပင်ညှပ်ခံ၍ ပြီးလျှင် ရေချိုး။

တစ်ပါးသူများအား လှောင်ချိုင့်ထဲမှ ကြက်ကလေး ငှက်ကလေးများအလား ကျား၊ မျောက်၊ ခြင်္သေ့ကဲ့သို့ ပိတ်လှောင်ထားသော လှောင်အိမ်အတွင်းမှ သတ္တဝါများအလား အရသာကို ခံစားရ၏။ ဗလကြီးနှင့် ဆံပင်ညှပ်ကတ်ကြေးကိုသော်လည်းကောင်း စည်းချက်လိုက်ကာ တေးသီချင်းသီဆိုနေသည်ကို နားထောင်နေရသည်က အရသာတစ်မျိုး၊ ရေကန်အတွင်းမှ ရေကို စိတ်ကြိုက်ချိုးရသည်က စည်းစိမ်တစ်ခု၊ ရေချိုးပြီးက အဝတ် လျှော်သယောင်၊ အဝတ် လှန်းသယောင်၊ ယောင်ယောင်နှင့် အပြင်ထွက် လမ်းလျှောက်ရသည်က အရသာထူးကဲလှသည်။ နံနက် မိလ္လာချချိန် ငါးမိနစ်၊ နေ့ရေချိုးချိန် ငါးမိနစ်သာ မြေထိခွင့်ရသောဘဝတွင် ဤကဲ့သို့ အပြင်ထွက်၍ လမ်းသလားရသည်ကား အသေးစား လွတ်လပ်ခြင်း၏ အနှစ်သာရပေတည်း။

## ဟဲစတိုင်လ်အမျိုးမျိုး

တိုက်တွင် အတူနေကြသောသူအားလုံး မကြာခဏ အကြောင်းရှာ၍ ဗလကြီးအားခေါ်ကာ ဆံပင်ညှပ်ကြသည်။ ထိုကာလ ထိုနေရာတွင် ခေတ်စားသောဆံပင်ကေသည် ခင်လှိုင်ကေ၊ မော့စ်ကေ၊ အမေရိကန်မဒိန်းကေ၊ ဗန်ဒိန်းကေတို့ဖြစ်သည်။ ရုပ်ရှင်သရုပ်ဆောင်များဖြစ်သော မော့စ်ကဲ့သို့ ဘေးမြင့်ထိပ်စုသည်ကား မော့စ်ကေ၊ သရုပ်ဆောင် ခင်လှိုင်ကဲ့သို့ ဘေးပြောင်နောက်ပြောင် ရှေ့ကျနေသောကေကို ခင်လှိုင်ကေ၊ အနောက်တိုင်း ပြင်သစ် အက်ရှင်မင်းသားဗန်ဒိန်းကဲ့သို့ ထောင်ထားသောကေအား ဗန်ဒိန်းကေဟုခေါ်သည်။ အဆန်းပြားဆုံးသော အခေါ်အဝေါ်သည်ကား အမေရိကန်မရိန်းကေ ဖြစ်သည်။ အမေရိကန် မဒိန်းကေသည်ကား အမေရိကန်စစ်တပ် **US Army** ရေတပ် **Navy** **marine** A မေရိကန် မရိန်းတပ်သားများကဲ့သို့ ဆံပင်ကို ခေါင်းတွင်ရှိရုံမျှ တိုနုံ့နုံ့ခေါင်းတုံး ဆံတောက်ပုံဖြစ်သည်။ A မေရိကန်မရိန်း ဆံပင်ပုံကို A မေရိကန်မရင်းကေဟု ခေါ်ရာမှ တစစရွေ့လျားကာ A မေရိကန်မဒိန်းကေဟူ၍ ဖြစ်သွားပေခြင်းတည်း။

## တစ်တိုက်လုံးမှ ကိုဆံရှည်

တိုက်တစ်တိုက်လုံးတွင် A တူတကွနေသူ A ၁းလုံးA နက် ဆံပင်A ရှည်ဆုံးသူသည်ကား စံ-ဇာဂနီဘို တစ်ဦးတည်းသာ ရှိ၏။ သူသည် ဆံပင်ကို A လွန်တန်ဖိုးထား၍ မြတ်နိုးရကား ညှပ်လေ့မရှိ။ လိမ်ကောက်၍ ဖြီးသင်း၍မရသော ဆံပင်ကို ကုပ်ဝဲcA ၁င်ထား၏။ ကုပ်ဝဲရုံသာမက ဝဲပေါက်နေ၏။ ရှည်လျားသော ဆံပင်တွင် သန်းဥများတွယ်၏။ သန်းများပေါက်၏။ ဆံပင်တို့သည် ဖြောင့်ခြင်းမရှိဘဲ A ဖျားဦးကော့နေပေရာ A ခြားသော ဆံပင်ရှည်များကဲ့သို့ တင့်သင့်ခြင်းမရှိ။ ထိုကာလခေတ်စားသော ကာတွန်းတင်cA ၁င်နီ၏ ကာတွန်းဇာတ်ကောင် 'ကိုလေပွ' ၏ ဆံပင်ကဲ့သို့ ဘေးသို့ ကော့ထွက်နေ၏။ တာဝန်ရှိသော ထောင်မှူးထောင်ပိုင်များက ကြုံလေတိုင်း ဘာကြောင့် ဆံပင်ကုပ်ဝဲထားတာလဲ။ ကုပ်မှာ ဝဲပေါက်နေတာကို ဆံပင်နဲ့ဖုံးcA ၁င်ထားရင်း ကုပ်ဝဲထားတာ ဖြစ်တာပါ ဆရာဟူ၍ ဆံပင်ညှပ်ခြင်းကို တိမ်းရှောင်လေ့ရှိသည်။

စံ-ဇာဂနီဘိုသည် A သားမည်း ကြုတ်ကြုတ်၊ နံရိုး A ပြိုင်းပြိုင်း၊ ဗိုက်ခွက်ခွက်၊ နှာခေါင်းကြီးပြီး၊ မျက်နှာရှည်ရှည်၊ လမ်းလျှောက်လိမ်ကျစ်ကျစ်နှင့် ကုလားဒိန်ရုပ်ရှိ၏။ စကားပြောသောA ခါတွင် မျက်နှာပေါ် ဝဲကျလာသောဆံပင်ကို ပင့်ကာပင့်ကာ ပြောတတ်၏။ ဆေးလိပ်သောက်လျှင် ဆေးလိပ်ငွေ့ကို A ပေါ်သို့ထောင်cA ၁င် ဖူးခနဲမှုတ်၏။ ကုပ်သို့ဝဲကျနေသော ဆံပင်ကို မ,ကာ

ပင့်ကာပြော၏။ ပါးတစ်ခြမ်းစုံ နားရွက်ဖုံးနေသော ဆံပင်ကို လက်နှင့် ဆွဲယူ၍ နားအနောက်သို့ သိမ်းကာ ဟန်ထုတ်လေ့ရှိ၏။

တစ်လလုံးတွင် နားဖာကလော်သာသာ တစ်ဖွန်းသာရသော ဆီကိုလူး၍ နောက်သို့စည်းကာ "စတီဗင်ဆေးခဲလ်" ဟန်ဖမ်း၏။ စတီဗင်ဆေးခဲလ်နှင့် လားလားမျှမတူ။ အင်းစိန် ပိန္နဲကုန်းထိပ်မှ မဆလာသည် ပိန်ကပ်ကပ် ယောကျ်ားလျာကုလားမနှင့် သွားတူနေ၏။

## ခေါင်းရင်းရသူ

"ဒီမှာ 'ကိုဇာကြီး' ဒီအထဲကို လာနေကြတာ အများကောင်းဖို့အတွက် အနစ်နာခံကြတာမို့လား"
ဤကား ရန်ကြီး (ရန်မျိုးသိန်း)၏ စကား။

"မင်းတို့ ဒါတွေလာမပြောနဲ့၊ ကိုဇာကြီးက စိတ်ဓာတ်ရှိတယ်။ အများအတွက်ဆို ဘာကိုစွန့်ရစွန့်ရ။ ဒီခေါင်းကလေးကို ရင်းဖို့ကတော့ အေးဆေး"
ဤကားပြုံးချို၏ လေသံ။

"ဟာ... လုပ်လိုက်လေ။ ဆံပင်ဆိုတာ ညှပ်မှရှည်တာ"
စံ-ဇာဂနီဘို၏ ခေါင်းကို သန်းရှာပေးနေသော 'တင့်ဆန်း'၏ စကားသံ။

"ဘကြီးအောင်မွေးနေ့မှာ ဗလကြီးကိုခေါ်ဖို့ ဒီတစ်ခေါင်းပဲရှိတာ။ ထောင်မှူးကိုပြောပြီး ခေါ်ဖို့ကျန်တဲ့ ခေါင်းတွေပြလို့မှ မရတာ။ လုပ်စမ်းပါ ကိုကြီးဇာရဲ့ ပွဲလေးဖြစ်သွားအောင်"
နွားဆေးပေါ့လိပ်ကို ဖင်စီခံတို့အား ခွာထုတ်၍ ထွက်လာသော စာတိုပေစများကို ဖတ်နေသော မြအေးမှ လှမ်းပြော၏။

"ကိုဇာကြီး လုပ်လိုက်စမ်းပါဗျာ။ အများအတွက် ကိုယ်ကျိုးစွန့်တဲ့ အကွက်ကလေး"
ဤကား ယဉ်ထွေး၏ စကားသံ။

ရန်မျိုးအောင်၊ မင်းဇေယျာ၊ ပြုံးချို၊ မြအေး၊ တင့်ဆန်း၊ ယဉ်ထွေး၊ အောင်ဒင် ဤလူငယ်များသည်ကား ထိုကာလတွင် ကျောင်းသားလူငယ် လူရွယ်များနှင့်တကွ လူအတော်များများက လေးစားချစ်ခင်ရသော သူများဖြစ်သည်။ စံ-ဇာဂနီဘိုအား မြှောက်ထိုးပင့်ကော်ပြုရန် သိမ်းသွင်းစည်းရုံးနေကြခြင်းတည်း။

"ဟေ့ကောင်တွေ... မင်းတို့ ဘာမှပြောမနေနဲ့၊ ကိုယ့်မွေးနေ့မှာ မွေးနေ့လက်ဆောင် အဖြစ် 'ခေါင်းရင်းမယ်'လို့ တွေးပြီးသား"
အကြံကြီးလှသော ဦးအောင်လွင်၏ စကားသံတည်း။

## ဗလကြီးအား တောင်းဆိုရရှိခြင်း

ထိုကာလ အုပ်ချုပ်သူဦးသာမြိုင်သည် လွန်စွာသဘောကောင်းလှ၏။ လူသားချင်းစာနာသော နလုံးသားပိုင်ရှင်ဖြစ်သည်။ အလိုရှိသည်ကို တင်ပြ၊ စည်းနှင့်ဘောင်နှင့် လိုအပ်သည်မှန်သမျှ ဖြည့်စွမ်းပေးသည်။

"၁၉၈၉၊ အောက်တိုဘာလ ၂၃-ရက်၊ တနင်္လာနေ့ နေ့ခင်း(၁)နာရီတိတိမှာ ညှပ်ချင်တယ် ဆရာ"
"ဘယ့်နယ်... ဆံပင်ညှပ်တာ နေ့နဲ့ လနဲ့ အချိန်နဲ့ပါလား၊ ဘယ့်နယ် တနင်္လာနေ့ ဆံပင်ညှပ်တာလဲ"

ဗေဒင်သမားကို ဗေဒင်စကားပြောလေသော်-
"ဟာ... ဆရာ ဟိုဘက် (၃)တိုက်က 'ဆရာခ'(ဦးမင်းသိန်း)က ဇာဂနီ... မင်း ဒီအချိန်မှာ ဆံပင်ညှပ်ရင် အခါကောင်းတယ်၊ လူသူအားလုံး စိတ်ချမ်းသာလိမ့်မယ်လို့ လှမ်းပြောထားလို့"
"ဦးမင်းသိန်းက လုပ်ပြန်ပြီ။ စံ-ဇာဂနီဘိုနဲ့ ဦးမင်းသိန်း ဒီဗေဒင်ဆရာနှစ်ယောက် ဒီအထဲ ရောက်နေတာကိုက ပြဿနာ၊ ကဲ ကဲ အချိန် အတိအကျရအောင် လုပ်ပေးမယ်"
"ဆရာဗလကြီးနဲ့ ညှပ်မှ ဓာတ်မိမှာနော်၊ တခြားလူနဲ့ဆို ဓာတ်မမိဘဲ နေဦးမယ်"

အထွန့်တက်၍ပြောသော စံ-ဇာဂနီဘိုကို ဦးသာမြိုင်က-
"ကဲ အဲ့ဒီနေ့ အဲဒီအချိန်မှာ ဗလကြီးနဲ့ရအောင် လုပ်ပေးမယ်"
ဦးသာမြိုင်၏ ပြန်ပြောသံကိုကြားသော် တစ်တိုက်လုံးမှ 'ဟေး' ခနဲ ထ၍အော်ကြ၏။ ဘာကြောင့် ဒီလူ ဆံပင်ညှပ်တာကို တစ်တိုက်လုံးက ဝိုင်းပျော်နေတာလဲဟု ဦးသာမြိုင်သည် ခေါင်းတကုတ်ကုတ်နှင့် ထွက်သွားလေတော့သတည်း။

## မွေးနေ့နှင့် ဂီတပျော်ပွဲကြီး

ဘကြီးအောင်၏ အသက် ၅၄-နှစ်ပြည့် ၁၉၈၉-ခုနှစ်၊ အောက်တိုဘာလ ၂၃-ရက်၊ နံနက်ပိုင်း၌ ဆန်ပြုတ်နှင့် ပဲထမင်း၊ နေ့ခင်း၌ ဘာလချောင်ကြော် တစ်ဖွန်းစီနှင့် ဘကြီးအောင်ကိုင်တိုင် သုပ်ထားသော ထောင်အတွင်း မီလ္လာလောင်းစိုက်ခင်းမှ ဟင်းနနွယ်အစိမ်းသုပ်။ ပုံစံပဲသည်လည်း ထိုနေ့တွင် မတ်ပဲကို ပဲဟင်းချက်ထားသည်နှင့် ကြုံပေရာ စားသောက်ရသည်ကား အတော်မြိုင်လှသည်။ နဂိုထမင်းနှစ်ဇလုံးခန့်စားသော ရန်မျိုးသိန်းပင် လေးဇလုံအထိ စား၏။

မင်းသားကြီးဦးအောင်လွင် မွေးနေ့ဖြစ်ပေရာ မင်းသားရှုး အမြဲဆင်း(ဘစ) သန်းထွန်းအောင်သည် မညည်းမညူ ဖိုကြီးမှ ထမင်းပုံးဆွဲလိုက်၊ ပဲပုံးဆွဲလိုက်၊ ထမင်းဝေလိုက်နှင့်။ ထမင်းစားပြီးသော် မွေးနေ့ညှော်ခံသော ချိုချဉ်တစ်လုံး၊ မြေပဲဆားလှော် (၁၅)စေ့၊ နွားဆေးပေါလိပ် နှစ်လိပ်စီကို အခန်းစေ့ဝေ၏။ စားသောက်ပြီးနောက် တစ်ရေးတစ်မောအိပ်ကြ၏။

နေ့ခင်းတစ်နာရီသို့ ရောက်လေသော် 'ဂျောင်း' ခနဲဟူသော တံခါးဖွင့်သံကြား၏။ ဂတ်ကြီးမှာ နေ့တစ်နာရီတီးသံ မောင်းငါးချက်ခေါက်၏။ ဗလကြီး ရောက်လာ၏။ စံ-ဇာဂနီဘို ဆံပင်ညှပ်ချိန်ရောက်ပြီ။ ခွေးခြေကျိုးပေါ်တွင် ထိုင်လေသော် အားလုံးက လက်ခုပ်တီးကြ၏။

"ဒီမှာ ကိုဗလကြီး ကျွန်တော့် ဆံပင်ကို ခင်လှိုင်ကေလည်း မညှပ်နဲ့၊ အမေရိကန် မရိန်း မဒိန်းကေလည်း မညှပ်နဲ့၊ ခပ်ရှည်ရှည် ကျော်ဟိန်းကေညှပ်"
"စတိုင်လ်လေ သိတယ်မဟုတ်လား"

စံ-ဇာဏီဘိုပြောလေသော်-
"စိတ်ချ ကျော်ဟိန်းကိုယ်ပွား ဖြစ်သွားစေရမယ်"
"ကဲ ဘကြီးအောင် ပြောလို့ရပြီ"
စိတ်ချလက်ချကာ ဗလကြီးထံ ခေါင်းထိုးအပ်၏။

"ဒီမယ် ကိုဗလကြီး ဒီနေ့ ကျွန်တော်မွေးနေ့" အစချီ မင်းသားကြီး ဦးအောင်လွင်က ဒီနေ့ မွေးနေ့ပွဲကျင်းပရသည့် အကြောင်း၊ အဆိုတော်ဗလကြီးအား မရမက ပွဲစီစဉ်ရသည့် အကြောင်း၊ အားလုံးက ဗလကြီး၏ တေးဂီတအပေါ် ငံ့လင့်နေကြသည့် အကြောင်းပြောကာ အနုပညာကြေးအဖြစ် အိန္ဒိယပလေကတ်ကို ပေးလေသော် အားလုံးက လက်ခုပ်သြဘာ ထောမနာပြုကြ၏။

ဦးအောင်လွင်ကဲ့သို့သော အကယ်ဒမီဆုရှင် ကျော်ကြားလှသော အနုပညာရှင်၏ အသိအမှတ်ပြုခြင်းနှင့် ဂီတချစ်သော ဤတိုက်သားများအပေါ် အနုပညာရှင်တစ်ဦး၏ အနုပညာရှင်တစ်ဦး၏ အနုပညာနှလုံးသားမှ ပီတိပွားကာ တေးဂီတနှင့် သီဆိုရန်အသင့် ပြင်တော့သည်။

"ကဲ... ဘာသီချင်းနားထောင်ချင်သလဲ"
ဗလကြီး၏ မေးသံအဆုံး-

စန္ဒရားချစ်ဆွေ၊ ကိုသန်းလှိုင်၊ စန္ဒရားထွန်းညွန့်၊ မောင်မောင်ညွန့်၊ ရေနံ့သာ စိုးလှိုင်၊ ဂီတနက်သံ ကိုစောညိမ်း၏ သီချင်း တစ်ယောက်တစ်ပေါက်နှင့် ပွဲတောင်းသံများ ဆူညံသွား၏။

"ကဲ... စမယ်"
ဟူ၍ ဗလကြီး၏ အသံနှင့် တစ်တိုက်လုံးငြိမ်သွား၏။

သည်နေ့ သည်ရက် (၁)တိုက်တွင် ဗလကြီးသီချင်းဆိုသည်ကို သိ၏။ (၂)တိုက်မှ ကြိုးသမားတို့သည်လည်း အခါတိုင်းကဲ့သို့ ဆူညံမနေဘဲ ငြိမ်သက်စွာဖြင့် တေးသီချင်းသံကို ငံ့လင့်ကြကုန်၏။ ကတ်ကြေးကို တချပ်ချပ်နှင့် စည်းချက်လိုက်ကာ ထွေးရှုပ်နေသော ဆံပင်ကို ဘီးနှင့် တဗျင်းဗျင်း ဖြီးရသည်ကား ဆံပင်ညှပ်ခံသော စံ-ဇာဏီဘိုသည် ဆံပင်ညှပ်ခြင်း၏ အရသာကို တစိမ့်စိမ့်ခံယူ၏။

လက်တွင် ဖွာနေသော နွားဆေးလိပ်ပင် လွတ်ကျမတတတ် ဂီတရေယဉ်ကြော မျောပါ၏။ မြန်မာသီချင်းတို့သည်ကား တစ်ပုဒ်ဆိုလျှင် တစ်ပုဒ်အတော်အတန် အချိန်ကြာမြင့်၏။

အပြန်ပြန်အလှန်လှန် အလှည့်အပေါက်နှင့် အကြိမ်ကြိမ်ဆိုလေသော် တစ်ပုဒ်တစ်ပုဒ်လျှင် ဆယ်မိနစ်မက ကြာ၏။

ဤသို့ဖြင့် တစ်ပုဒ်ပြီးတစ်ပုဒ် သီချင်းတို့ကိုဆို၏။ ပရိသတ် အားလုံးသည်လည်း တေးသီချင်း၏ ရသအလိုက် ကြည်နူး တစ်ခါ၊ ရွှင်တစ်လှည့် မိန်းမော၍တစ်နည်း၊ မှင်တက်၍တစ်ဖုံ၊ ရင်တနင့်နင့်၊ မျက်ရည် တဝိုင်းဝိုင်း၊ သံစဉ်ရေယာဉ်ကြော၌ မျောချင်တိုင်းမျောပါ၏။ အချိန်ကုန်၍ပင် ကုန်မှန်းမသိတော့။ ဂီတ၏ တန်ခိုးကား အရှိန်ကြီးမားစွ။ ဤသို့သီဆိုလေသော် အချိန် တဖြည်းဖြည်း ကြာမြင့်သွား၏။

"ဘယ့်နယ်မပြီးသေးဘူးလား"
ထောင်မှူးဦးသာမြိုင်က လာပြော၏။

"ဟုတ်တယ် ဆရာ၊ ဆံပင်က ရှုပ်နေတာ"
စံ-ဇာဂနီဘို ဆံပင်အားကြည့်၍ ဦးသာမြိုင်က ပြုံးစိစိဖြစ်သွား၏။

"ဘယ့်နယ် ကိုဗလကြီးသီချင်းသံကြားလို့လာတာ"
မြန်မာတေးသီချင်းကို ဆိုသွားသည်ကား ခြောက်ပုဒ်တိတိ ဖြစ်၏။ အချိန်သုံးနာရီကျော်သွားပြီ။

"မိန်းဂျေးက ဆံပင်ညှပ်ဖို့ လာခေါ်နေတယ် ကိုဗလ"
ဤသို့ပြောသောအခါ ကိုဗလကြီးက-
"ဟာ ဆောရီးနော်၊ ကျော်ဟိန်းပုံတော့ မထွက်တော့ဘူး"
ကတ်ကြေးနှင့် ထိုးလိုက်၊ ညှပ်လိုက် နှစ်နာရီခန့်ကြာအောင် ဆံပင်ညှပ်ရသောအခါ နွေခေါင်ခေါင် တောင်ကတုံးပေါ်မှ မြက်စို၊ မြက်ခြောက်တို့အား နွားပိန် တစ်အုပ်မှစားထားသည့်အလား ရိုးတိုရိုးစဖြစ်နေ၏။ ခြောက်ပုဒ်ကေ။

"ဟာ ကိုဇာကြီး ဆံပင်က တယ်မိုက်တာပဲ"
အားလုံးက ဝိုင်းကြည့်ကာ ရယ်မောကာဆို၏။
"အမေရိကန် မဒိန်းကေထက် ပိုမိုက်တယ် ရှယ်ပဲ"

ခေါင်းထက်မှ ငုတ်စိစိဆံပင်ကို ကြည့်၍ အားလုံးက ဝိုင်းဝန်းထောမနာပြုကြ၏။
"ဟာ ဒါဆံပင်ပုံစံသစ်၊ စတိုင်လ်သစ်ပဲ"
"ဟာ ဒီစတိုင်လ်သစ်ကို ဆံပင်ပုံစံနာမည်ပေးရမယ်"

ချွန်ကြ၊ ပင့်ကြ၊ တွန်းကြသော ဤတိုက်သားများတည်း။

ခေါင်းကိုပွတ်လျက် မြေပေါ်တွင် ကျနေသည့် ဆံပင်များကို နမြောတသစွာ ကြည့်နေသူအား စာနာသနားမည့်သူဟူ၍ မရှိ။

"ဒီကေကို ဘယ်လိုနာမည်ပေးမလဲ"
အောင်ဒင်က အော်လေသော် တောင်ကတုံးကေ၊ ပြုံးချို၏အော်သံ။ ရှုံးပြတ်ကေ။ ရန်မျိုးသိန်း၏ အော်သံ။ အကြံ ဉာဏ်ကြီးလှသော ဘကြီးအောင်က ကွမ်းတမြုံ့မြုံ့စား၍ ခေါင်းတညိတ်ညိတ်လုပ်ကာ-
"ဒါသီချင်း ခြောက်ပုဒ်ဆိုပြီး ဖန်တီးထားတဲ့ ကေဆိုတော့ ..."

စကားကို ခေတ္တရပ်ကာ ကွမ်းတံတွေးကို ပြွတ်ခနဲထွေး၏။

အားလုံးက ဘကြီးအောင် မည်သို့အမည်ပေးမည်ကို ဝိုင်းဝန်းနားစွင့်ကာ ငြိမ်သက်သွား၏။ ထိုသောအခါ ဘကြီးအောင်က အသံဝါကြီးနှင့်-
"ခြောက်ပုဒ်ကေလို့ နာမည်ပေးရမယ်"
အားလုံးက သဘောကျကြသည်။

"ခြောက်ပုဒ်ကေနှင့် ကိုဇာကြီး"
ဟူ၍ ဝိုင်းဝန်းအော်ကြသည်။

ဤသို့နှင့် ခြောက်ပုဒ်ကေနှင့် စံ-ဇာဂျီဘို ဟူ၍ နာမည်တွင်လေတော့သတည်း။

ခြောက်ပုဒ်ကေမှသည် အချိန်ကာလ ရွေ့လျားသော် အတော်နားထောင်ရ ခက်ခဲသော အသံထွက်တစ်ခု ဖြစ်လာသည်။ ဤပညတ်ကြောင့်ပင်လား မသိ။ ထိုနေ့ ထိုအချိန်မှစ၍ ဆံပင်သည် ပြန်ပေါက်ခြင်းမရှိတော့။ ထားချင်သည်က ကျော်ဟိန်းစတိုင်လ်၊ ညှပ်ခံရသည်က ခြောက်ပုဒ်ကေ၊ နောက်ဆုံး၌ ချီးပူး (ထိုကာလ ခေါင်းတုံးမင်းသား)ကေနှင့် စံ-ဇာဂျီဘိုဘဝသို့ ကျရောက်လေတော့သတည်း။

ခြောက်ပုဒ်ကေသည် ထိုကာလ ထိုနေရာတွင် အလွန်ခေတ်စား၏။ တိုက်အသီးသီး၊ အဆောက်အအုံ အသီးသီးတွင် ခြောက်ပုဒ်ကေကို ညှပ်ကြ၏။ အထူးတိုက်မှ ပြည်သူချစ်သော ဟာသသရုပ်ဆောင် ဒါရိုက်တာ ကိုသူရ (ဇာဂနာ)သည်လည်း စံ-ဇာဂျီဘို၏ ခြောက်ပုဒ်ကေကို ဗလကြီးကို ခေါ်၍ ညှပ်၏။

ဤအကြောင်းကြောင့်ပင်လား မသိ။ ယနေ့ကာလတိုင် ဇာဂနာနှင့် စံ-ဇာဂျီဘိုတို့သည် သူနိုင်ငါနိုင် ဆံပင်ရှည်ပြိုင်ပွဲကြီးကို ခပ်ပြောင်ပြောင်ကြီး ဆင်နွှဲနေကြသတည်း။

*****



## လိပ်ကလေးနှင့် ကြက်ဆူဆီ

မြောက်လတ္တီတွဒ်၏ (၁၆)ဒီဂရီ (၅)မိနစ်နှင့် အရှေ့လောင်ဂျီတွဒ်၏ (၉၆)ဒီဂရီ (၇)မိနစ်တွင် 'မြေမထိ၊ နေမခ' တိုက်သားများ နေထိုင်ကြသောနေရာတွင် လွန်စွာအေးချမ်းသော ဆောင်းသို့ ရောက်၏။ စိတ်ညစ်ဖွယ်ရာ မိုးရာသီကား ကျော်လွန်ခဲ့ပြီ။

နွေအကုန် မိုးအကူးကာလ ပုရွက်ဆိတ်တို့ အုံလိုက်၊ ကျင်းလိုက် အသိုက်ပြောင်း၏။ အစာချိုမသော ပုရွက်ဆိတ်က ချိုမ၊ ဥချီ၍ ဟိုရွှေ့ သည်ရွှေ့ရွှေ့သော ပုရွက်ဆိတ်က ရွှေမြေကြီးပေါ်မှတဆင့် ဤခမ်းနားထည်ဝါလှသော မီးရောင်ထိန်လှသည့် အခန်းအတွင်း ညမမှောင်ခင်ပင် ဖွတ်အတင်း ဝင်ရောက်လာ၏။ အက်ကွဲနေသော သမံတလင်းအတွင်း အိမ်ဖွဲ့၏။

အမိုးပေါ်အထိ တက်၏။ မျက်နှာကြက်တွင် လမ်းလျှောက်၏။ အိပ်စက်နေသသောသူကိုပင် ချမ်းသာမပေး။ ကိုက်ဖဲ့၏။ ကျော်တတ်၏။ မိုးရွာသောအခါတွင် နှစ်ပေါင်း လွန်စွာကြာမြင့်လှပြီ ဖြစ်သော ခေါင်းမိုးမှ ယိုစီးကျ၍ မျက်နှာကြက်ပေါ်တွင် ရေအိုင်၏။ ရေကန်သဖွယ် တည်ရှိ၏။ မျက်နှာကြက်သည် အုတ်၊ ကွန်ကရစ်နှင့် သရိုးကိုင်ကာ အပေါ်မှ ကတ္တရာ ထပ်ဆင့် လောင်းထားသည့် ဗြိတိသျှကိုလိုနီခေတ်၏ လက်ရာဖြစ်သည်။ ပြုပြင်ခြင်းလည်း မရှိပေရာ ကတ္တရာသည်လည်း ကွဲအက်မျက်နှာကြက်မှ မိုးရွာသလို တစက်စက်ကျ၏။ သမံတလင်းတွင်

ရေအိုင်၏။ လေတိုက်ခတ်လျှင် တံခါးရွက်မရှိ။ သံတိုင်မှ မိုးများ ဒလဟောပက်၏။ ရှိသမျှ ပစ္စည်းစု အခန်းအတွင်း ဟိုပြေး ဒီပြေးလုပ်၊ သမံတလင်းပေါ် ရေလျှံက မတ်တတ်ရပ်နေရ၏။ အိပ်၍မရ။ ထိုင်၍မရ၊ မိုးမင်းတို့ ကျိန်ဆဲရသော နေ့ရက်ကို ကျော်လွန်ရပေရာ လွန်စွာပျော်၏။ မည်မျှအေးစေ၊ ပုဆိုးခြုံ မကျင်လှ နွားတံဆိပ်ဆေးပေါ့လိပ်ကို ဖွာ၊ ဆောင်းညကို ကြံ့ကြံ့ခံရသည်ကား စည်းစိမ်တစ်ပါးပေတည်း။

တစ်နေ့ထက်တစ်နေ့ ပိုအေးစက်လာ၏။ ခပ်ကြမ်းကြမ်းရက်ထားသော ဖျာကြမ်းသည်ကား နေသားရက်ကြာ လူးလွန့်ပါများ၍ လက်လက်ထ ပြောင်ချောနေ၏။ ဖျာထောင်ဖျာကြား၊ ဖျာဘေး၊ ဖျာအောက် ရက်ထားသော ဝါးကြားတွားသွားလူးလွန့် ပျော်ရွှင်စွာ နေထိုင်ကြသော ကြမ်းပိုးတို့သည် နေ့ခင်းကြောင်တောင်အခါတွင် ဖျာပေါ်မှဆင်း၍ နံရံသို့တက်ကာ ခရီးအခြေဆန့်ကာ ဟန်းနီးမွန်း ထွက်ကြ၏။

ပိုးဖလံတို့သည် မီးကိုတိုး၏။ ရှိရှိသမျှ ဖြူ၊ ဝါ၊ စိမ်း၊ နက်၊ အမှုန်အမွှား တောင်ပံပေါက်စနှင့် အခွံမာသတ္တဝါတို့သည် မီးပွင့်ရှိသောနေရာ၌ တရစ်ရစ်ဝဲ၏။ ပုရစ်လည်း လာ၏။ ဗီလားလည်းပါ၏။။ ဆောင်း၏ အအေးဒဏ်ကိုရှောင်၍ မီးလုံးရှိရာသို့လာကာ မီးပုံပွဲကျင်းပနေသော ပိုးဖလံတို့သည် အခန်းအတွင်း ဝါကြန့်ကြန့်မီးတွင် လာရောက် ကခုန်ကာ အောက်သို့ ပြုတ်ကျကုန်၏။ ကြမ်းပေါ်တွင် ဟိုပြေးသည်ပြေး ပြေး၏။ သူတို့၏ နှာခေါင်းထဲ၊ နားရွက်ထဲ ဝင်၏။ ဦးခေါင်းဆံပင်အတွင်း လူးလာဆန်ခတ် သွားလာလှုပ်ရှား၏။

အကျီကြို၊ အကျီကြား ဟိုဝင်သည်ဝင် စူးစမ်းကြကုန်၏။ အိပ်မပျော်၍ ထထိုင်ရင်း ကျလာသော ပုရစ်များ၊ ဗီလားများအား ဖမ်းကြ၏။ မီးဖုတ်၍ ချက်ချင်းစားက အရသာရှိ၏။ နံနက်မိုးသောက် အလင်းရောက်သော် ပြုတ်ကျ သေဆုံးနေသော ပိုးနံကောင်တို့၏ အနံ့စိမ်းရွှေရွှေအနံ့သည် တစ်ခန်းလုံးပျံ့နှံ့နေ၏။ ပိုးကောင်များသည် နို့ဆီဘူးနှစ်လုံးခန့်ရ၏။ ဆောင်းရာသီမှ သယ်ဆောင်လာသော ဖလံပိုးတို့၏ နှောင့်ယှက်မှုကြောင့် တစ်ညလုံး ငုတ်တုတ်။မိုးလင်းမှ အိပ်ရလေတော့သတည်း။

"ဂွတ်မောနင်း…"

အခန်း(၁)မှ ကိုအောင်ဒင်၏ အသံကိုကြားလေသော် ချမ်းလွန်း၍သော်လည်းကောင်း၊ ပိုးဖလံတို့၏ နှောက်ယှက်မှုကြောင့်သော်လည်းကောင်း မိုးလင်းခါနီးမှ အိပ်ပျော်သွားသော အခန်းအတွင်းမှ လူများနိုးထကြ၏။ လှုံ့ကျမည်စိုး၍ ဂရုတစိုက်ကိုင်ထားသော စဥ့်အင်တုံပက်လက်နှင့် ဆီးအပြည့် ကိုင်ကာ ခပ်ဖြည်းဖြည်း လမ်းလျှောက်ကာ အခန်းတိုင်းသို့ နှုတ်ဆက်သော ကိုအောင်ဒင်ကို ကြည့်၍-

"ဟာ… မိလ္လာတောင် ချနေပြီ၊ ဗုံးကြဲကြစို့"

ဟုဆိုကာ တိုက်တစ်ခုလုံးတွင် တဘူဘူ တဘွက်ဘွက် တဗျစ်ဗျစ်နှင့် အသံများထွက်၏။ တာလပေါနှံ့၊ ငါးပိ၊ ပဲ ဤသုံးမျိုးပေါင်းစပ်၍ ဝမ်းအတွင်း၌ အစာချက်၍ စွန့်ထုတ်ယူသော အစာဟောင်းတို့သည် အဆင်းလှ၏။ ဝင်းဝါ၏။ လိမ္မာရောင်ဘက် ခပ်သန်းသန်း၊ ကရဝိတ်မှ အိုက်စ်ခရင်အလား အခွေအခေါက် အနအရွနှင့် မာလည်းမမာ၊ ပျော့ပြဲပြဲလည်း မဟုတ်၊ အရည်တဗျစ်ဗျစ်လည်းမပါ၊ ခပ်ဖျော့ဖျော့ ပျစ်တွဲတွဲနှင့် သွားတိုက်ဆေးဘူးမှ ညှစ်ထုတ်လိုက်သော

သွားတိုက်ဆေးသဖွယ် အစားနည်းသူ၊ ဝမ်းချုပ်တတ်သူ ပြုံးဆချိုကဲ့သို့ သူ့အတွက် ငါးကျပ်သားခန့်နှင့် အစားပုတ်၍ တစ်နေ့ သုံးလေးခါစားသော ရန်မျိုးသိန်း (ရန်ကြီး)ကဲ့သို့သော ပုဂ္ဂိုလ်အတွက်ကား (၂၅)ကျပ်သားခန့် ထွက်လေ့ရှိ၏။ ကြည့်လျှင် လုပလင့်ကစား အနံ့အသက်သည်ကား ဝက်တို့၏ မစင်ထက်ပင် အနံ့ပြင်း၏။ တစ်တိုက်လုံး၌ ထိုအနံ့သည် နံနက်ခင်းတွင် ခပ်လှိုင်လှိုင် ထွက်နေ၏။ တိုက်၏ အထွက် အပြင်ဘက်တွင် သွား၍ ဆီးခွက်သွန်သော ကိုအောင်ဒင်ပင်လျှင် မိလ္လာခွက်ကို မြေကြီးဖြူးကာ ကြွပ်အိတ်များကို တုတ်ချောင်းထက်တွင် ထုံးထားသော မိတ်အင်ထောင်ထဲ ချေးခွက်ဆေးတုတ်နှင့် ဆေးကြောနေလေသည်။ ခဏကြာသော် အစာဟောင်းစွန့်ထားသည့် ခွက်ကိုကိုင်၍ တစ်ဖန် ဆင်းရပေဦးမည်။

"ဒီနေ့ တံခါးဖွင့်တာ ဘယ်သူလည်း"
ဟူ၍ ခပ်ကျယ်ကျယ်မေးသော ဘကြီးအောင်၏ အသံထွက်လာသည်။ ဘကြီးအောင်သည် အလွန်သရုပ်ဆောင်ကောင်းသည့် ရုပ်ရှင်မင်းသားကြီး ဖြစ်သည့်အပြင် နင်းတောင်ဘက်တွင် စွန့်စွန့်စားစား သွားရောက် ရိုက်ကူးခဲ့သော ရုပ်ရှင်ဒါရိုက်တာဖြစ်သည်။

"နေခြည်ဖြာလို့ နွေးနေပြီလား မင်းသားကြီး"
ရွှတ်နောက်နောက်ပြောသော ဦးချမ်းအေး(အဘချမ်း)(မောင်စူးစမ်း)၏ အသံကို ကြားရ၏။

"အေးလို့ခဲနေပြီထင်တယ်။ ဟိုဟာမထွက်၊ ဒီဟာမထွက် ခဲကုန်ပြီထင်တယ်"
ဘကြီးအောင်၏ အဖြေကို ကြားရ၏။ လူချင်းတွေ့ရသည် မဟုတ်။ တစ်ခန်းနှင့် တစ်ခန်း အော်ဟစ် ပြောဆိုနေကြခြင်းဖြစ်သည်။ ဆရာကျော်ဦးဟု တင့်ဆန်းက အခန်းအတွင်းမှ လှမ်းအော်၏။

"အေးအေးဆေးဆေးပေါ့"
ဟု တစ်တိုက်လုံးက သံပြိုင်အော်ကြသည်ကား သရက်ပင်၌ ခိုနားနေသော ကျီးကန်းတို့ လန့်ပျံကြ၏။ 'ဝါဒါ' ဆရာကျော်ဦးသည် လွန်စွာသဘောကောင်းသည်။ နှာခေါင်းအထက်၌ ဘုကြီးတစ်ခုရှိ၏။ ဘုကျော်ဦးဟူ၍လည်း ခေါ်ကြ၏။ ထိုခေတ်တွင် အမေရိကန်နိုင်ငံ၌ ဂျော့ဘွတ်ချ်ဟူသော သမ္မတဖြစ်နေသော ကာလနှင့် တိုက်ဆိုင်ပေရာ ဘုကျော်ဦးမှသည် ဂျော့ဘုဟူ၍ အမည်တွင်သူဖြစ်၏။ သဘောကောင်းလွန်း၍ အရစ်တစ်ရစ် တက်လိုက် ပြန်ပြုတ်လိုက်နှင့် ပခုံးထက်တွင် အ-က-စပြာနီ ကျားအရောင် ပုခုံးတံဆိပ်မှတစ်ပါး အရိုက်အရာမရှိ။
"ဆရာ မီးတစ်တို့"
ကိုမြအေး၏ ဆေးလိပ်မီးတောင်းသံ ထွက်လာ၏။ ဤနေရာတွင် ဆေးလိပ်သာရှိသည်။ မီးခြစ်မကိုင်ကြ။ ဂျော့ဘုကဲ့သို့သော သဘောကောင်းသော ဝန်ထမ်းနှင့် ကြုံမှသာလျှင် ဆေးလိပ်မီးရကြ၏။

"အောင်ဒင် ဖြေးဖြေးလုပ်ကွာ ဖုံးကြဲလို့ မပြီးသေးဘူး"
အခန်း(၃) မင်းဇေယျာ၏ အသံထွက်လာ၏။

"အေးဆေးပါ၊ ဟုတ်တယ် မဟုတ်လား ဆရာဘု"
ဟုပြောကာ ချက်ချင်း အခန်းတွင် မတက်သေးဘဲ ဟိုနားလမ်းလျှောက် သည်နားလမ်းလျှောက်နဲ့-
"ကဲ ဗိုလ်အောင်ဒင်ရယ်၊ ပြန်တက်ပြီး မိလ္လာခွက်ချပါဦး"

သော့တွဲကို ကိုင်ကာ ကိုအောင်ဒင်နောက် တကောက်ကောက်လိုက်ကာ ချော့၍ အခန်းသွင်းနေသော 'ဝါဒါ' ဆရာ ဂျော့ဘုကို အခန်းတိုင်းမှ-
"လာပါဦးဆရာ"
အခန်းတိုင်းမှ ဝိုင်းခေါ်ကာ အကြောင်းမရှိအကြောင်းရှာ ပြောသူကပြောနှင့် အချိန်ဆွဲကြကုန်၏။

"ဟား ဗန်ဒါရွက်ကုန်နေပြီ၊ ဟိုဘက်ခန်းက ဘယ်သူရှိလဲ၊ ဟိုဘက်ခန်းက ယူပေးပါဦး ဆရာရယ်၊ ဖွဲပြာလေးကုန်နေလို့၊ ဟိုဘက်ခန်းက နည်းနည်းလေး ယူပေးပါဦး"
ထိုဒေသတွင် ဝမ်းသွားသည်ကို ဗုံးကြဲသည်ဟုဆို၏။ မလ္လာခွက်အတွင်း ကြွပ်ကြွပ်အိတ်ကို ဖြန့်ခင်း၊ ၎င်းပေါ်တွင် ဖွဲပြာအနည်းငယ်ပုံ၊ ဖွဲပြာပေါ်တွင် မစင်စွန့်လိုက်၏။

"သင်၏ ချေးတုံး လူတိုင်းမုန်း ပြာဖုံးခဲ့ပါဦး"
ဟူသော တိုက်စကားနှင့်ညီစွာ စွန့်ထားသော မစင်ပေါ်၌ ဖွဲပြာကို ခပ်ထူထူ ပြန်ဖုံးရ၏။ အခန်းတိုင်း ဆီးခွက်နှင့် မိလ္လာခွက်ဟူ၍ အဝတစ်တောင်ခန့်၊ အမြင့်တစ်ထွာခန့် အင်တုံးနှစ်လုံး ပေး၏။ အရည်သတ်သတ်၊ အဖတ်သတ်သတ် သီးသန့်ခွဲ၏။ ဆီးအင်တုံးကို ရှေ့တွင်ချ၊ မစင်စွန့်သော အင်တုံးကို အနားတစ်ဖက် တစ်ချက်ပေါ်သို့ တက်ခွ၍ ရှေ့ဘက်ခွက်သို့ အရည်၊ အနောက်ဘက်ခွက်တင်အဖတ်၊ စနစ်တကျ သွားတတ်ကာမှ တန်ရုံကျသည်။ မိလ္လာခွက်အပေါ် မတက်တတ်က လွန်စွာ ဒုက္ခကြီး၏။ ထိုင်ရမလို၊ ထရမလိုပုံသဏ္ဌာန်နှင့် အနောက်ဘက်သွားလိုက်၊ အရှေ့ဘက်သွားလိုက် အလွန်ခက်ခဲလှ၏။ ကြွေအင်တုံးပေါ်တွင် မတက်တတ်က ချော်ကျ၊ အင်တုံးမှောက်၊ မစင်များ ပြန့်ကျဲသွားတတ်သည်။

ကိစ္စပြီးက သုံးစွဲရန် ရေမရှိ။ အခန်းအပြင်တွင် သံတိုင်မှ နှိုက်ယူနိုင်သော နေရာ၌ ရေအိုးတစ်လုံးရှိ၏။ ၎င်းရေအိုးသည် သောက်သုံးရန်နှင့် မျက်နှာသစ်ရန် ဖြစ်သည်။ ရေအိုးကို အခန်းအတွင်း လုံးဝထားခွင့်မရှိ။ ရေသောက်သောအခါ သံတိုင်ကြား လက်နစ်ဖက်ထွက်၍ လက်တစ်ဖက်နှင့် အဖုံးကိုမ၊ တစ်ဖက်နှင့် ရေခပ်၊ လက်ပြန်လျှိုသွင်း၊ ရေသောက်ခွက်ပြန်ထား။ ဤကား ပြဿနာမရှိ။ မျက်နှာသစ်သောအခါတွင် မျက်နှာက သံတိုင်အတွင်းဘက်၊ လက်နစ်ဖက်က အပြင်ထွက်၍ လက်ဝါးပေါ်ရေလောင်းလိုက် ရေစိုလက်နှင့် မျက်နှာကို ပွတ်ရ၏။

ဤဒေသတွင် စက္ကူမရှိ။ ကိစ္စပြီးသောအခါ ရေမသုံးရ။ စက္ကူလည်း မသုံးရ။ ဗန်ဒါရွက်ကို သုံး၏။

### *အကျဉ်း စောင်နှင့် တုတ်တစ်ချောင်း*

'ပုံစံ' ဟူသော အသံသည် အဝင်ဝမှ အသံကြားရ၏။ တစ်ယောက်တစ်ပေါက် ဆူညံနေသော အသံများ ရုတ်တရက် ငြိမ်သက်သွားသည်။ ဝါဒါ ကိုကျော်ဦးသည် ဟိုပြေး ဒီပြေး လုပ်နေသော ကိုအောင်ဒင်ကို လိုက်ဆွဲခြင်း မပြုနိုင်တော့။ တိုက်ဝင်းအဝင်ဝသို့ ပြေးထွက်ကာ သတိအနေအထားနှင့် အပေါက်ဝတွင်ရပ်၏။ လမ်းသလားနေသော ကိုအောင်ဒင်သည်လည်း

အခန်းအတွင်းသို့ ဝင်ချိန်မရ။ ရေချိုးသော ရေကန်ကြီးသို့ ပြေးကာ ပုံစံထိုင်၏။ မိလ္လာချောင်း၌ ပုံးကြဲနေသူ အားလုံးလည်း အခန်းအတွင်း သံတိုင်တံခါးရှေ့မှောက် ပုံစံထိုင်ရ၏။ ပုံစံထိုင်သော အနေအထားသည်ကား တင်ပျဉ်ခွေထိုင်၍ ကျောကို မတ်မတ်ထားကာ လက်သီးဆုပ်၍ လက်တို့ကိုဆန့်ကာ ဒူးနှစ်ဖက်ပေါ်တင်၍ ထိုင်ရ၏။ အုပ်ချုပ်သူ အကြီးအကဲ တစ်စုံတစ်ဦးလာလျှင် ငြိမ်သက်စွာထိုင်၍ အစစ်ဆေးခံရသည့် အနေအထား ဖြစ်သည်။

"တောက် စောစောစီးစီး တလာစီပြီထင်တယ်"
အချိန်မဟုတ် အခါမဟုတ်။

ကိုတင်ဆန်းမှ တဖျစ်တောက်တောက် ပြောနေသံကိုကြားရသည်။ 'တလာစီ' သည်ဟူသည်ကား လူကိုယ်ပေါ်၌လည်းကောင်း၊ အခန်းတစ်ခုအတွင်း၌လည်းကောင်း မွှေနှောက်ရှာဖွေ၍ မီးခြစ်မှအစ တရားမဝင်သွင်းထား၊ ကိုင်ဆောင်ထားသော ဓား၊ ခွက် တို့ကို ရှာဖွေခြင်းဖြစ်သည်။ 'ထိုင်ထား' အံမယ် အသံခပ်ဆွဲဆွဲနှင့် ထိုင်ထားရန် အနေအထားကို အော်ဟစ်သံကြားသောအခါ အားလုံး စိတ်သက်သာရာ ရသွားသည်။ ဤတိုက်တွင် ဝါဒါကိုကျော်ဦး၏ အထာစကားဖြင့် အော်ခြင်းဖြစ်သည်။ ထိုင်ထားမည်ဆိုက ပုံစံထိုင်သကဲ့သို့ ခေါင်းငုံ့စရာမလိုဘဲ ခပ်မတ်မတ်ထိုင်ရန် ဖြစ်သည်။ ပြဿနာမရှိသည့် အနေအထားကို ထိုင်ထားနှင့် မယ်အကြားတွင် အသံပေး၍ အော်ခြင်းဖြစ်သည်။ ထောင်မှူးဦးသာမြိုင်သည် တန်းစီးစိုးမြတ်၊ တန်းစီးစာရေး မာမီ၊ အောင်နိုင်၊ ဘုတ်ကိုင် အရှည်ကြီးတို့ ခြံရံကာ နောက်ပါအားဖြင့် "အမြဲဆင်း" နှင့် "ဘောက်ဆင်း" အကျဉ်းသားများက အထုပ်အပိုးများကို သယ်ဆောင်၍ ရောက်လာကြသည်။

"ကဲ... ဆောင်းတွင်းရောက်ပြီ။ ပုံစံအကျႌတစ်စုံနှင့် ပုံစံစောင်တွေ ဝေမယ်။ ကျန်းမာရေးအတွက် အထူးအစီအစဉ်အနေနဲ့ ဝါးခြားပြားလည်းရမယ်"

ပုံစံအကျႌ၊ ပုံစံစောင်တို့ကို ရမည်ဆိုသောအခါ အားလုံးလှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ထို့နောက် ပျော်ရွှင်စွာအသံထွက်၍ 'ဝေးခန်' အော်ဟစ်ကြသည်။

"ကဲ... ကိုအောင်ဒင်၊ ခင်ဗျားက စယူ"
ဦးသာမြိုင်က အပြင်တွင်ရှိသော ကိုအောင်ဒင်ကို စပေး၏။ ပုံစံအကျႌသည် စပို့ရှပ်ပုံဖြစ်၏။ လက်တိုဖြစ်သည်။ အနောက်တိုင်းသားများ အကြိုက် ချည်ထည်ခပ်ကြမ်းကြမ်းနှင့် ချုပ်ထားသည်။ ပုဆိုးသည်လည်း ချည်ကြမ်းအဖြူနှင့် ရက်လုပ်ထားခြင်းဖြစ်သည်။ စောင်သည်ကား အစိုးရ စောင်စက်မှ ဝါဂွမ်းနှင့် ထုတ်လုပ်သော စောင်ဖြစ်သည်။ ပြင်ပလောကတွင် ဘာဘူစောင်ဟု လူသိများသည်။ ဝါးခြမ်းပြားသည်ကား အလျား တစ်ထွာ၊ အနံလက်နှစ်လုံးဖြစ်၏။ အနားစောင်း ခပ်ရှုရှုဖြစ်သည်။

"ဆရာ၊ ဒီဝါးပြားက ဘာလုပ်ဖို့လဲ" ဟုကိုအောင်ဒင်က မေးလေသော် တုတ်ခနောင်းလေ။ တပိုတပါးသွားပြီးရင် ဒီတုတ်နဲ့ သန့်ရှင်းရေးလုပ်။ ဆရာတစ်ချောင်းတည်း ဘယ်လောက်မလဲ။ သုံးပြီး ရေဆေး အခြောက်ခံထားပြီး ပြန်သုံး။ တစ်ခါသုံးပစ္စည်း မဟုတ်ဘူးဟုဆိုသော ထောင်မှူး ဦးသာမြိုင်၏ စကားကို ကြားလေသော် ဝမ်းသာရအခက်၊ ဝမ်းနည်းရ အခက်ဖြစ်သည်။

မည်သို့ဆိုစေ၊ ထိုနေ့တွင် ထိုတုတ်ကို မည်သို့သုံးစွဲရမည်ကို အားလုံး ဝိုင်းဝန်းစဉ်းစားကြ၏။ အတတ်ပညာစုံသည့် ဘကြီးအောင် (ရုပ်ရှင်မင်းသား ဦးအောင်လွင်)က တုတ်တစ်ချောင်း ကိုင်တွယ်နည်း သင်တန်းပေး၏။ အားလုံး၏ ရှေ့တွင်ဒုတ်တုတ်ထိုင်၍ ဒါရိုက်တာမင်းသားကြီးပီပီ အိုက်တင်အပြည့်နှင့် ဟောဒီလို ဘယ်ဘက်လက်နဲ့ကိုင်၊ ပေါင်နှစ်ဖက် ကြားက တုတ်ကိုလျှိုသွင်း၊ ညာဘက်လက်ကို နောက်မှ လျှိုသွင်းထား၍ တုတ်ကိုကိုင်၊ ဘယ်ဘက်ကို တစ်ခါဆွဲ၊ ညာဘက်ကိုတစ်ခါဆွဲ၊ ဤသို့ သင်တန်းပေးသော် တစ်ယောက် တစ်ပေါက် ထပ်ပြပါဦးဆိုသူဆို၊ လက်တွေ့စမ်းသူစမ်းနှင့် တစ်နေ့တာ တုတ်ခနောင်း လေ့ကျင့်ခန်းကို လေ့ကျင့်ကြကုန်၏။ ပိုးကောင်များ မီးလုံးမှတစ်ဆင့် ကျကြောင်း သတင်းပို့ထားပြီးဖြစ်ရာ နေ့ခင်းတွင် တန်းစီးနှင့် အမြဲဆင်းများက အခန်းတိုင်း၏ မီးလုံးအောက်ခြေတွင် ကြွပ်ကြွပ်အိတ်ကြီးတစ်ခု မီးလုံးထိပ်ဖျားတွင် ခပ်ဟဟ သွတ်၍ ချိတ်ဆွဲပေးသွားသည်။ လွန်စွာအိပ်စက်၍ ကောင်းသော ညတစ်ညအား နွေးထွေးသော စောင်ကိုခြုံ၍ ဖြတ်သန်းခဲ့ရသည်။ ပိုးနံ့ကောင်တို့သည်လည်း ကြမ်းသို့ကျမလာတော့ဘဲ ကြွပ်ကြွပ်အိတ်ထဲ ဒိုင်ဗင်ထိုးဆင်းကြ၏။ ပိုးကောင်များသည် ကြွပ်ကြွပ်အိတ်ထဲတွင် တကျိုးကျိုး တကြွပ်ကြွပ်မြည်နေသည့်အသံမှာ သာယာလှပါဘိ။ ဤသို့နှင့် ရက်အတန်ကြာလေသော်...

## သွေးစွန်းသော ဘကြီးအောင်

"ဟာ... ဘကြီးအောင် ရာသီလာနေတယ်"

အလွန်အစအနောက် သန်လှသော ရန်ကြီး (ရန်မျိုးသိန်း)၏ တီးတိုးသတင်းဖြန့်မှုသည် နေထိုင်ရာဒေသတစ်ခုလုံး၌ ချက်ချင်းပျံ့နှံ့သွားသည်။ မင်းသားကြီး ဦးအောင်လွင်သည် ရေချိုးကန်တွင် စောင်အသစ်ကြီးကို တပိုင်းပိုင်း ရိုက်လျှော်နေသည်။ တင့်ဆန်းနှင့် ပြုံးချိုတို့မှာ အဖော်ပြုကူညီကြသည်။ ဘကြီးအောင်၏ ပုံစံ ပုဆိုးဖြူ၏ ဖင်နောက်ပိုင်းတွင် သွေးများ အကွက်လိုက်။ ဘကြီးအောင်သည် မျက်တွင်းဟောက်ပက်နှင့် နားထင်ချိုင့်နေ၏။ အသံပင် မထွက်နိုင်။

"ဘကြီးအောင် နားနေ၊ ဆေးမှုးခေါ်ပေးမယ်"

အားလုံးက ကူညီပေးရင်း ဘကြီးအောင်အား မေးမြန်း၍ အကြောင်းစုံ သိလေသော် စနောက်နေသော မျက်နှာများ ပြောင်းသွား၏။ စိုးရိမ်လာ၏။ သွေးထွက်မရပ်။ ထောင်မှုးအား သတင်းပို့၍ ဆေးမှုးထံသို့ပို့၏။ အနာရှသော တုတ်ချောင်းကို တုတ်ခနောင်းသုံးရာမှ လိပ်ခေါင်းကို တုတ်ခနောင်းထိကာ သွေးဖြန်းဖြန်းကျသည် ဟုဆို၏။ တစ်နေ့ထက်တစ်နေ့ ပို၍ဆိုးလာသည်။ ဆေးမှုး ကိုမင်းဝေသည် လွန်စွာ စိတ်ရှည်လှသည်။ စနစ်တကျ ဆေးထည့်ပေးသည်။ သောက်ဆေး တို့ကိုလည်း ပေးသည်။ ထောင်ဆရာဝန်ကြီး ရောက်ရှိလာပြီး ဆက်တိုက် ကြက်ဆူဆီကို သောက်ရန် စီစဉ်သည်။ ရက်ပိုင်း အတွင်း ကျန်းမာရေး ပြန်ကောင်းလာသည်။ ကြက်ဆူဆီကို ပုလင်းလိုက်ရ၏။ လိုတိုင်းမှာ၍ရ၏။

## လိပ်ကလေးနှင့် ကြက်ဆူဆီ

ဤကာလမှ လွန်မြောက်၍ သက္ကရာဇ် ၂၀၀၀-ကျော်၌ မြန်မာနိုင်ငံ၌ ခေတ်စားလာမည့် ကြက်ဆူဆီသည်ကား ၁၉၈၉-ခုနှစ်ကတည်းက ဤဒေသတွင် မြိုင်မြိုင်ကြီး သုံးစွဲခဲ့ဖူးသည်။

ဆောင်းတွင်းကာလဖြစ်ပေရာ စိုက်ခင်းတောင်ယာများတွင် ဟင်းသီးဟင်းရွက်များ စုံလင်လှ၏။ အော်ဂဲနစ်ဓာတ်ပဟုခေါ်သော လူခန္ဓာကိုယ်၏ အစာအိမ်နှင့် ကျောက်ကပ်တို့မှ စွန့်ပစ်သည့် ပစ္စည်းများကို စနစ်တကျ ရောယှက်၍ မြေသြဇာကျွေး စိုက်ပျိုးခြင်းဖြစ်ပေရာ အပင်တို့သည် ထူးခြားသောရနံ့နှင့် ဖွံ့ဖြိုးကာ နုပျိုလတ်ဆတ်လှ၏။ ၎င်းအရွက်တို့ကို ယှဉ်စေ၍ အသုပ်မျိုးစုံ စီစဉ်သူကား ဘကြီးအောင်တည်း။ ကြက်ဆူဆီနှင့် သုပ်လေသော် မကောင်းသော အနံ့ဆိုးဖြစ်သော မစင်နံ့၊ ဆီးနံ့တို့နှင့် ပေါင်းသော် ထူးခြားသော ရနံ့ထွက်၏။ အော်ဂဲနစ် ကြက်ဆူသုပ်ဟု အမည်ပေး၏။

ဤဒေသကို မကြာမကြာဝင်ထွက်ပြီး နေသားကျနေသော ဦးမန်ဒါဝိတ်သည် ပုရစ်ကြော်ကြော်ရန် ကြံစည်သည်။ ကြွပ်ကြွပ်အိတ်တို့ကိုသုံး၍ လောင်စာလုပ်သည်။ ရေချိုးကန်နံဘေးမှ ရွှံ့ကိုယူ၍ မီးဖိုလုပ်ကာ အကြော်ကြော်ရန် စီစဉ်လေတော့သည်။ အောင်ဒင် မင်းက ဒီဘက်တံခါးဝ ထိပ်ဘက်ကို စောင့်၊ အပြင်ကိုကြည့်၊ တစ်ယောက်ယောက်လာရင်-
"စာဥရေ ငါအရောက်လာခဲ့မှာ"
လို့အော်။ ကိုအောင်ဒင် အခန်းမှကြည့်လျှင် လာလမ်းကို လှမ်းမြင်ရသောကြောင့် ဖြစ်သည်။ ဤသို့ဖြင့် ညတွင် ကျလာသော ပုရစ်တို့ကိုဖမ်း၏။ ပုရစ်တောင်တို့ကို ဖယ်၏။ ဝမ်းအတွင်းမှ ချေးများကိုဖယ်၏။ ခြေထောက်များဖြတ်ရန် ဓားမရှိ။ ကတ်ကြေးလည်းမရှိ။

"အဘမန်း ပိုးဟပ်လည်း စားကောင်းမှာပဲ"
ဟုအစားသောင်းကျန်းသော ရန်ကြီးကဆို၏။

"အေး... ကောင်းမှာပဲ ဒါပေမယ့် ပိန်လွန်းတော့ မဖမ်းနဲ့"
မီးဖို၍ ကြက်ဆူဆီနှင့် ပုရစ်တို့ကိုကြော်ကာ စားကြ၏။ ဗီလားကိုလည်း ဖုတ်ကင်ခြင်း၊ ကြော်ခြင်းများပြု၏။ ဦးမန်ဒါဝိတ်၏ အကြော်ဆိုင်သည် နားရခြင်းမရှိ။ ယားလိုက်တာဟုဆိုကာ တဗျင်းဗျင်း ကုတ်ရင်း ဦးအောင်လွင်က ပြော၏။ စကားမပြောနိုင်ဘဲ ပြုံးချိုသည် တစ်ကိုယ်လုံး အနီစက်များဖြင့်။ ကုတ်ထားသောအနာများသည် မြင်ဝံ့စရာမရှိ။ ဒီမှာတော့ ယားကုန်ပြီ။ ဟိုဘက်ရော တစ်ကိုယ်လုံး အနီစက်အနီကွက်များပေါ်ကာ ယားယံနေကြ၏။ ပုရစ်ကြော်၊ ဗီလားကြော်နှင့် ကြက်ဆူဆီတို့ ပေါင်းစည်းခြင်းမှ ဖြစ်ပေါ်သော အလာဂျီပေတည်း။

'ပုံစံ' အားလုံးထိုင်နေကြ၏။ သို့သော် အငြိမ်မနေနိုင် တရွရွဖြစ်နေကြ၏။ ထောင်ပိုင်တန်းစီနေ့ ဖြစ်သည်။ ထောင်ပိုင်ကြီးနှင့်တကွ အားလုံးသော အရာရှိများ လိုက်လံစစ်ဆေးခြင်းဖြစ်သည်။

"ဟာ ဒေါက်တာမောင်မောင်ကျော်၊ ခင်ဗျား ဘယ်လိုဖြစ်တာလဲ၊ တစ်ကိုယ်လုံး အဖုတွေနဲ့ပါလား။ ဟာ ဦးချမ်းအေး မျက်နှာတစ်ခုလုံးမှာလည်း အဖုတွေ အပိန့်တွေနဲ့ပါလား၊ ဦးမန်ဒါဝိတ် ဘယ်လိုဖြစ်တာလဲ"

တစ်ကိုယ်လုံးမည်းနေအောင် ကုတ်ထားတာ။ လူကြီးလူငယ်အားလုံး အဖုအပိန့် ကိုယ်စီနှင့် အားလုံးက နှုတ်ပိတ်နေ၏။

"ကဲ ကိုသာမြိုင် ခင်ဗျား ဘာတွေ ကျွေးလို့လဲ"
တာဝန်ခံ ဦးသာမြိုင်သည် ဘာပြောရမှန်းမသိ။ ထောင်ပိုင်ကြီး ဆူသမျှ ခေါင်းငုံ့ခံရသည်။ အားလုံးကိုထုတ်၍ သန့်ရှင်းရေးပြုရန် စီစဉ်တော့သတည်း။

အခန်းထုံးသုတ်၊ ဖျာကြမ်းခင်းပေး၍ အားလုံးသော သူတို့အား ဆေးရုံသို့ ပို့လေသည်။ ဆေးရုံစားပုံစံကို စတင်ရ၏။ နို့၊ သကြား၊ ပေါင်မုန့်၊ ချဉ်ပေါင်ဟင်း၊ ကြက်သား၊ ဝက်သား၊ အမဲသား၊ ကြက်ဥ၊ ကြက်စွပ် အလွန်မြိုင်လှသော ဆေးရုံစာကို ထူးကဲစွာ ပုံစံအား နေ့စဉ်စားရပေတော့သည်။

ထူးခြားစွာ ကျေးဇူးတင်ပါတယ် လိပ်ကလေး။ ဦးအောင်လွင်ထံတွင် ထာဝရ နေနိုင်ပါစေ။ သူတော်ကောင်းများ ဆုတောင်းဖြစ်လေရာ တောင့်တတိုင်းပြည့်စုံသည် ဖြစ်ရကား ဦးအောင်လွင်တွင် လိပ်ခေါင်းမပျောက်တော့။ လမ်းလျှောက်လျှင် ကွတ၊ ကွတ၊ ထိုင်လျှင် ထကြွကြွ။ မကြာခဏဆိုသလို လိပ်ခေါင်းရှိရာ လက်နှင့်စမ်း၏။ ယနေ့ထက်တိုင် ရပ်မြင်သံကြား ဖန်သားတွင်ကြည့်က သိနိုင်သည်။ လမ်းလျှောက်လျှင် ကွတ ကွတ ထိုင်လျှင် ခပ်စောင်းစောင်း၊ ဟိုစမ်း ဒီစမ်းဖြစ်နေသည်ကို အထင်အရှား တွေ့ရပေမည်။ ယခုနှစ်ဆိုလျှင် ဤလိပ်ကလေးသည် ဦးအောင်လွင်ထံတွင် နေခဲ့သည်မှာ နှစ်ပေါင်း ၂၃-နှစ်ကျော်အောင် ကြာမြင့်ခဲ့လေသတည်း။

*****



## မောရသုတ်နှင့် ဂျင်းသုပ်

ပြာတွင် တင့်တယ်သော တနင်္ဂနွေနေ့ ဖြစ်သည်။ အဆောင်(၁)ဘက် ညောင်ပင်အိုမှ ဥဩငှက်တွင် ကျူးသံကား သာယာလှပေသည်။ လှိုင်မြစ်အတွင်း ခုတ်မောင်းသွားလာသည့် မော်တော်ဘုတ်တို့၏ စက်သံသည် လေအဟုန့်တွင် တစ်ရံတစ်ခါ သဲ့သဲ့ကြားရ၏။ ဒီဇယ်ရထား၏ ဥဩသံနှင့်တကွ ခုတ်မောင်းသံသည်ကား ရင်ကို ဆွဲမြည့်စေသည်။ အသံကျယ်လောင်စွာနှင့် ကောင်းကင်မှ ဖြတ်သန်းသော ဂျက်လေယာဉ်ပျံတို့သည်လည်း အခါတိုင်းထက်ပို၍ မြေပြင်နှင့်နီးသည်ထင်။ (၃)တိုက်၏ နံဘေးခပ်မြင့်မြင့် ကာရံထားသော နံရံတစ်ဖက်တွင် မိန်းမအချုပ်ထောင်ရှိ၏။

မိန်းမတို့မည်သည် ရေချိုးသောအခါတွင်လည်းကောင်း၊ အဝတ်လျှော်သောအခါတွင်လည်းကောင်း သီချင်းဆိုလေ့ ရှိသည်ထင့်။ နံရံနံဘေး ကြိုးစင်အနီးအပါး၌ သူမတို့၏ ရေချိုးကန်ရှိ၏။ ခပ်စွာစွာအသံ 'ခပ်တစ်ခွက်၊ ခပ်တစ်ခွက်' ဟူ၍ အချက်ပေးသံ၊ တန်းစီးမများ၏ 'ထိုင်ထားမယ်၊ ပုံစံ' စသည်ဖြင့် အချုပ်ကျသော အမျိုးသမီးများကို ရေချိုးကြခြင်း ပြုသံကိုတို့ကို သံပြိုင်သီဆိုကျူးကြ၏။ အဆိုတော် မေခလာ၏ သီချင်းကို အတော်နှစ်သက် ပုံရ၏။

'ဂိုး၊ ဂိုး၊ ဂိုး ဂိုးသွင်းကောင်းတဲ့ ကိုကို'
ဤသီချင်းကို အားရပါးရ ဆိုကြ၏။ ခိုးခိုးခစ်ခစ် ရယ်မောကြ၏။

(၁)တိုက်မှသူများ၊ (၂)တိုက်မှ ကြိုးသမားများနှင့် (၃)တိုက်၊ (၄)တိုက်တို့မှ အကျဉ်းသား အားလုံးတို့သည် လူကိုမမြင်ရဘဲ အသံသာကြားရသည့် အမျိုးသမီးတို့အား စိတ်ကူးတွင် ပုံဖော်၍ ကြည်ကြည်နူးနူး နားဆင်ကာ နွားမကျင်လှဆေးပေါ့လိပ်ကို ဖိကာဖိကာ ဖွာသောက်ကြကုန်၏။

ထိုသို့ကြည်နူးနေစဉ် 'ဒီနေ့ ချင်းသုပ်စားကြမယ်' အခန်း(၁၃)မှ ဆရာခ၏ ကြွေးကြော်သံသည် (၃)တိုက်ရှိ အခန်းတစ်ခုမှ တစ်ခုသို့ နံရံကိုကျော်၍ အသံကိုအော်၍ အဆင့်ဆင့် သတင်းပို့လေသော် အခန်း (၄)မှ ရုပ်ရှင်မင်းသားဦးအောင်လွင်က အသံဝါကြီးဖြင့် အသံဝါကြီး 'ဘဲရီးဂွတ်' ဟူ၍ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်၏။

အကြောင်းအပြန်အလှန် အော်ဟစ်ပြောဆိုနေသည်ကို တိုက်(၄)မှ အရိုင်းက ကြားလေသော်-
"ဒီဘက်ကိုလည်း ပို့ဦး၊ ဒီနေ့ ချင်းသုပ်စားပွဲမှာ Presenter ပရင်စင်တာ လုပ်မယ်"
ဟူ၍ အော်၏။

"အပြင်ရောက်မှ ပရင်စင်တာလုပ်၊ အခုတော့ Prisoner ပရီးစဲင်နာပဲလုပ်"
ဟူ၍ သူနှင့် အတူနေ အဘဦးတော်ဘုရားလေး၏ မာန်မဲကြိမ်းမောင်းသံကို ကြားရ၏။

## ချင်းသုပ်ဆရာကြီး မင်းသိခ်

အဘဆရာကြီး ဒေါက်တာမင်းသိခ် (Ph.d) ဟူ၍ ယခုကာလ လူသိများသော ကွန်လွန်သူ ဗေဒင်ဆရာကြီး တစ်ဦးလည်းဖြစ်၊ နိုင်ငံရေးသမားကြီးတစ်ဦးဖြစ်သော ဆရာကြီးမင်းသိခ်ကို အားလုံးက (ဆရာခ) (ဗိုလ်ခ)ဟူ၍ ချစ်စနိုးခေါ်ကြသည်။ တစ်ပါးသူတို့က နွားတံဆိပ် သနပ်မကျင်လှ ဆေးပေါ့လိပ်ကို ဖင်စီခံလောင်သည်အထိ ရှားရှားပါးပါး သောက်သုံးရနေချိန်တွင် ဒူးယားဆေးလိပ်ကို လက်ဖျားကမချ။ ဒူးယားခေတ်ကုန်သော် ဇင်းဇင်းဆေးလိပ်ကို သောက်၏။

ဇင်းဇင်းခေတ်ကုန်သော် မွန်ထရီ၊ မွန်ထရီခေတ်ကုန်သော် လက်ကီးစတိုက်၊ နောက်ဆုံးတွင်ကား ဤသို့ စီးကရက်မျိုးကို မသောက်သုံးတော့။ ထောင်တွင်း၌ (ထရစ်ပယ် 5)မည်သော (555) စီးကရက်ကို သောက်သုံးသည်။ ဂက်စ်မီးခြစ်ကိုလည်း ပေါ်ပေါ်ထင်ထင် ကိုင်ခွင့်ရသူဖြစ်သည်။ စင်စစ်တွင် ထိုဒေသ၌ နွားတံဆိပ်၊ သနပ်ပင်မကျင်လှ ဆေးလိပ်မှတစ်ပါး အခြားသော ဆေးလိပ်၊ စီးကရက်တို့ကို သောက်ခွင့်၊ သုံးခွင့်လုံးဝမရှိ။ မီးခြစ်ကိုင်ခွင့် မရှိ။

ဆရာခအတွက်က 'အာပေး ဆာပေး' ဤစကားသည်ကား ထိုကာလ ထောင်တွင်းဗန်းစကား 'အေးအေးဆေးဆေးပါ' ဟူသော စကားဖြစ်၏။ လွန်စွာ ဘုန်းတန်ခိုးကြီးသည်။ ပြောမည့် ဆိုမည့်သူဟူ၍မရှိ။ ဝါဒါကိုပင် ကုန်းပိုးစီး၍ ရေချိုးဆင်းသူဖြစ်သည်။

ဆရာခသည် စကားပြောကောင်း၏။ ဗဟုသုတကြွယ်၏။ စာရွက်ပေါ်တွင်မက ပါးစပ်နှင့်ပင် ဝတ္ထုရေးနိုင်စွမ်း ရှိ၏။ အလံနီသခင်စိုးက ပြန်ဆိုသော 'ကားလ်မာခ်စ်'၏ အရင်းကျမ်း 'ဒတ်စ်ကာပီတယ်လ်' (Das-capital)ကို အာဂုံဆောင်သူဖြစ်သည်။ ဗေဒင်တတ်၏။

ရေကသိုဏ်းအတတ်ကို ထောင်တွင်း၌ အောင်မြင်၏။ ရေခွက်တွင် ဖြည့်ထားသောရေကို ကြည့်၍ ထောင်ဝင်စာ လာတွေ့သောသူသည် ဘာအရောင်ဝတ်လာသည်၊ အဘယ်သို့သော ပစ္စည်း ယူဆောင်လာသည်၊ မည်သို့သော အစားအသောက်ပါသည်ကို အတပ်ဟောနိုင်သည်သာမက အိမ်တွင် မင်္ဂလာဆောင်ရှိသည်၊ ကြမ်းကျိုးနေသည်မှအစ ပြောနိုင်စွမ်း ရှိသည်။ ထိုထက်မက မျက်လှည့်အတတ်ကို မော်ဆရာတစ်ဦးအလား တတ်ကျွမ်းသည်။ စိတ်ညှို့တတ်သည်။ ထိုအတတ်တို့ထက် သာလွန်၍ ပြောစမှတ်ပြုရသော အတတ်ပညာသည်ကား ချင်းသုပ်၊ လက်ဖက်သုပ်တို့ကို အရသာထူးကဲအောင် သုပ်တတ်တတ်ခြင်းပေတည်း။

## ရေနွေးခါး

ကမ္ဘာမြေပေါ်တွင် အင်းစိန်၊ ပေါက်တောဝ၌ရှိသော ဤနေရာတစ်ခုတွင်သာ ရရှိနိုင်သော အစားအသောက်အချို့ရှိကုန်၏။

ခေါင်းနှင့် အမြီးသာရှိ ဝမ်းဗိုက်မပါသော ငါးကို အကြေးခွံမခွာဘဲ ကြော်သော ငါးကြော်၊ အသားမပါ အရိုးနှင့် အရွက်သာပါသော အမဲသားရေလုံပြုတ်၊ အမွေးမနုတ်အခေါက်နှင့် အဆီ တွဲပါသော ဝက်မှင်ဘီး ဝက်သားတုံးပြုတ်၊ ပဲကို အရွယ်တူ ကျောက်ခဲအနည်းငယ် ရောစ၍ပြုတ်ကာ မကျက်တကျက် ရေနွေးလောင်း၍ ဝါးခြမ်းပြားနှင့် မွှေနှောက်ကာ ငရုတ်သီး၊ ကြက်သွန်ဆီသတ်ကို ရေပေါ်ဆီအဖြစ် ဆမ်းကာ တည်ခင်းကျွေးမွေးသော ပဲဟင်းချို စားပြီးလျှင် တစ်ကိုယ်လုံး ယားယံကုတ်ဖွဲ့ ဝဲဖြစ်စေသော မကျက်တကျက် ငါးပိဖုတ်။ ချိုချဉ်ဖန်ခါး အရသာအနည်းငယ်စီသာ ပေါ်စေရန်အလို့ငှာ ရှိရှိသမျှ အရွက်၊ အရိုးမှန်သမျှ တောက်တောက်စဉ်းကာ တီကောင်၊ ခရုပါမကျန် တစ်စစီချိုးဖွဲ့ကာ ကျနစွာ စီမံချက်ပြုတ်ထားသော မြစ်မ်းရည် တလပေါဟင်းလျာ၊ စပါးလုံးဆန်ကွဲ၊ ကျောက်ကြမ်းအနည်းငယ် ရော၍ စည်ပိုင်းပြတ်တွင် ဂုန်နီအိတ်ခင်း၍ ရေနွေးငွေ့ ခံထားကာ အနနပေါင်းထားသော မကျက်တကျက် ထမင်းပေါင်းရှယ်၊ ဝါးလျှင်မာ၊ မျိုလျှင် နင်သည့် စပါယ်ရှယ် ထမင်းပေါင်း ဤသို့သော ထူးထူးထွေထွေ အမည်စုံလှသော စားဖွယ်တို့ထက် ပိုကဲ၍ အားလုံးက နှစ်သက်အားပေးကြသည်ကား "ရေနွေးခါး"။

ရှေးဗြိတိသျှမျက်နှာဖြူတို့၏ Jail manual အရ ထောင်တွင်းအကျဉ်းသားများအား တစ်ပတ်လျှင် တစ်ရက် Tea လက်ဖက်ရည်တိုက်ရမည်ဟု ဆို၏။ အင်္ဂလိပ်တို့၏ ကျေးကျွန်ဘဝကျရောက်စဉ်က ဖြစ်၏။ ကျွန်ခေတ်ကို လွန်မြောက်၍ ယခုကာလတွင် Tea ဟူသော လက်ဖက်ရည်ချိုသည် ဂရင်းတီးဟူသော လက်ဖက်ရည်ကြမ်းဘဝသို့ ကူးပြောင်းလေသည်။ အကျဉ်းသားမှန်လျှင် ရေနွေးကို သုံးစွဲခွင့်မရှိ။ တစ်ပတ်လျှင် တစ်ကြိမ်သာ သုံးစွဲသောက်ခွင့်ရှိသည်။

ထိုခေတ်ကာလ အကျဉ်းထောင်တွင် ရေနွေးသည် လွန်စွာရှားပါး၍ ရထောင့်ရခဲသော ပစ္စည်းဖြစ်သည်။ အဝတ်အထည်ထက်ပင် ရှား၏။ နွားဆေးပေါလီပ် (၁ဝ)လိပ်နှင့် လဲလှယ်နိုင်၏။ ကြက်ဥပြုတ်တစ်လုံး၊ သနပ်ပင်မကျင်လှတံဆိပ် ဆေးလိပ်နှစ်လိပ်နှင့် လဲလှယ်နိုင်သည်။ ကွမ်းဝါးချင်သလား၊ လာထား ဆရာများနှင့် လိုင်းဝင်ရုံသာ ရေနွေးသည်ကား၊ တစ်ပတ်မှာ တစ်ရက်၊ တစ်ရက်မှာ တစ်ခွက်သာရမည်၊ နေသားကြာကြာ အနေကျ၊ လက်ကောက်ကျ၊ လူလည်ကျနိုင်ကာမှ ရေချိုးသော ပလတ်စတစ်ဖလား အပြည့်သာ ရရှိနိုင်ပေမည်။ ရေနွေးကြမ်းသည် ခါးခြင်း၊ သက်ခြင်း၊ ဖန်ခြင်း အလုံးစုံ စုရုံးနေသော အရသာတို့၏

အထွက်အခေါင်သည် ခါးသက်ခြင်းကို ဆို၏။ ခါးသက်ခြင်းတွင်လည်း အဖန်ဖောက်မှ အရသာပိုကဲ၏။ စာဆိုနှင့် ညီမျှသော ရေနွေးခါးကြီးသည် အခြားအရာများ အရသာ မတိုးနိုင်တော့ပေ။

ရေနွေးခါးတစ်ကျိုက်၊ နွားဆေးပေါလိပ် တစ်ရှိုက်နှင့် ဤစည်းစိမ်သည်ကား တနင်္ဂနွေနေ့၏ မွန်မြတ်လှသော အမှတ်သင်္ကေတ။

## ထုကြွ ထောင်းကြွခြင်း

ဆရာခ ချင်းသုပ်သည်ကား အဆာပလာအမျိုးစုံနှင့် တန်ဆာဆင်အပ်သော ချင်းသုပ်ဖြစ်သည်။ သုံးစုံသည့် ချင်းစိမ်းဖတ်ကို ပြင်ပမှ တကူးတက မှာယူရသည်။ ဝါဒါတို့ကို လိုင်းဝင်၍ မှာယူရသည်။ ဆရာခသည် ပြင်ပမှ မှာယူသော ချင်းတို့ကိုယူ၍ သူ၏ လျို့ဝှက်သောနည်းနှင့် ထပ်မံကာ ချင်းကိုနယ်၏။ ဤသို့ ရေနွေးပေးမည့် တနင်္ဂနွေနေ့နှင့် တိုက်ဆိုင်ကာ စားသုံးရန် စီစဉ်ထားခြင်း ဖြစ်သည်။ ထောင်တွင် တစ်လလျှင်တစ်ခါ ခေါင်းလိမ်းဆီလိမ်းရန် ကလေးဆေးသောက်သော ဖွန်းနှင့် တစ်ဖွန်းကျ ပေးထားသော စားအုန်းဆီကို စုထားကာ ပြင်ပမှ မှာယူထားသော အုန်းသီးဆံကို ကြော်ရန်ဖိုကြီးတွင်ခိုင်း၍ အုန်းသီးဆံကို ကြော်၏။ ဤကား ဆရာခ၏ အလုပ်တည်း။

ချင်းသုပ်သုပ်ရန် ကြက်သွန်နီကို ခပ်ပါးပါးလှီးရန်သည်ကား စားပိုင်ရှင် ဘကြီးအောင်၏ အလုပ်တည်း။ အခန်းအားလုံးမှ ထောင်ဝင်စာပို့ထားသော ပြေပဲဆန်၊ ပဲကြမ်းကြော်၊ ပဲကြီးကြော်၊ ပဲလှော်၊ ကြက်သွန်ကြော်တို့ကို ရှာဖွေ၍ ထုထောင်းခြင်းကိုပါ ဘကြီးအောင်က ဦးဆောင်လုပ်ရမည်။ ပဲမှုန့်အစား ပဲကြမ်းတို့ကို ကြေညက်အောင် အမှုန့်ထောင်းရသည်။

(ဟံသာဝတီ) ဦးဝင်းတင်၊ အဘဦးထွန်းတင်၊ ဒေါက်တာမောင်မောင်ကျော်၊ မောင်စူးစမ်းဟု ခေါ်သော အဘချမ်းအစရှိသည့် အသက်ကြီးသူများ မဝါးနိုင်မည် စိုး၍ ပဲကြီးခြမ်း၊ ပဲခြမ်း ခပ်မာမာတို့အား စံ-ဇာဏီဘို၊ ရန်မျိုးသိန်း၊ ပြုံးချို၊ တင့်ဆန်းတို့က ထုထောင်းရသော အလုပ်ကို လုပ်ရ၏။ အဝတ်စတွင် ပဲခြမ်းတို့အား ထည့်၊ ကြမ်းပေါ်တွင် တင်၊ အုတ်နီခဲနှင့် ထုခွဲ၊ ထောင်း၊ တအုန်းအုန်းနှင့်။

## ဘစ သန်းထွန်းအောင်

တိုက်ခန်းအတွင်းမှ ပြင်ပသို့ ထွက်ခွင့်မရသည့်သူများ၏ ဝေယျာဝစ္စလုပ်ရန် 'အမြဲဆင်း' အကျဉ်းသားတို့ကို ထားရှိ၏။ အမြဲဆင်းတစ်ယောက်ဖြစ်ရန် မလွယ်။ ကျရာနေရာ အလုပ်ခွဲ၊ ဘုတ်ခွဲသောအခါတွင် ကျရာနေရာသွားရသူများကို 'ဘောက်ဆင်း'ဟု ခေါ်သည်။ နေရာ တစ်နေရာတစ်ခုအား ပါမည်။ အခြေတည်၍ နေရာတစ်နေရာတစ်ခုအား ပါမည်။ အခြေတည်၍ နေရာပေးထားသူအား 'အမြဲဆင်း'ဟု ခေါ်သည်။ 'အမြဲဆင်း'ချင်း တူလျှင်ပင် ၁၀(က)၊ ၅(ည) အကျဉ်းသားများရှိရာ ဤတိုက်တွင် တာဝန်ယူရခြင်းကား အဆင့်မြင့် 'အမြဲဆင်း' တာဝန်ဖြစ်သည်။ အသက်အရွယ်ကြီးသူများ၊ ရာဇဝတ်ကျူးလွန်ခြင်း မဟုတ်သည့် ထောင်ကျများနှင့် ဆက်ဆံရသူ ဖြစ်ပေရာ ပြောရေး၊ ဆိုရေး ယဉ်ကျေးလိမ္မာသူများ ဖြစ်ရမည်။

နေထိုင်သူအားလုံး ဝေမျှသော်မည်ဖြစ်ပေရာ လိုက်လံဝေရမည့်သူကား (ဘစ) သန်းထွန်းအောင်ဖြစ်သည်။ ဘိန်းဖြူမှုနှင့် ထောင်ကျလာသော ဘိုင်စကုတ် မင်းသား သင်တန်းသားတစ်ယောက်ဖြစ်သည်။

အသားဖြူဖြူ၊ မျက်လုံး၊ မျက်ခုံး ကောင်းကောင်းနှင့် လူပုံဟန် အလွန်ကောင်းသည်။ ပေါ့ပေါ့ပါးပါးနှင့် အရာရာလုပ်တတ်သည်။ အားလုံးအပေါ်၌ လိုလေသေး မရှိအောင် ဆောင်ရွက်ပေးသည်။

နှုတ်စောင့်စည်းသည် နှုတ်လုံသည်။ အခြားသော 'အမြဲဆင်း'များ ဖြစ်သည်။ 'ဓားပြ' ခင်ဝင်း၊ 'သူခိုး' မျောက်ဖိုးစိန်၊ 'လူမိုက်' ဂျင်ပု၊ 'လူသတ်သမား' အရှည်ကြီးတို့ကဲ့သို့ ပေကတ်ကတ် လက်ထောက်ချသတင်းပေး နှုတ်ဖွာသူများမဟုတ်။ ငြိမ်သည်။ အေးသည်။ ပိပိရိရိ လုပ်တတ်သည်။ နှုတ်လုံသည်။ မှင်မောင်းကောင်းသည်။ အထာညက်သည်။ 'ဖိုကြီး'တွင် တာဝန်ကျ သူသည် အရှေ့ကြို့ကုန်းမှ 'ချဲဒိုင်' ချာလီဖြစ်သည်။ စံ-ဇာဂနီဘို၏ မိတ်ဆွေ ဖြစ်သည်။ ထိုနေ့တွင် သုံးစွဲရန်အလို့ငှာ ကြက်သွန်ဖြူနှင့် ဆီတို့ကို ခိုးထုတ်ထည့်ပေးလိုက်မည်ဖြစ်ကြောင်း အပြန်အလှန် အချက်ပြထားပြီးဖြစ်သည်။

ထမင်းပုံအောက်တွင် ကြွပ်ကြွပ်အိတ်နှင့် ထည့်ကာ အပေါ်မှ ထမင်းကို ဖြန့်ခင်း၍ (ဘစ) သန်းထွန်းအောင်မှ ခိုးသွင်းရန်ဖြစ်သည်။ ကြက်သွန်လှီးရာတွင် သုံးစွဲမည့်ဓားကို တရွှတ်ရွှတ်နှင့် ဘကြီးအောင်ဓားသွေးနေ၏။ ထုထောင်းမှုများအားလုံး ပြီးနေပြီ၊ ဘကြီးအောင်က ဓားသွေးတုန်း၊ အခန်းအသီးသီးမှ ထုထောင်းထားသော ပဲမှုန့်၊ မြေပဲဆန်တို့အား ဆရာခ အခန်းသို့ပို့ရန် သန်းထွန်းအောင်က ရောက်မလာ။ ဟေ့ (ဘစ)ဘယ်ရောက်နေသလဲ။ အခန်း(၁၃)မှ ဆရာခက လှမ်းအော်၏။

"ဒီကောင် ပျောက်နေတယ်။ ပစ္စည်းတွေ ပို့ဖို့ခက်နေတယ်"

(၃)တိုက်တွင် တစ်ခန်းနှင့် တစ်ခန်းကြား ရှေ့ဘက်တွင် နံရံရှိ၏။ (၁)ခန်းရှိ ဦးရဲထွန်းက သတ်သတ်၊ အခန်း (၂၊ ၃၊ ၄၊ ၅ )က တစ်ကန့်၊ (၆)မှ (၁၀)အထိက တစ်ကန့်။ (၁၁၊ ၁၂ )တို့က သီးသန့်တစ်ကန့်စီ၊ (၁၃၊ ၁၄) တို့က တစ်ကန့်။ အကန့်လိုက် ကြားနံရံများ ကာထား၍ ကြိုးဖြင့်ဆွဲပစ်၍ ပစ္စည်းပို့၍ မရ။ လူလွှတ်ပို့မှရသည်။ တနင်္ဂနွေနေ့ဖြစ်ပေရာ အမြဲဆင်း၊ ဘောက်ဆင်းတို့သည် ဟိုချောင် ဒီချောင်ကြား ခွေအိပ်ကြသည်။ ထောင်ပိုင် တန်းစီးလည်းမရှိ။ အတွင်းထောင်ဝင်စာမှတစ်ပါး အခြားအရှုပ်အထွေးမရှိ။ နံနက်စာ ထမင်းပုံးဆွဲပြီး ဝေပြီးသည်နှင့် စားပြီး၊ သောက်ပြီး ပန်ကန်ဆေးပြီး အားလုံးငြိမ်သက်ကာ ရေနွေးနှင့် ချင်းသုပ်ကို စောင့်လင့်နေကြကုန်၏။ ချင်းတကွဲ၊ အုန်းသီးကြော်က တစ်နေရာ၊ ပဲမှုန့်က တစ်ခန်း၊ မြေပဲကြမ်းက တခြား၊ ကြက်သွန်ကြော်က နောက်တစ်ခန်း၊ ကြက်သွန်နီက မရောက်သေး။ ငရုတ်သီးစိမ်းက ဖိုကြီးမှာ အချိန်မောင်းခေါက်သံတို့ တရွေ့ရွေ့ပြောင်သွား၏။ တဂျောက်ဂျောက် တဂျက်ဂျက် အသံနှင့် ရေနွေးပုံးရောက်လေပြီ။

## *တနင်္ဂနွေရေနွေးဝိုင်း*

၁၉၇၀-ဝန်းကျင်တွင် အထက်တန်းကျောင်းသားများ သင်ကြားသော လက်ဖက်ရည်ကြမ်းဝိုင်း ဟူသော စာပိုဒ်သည် ကြည်နူးဖွယ် ကောင်းသည်။ စင်စစ် ဒီထက်ပိုပြီး ကြည်နူးစရာကောင်းသည်ကား တနင်္ဂနွေရေနွေးကြမ်းဝိုင်း ဖြစ်သည်။ ဖျာကို အပေါက်ဝအထိတိုး၊ သံတိုင်ကြားမှ လေကို ရှူ၊ ပြင်ပကမ္ဘာ မိုးတိမ်ကို မျှော်။ ယခုခေတ်ကာလ ဟန်းဖုန်းပြောသကဲ့သို့ အသံမကျယ်လင့်ကစား အသံကိုမြှင့်၍ တစ်ဖက်နှင့် တစ်ဖက် အလာပသလ္လာပ စကားစမြည် ပြောကြကုန်သည်။ ဆေးလိပ်ကိုဖွာ၏။ ရေနွေးကြမ်းကို ငုံ့ကာသောက်၏။ ပဲလှော်၊ ထန်းလျက်၊ မြေပဲစေ့မှအစ တစ်ခန်းနှင့်တစ်ခန်း လက်ဆောင်ပေးထားသော အမြည်းတို့နှင့်။ ဤသို့စည်းစိမ်သည်ကား ဤနေရာမှ တစ်ပါး အခြားတွင် ရှိမည်မဟုတ်။

ရေနွေးလိုက်လံ ဝေငှသူတို့သည် စည်ပိုင်းပြတ်ကြီးတစ်ခုအတွင်း ရေနွေးအပြည့် ထည့်၍ ဗလကောင်းသူနှစ်ဦးက သစ်သားချောင်းကြီးနှင့် ရှေ့တစ်ယောက် နောက်တစ်ယောက် လျှိုထမ်းကာ တိုက်ရှေ့တွင် ပုံကိုချ၊ အငွေ့ထထောင်းထောင်း ထနေသော ရေနွေးကို တုတ်ချောင်းတပ် ပလတ်စတစ်ခွက်နှင့် ခပ်ကာ ပုံစံနှင့် ပေးခြင်းဖြစ်သည်။ လက်ဖက်ခြောက် အစစ်ခပ်ကာ ပုံစံနှင့် ပေးခြင်းဖြစ်သည်။

လက်ဖက်ခြောက် အစစ်ဟုတ်ဟန်မတူ။ ရှိရှိသမျှ ခါးသောအရွက်များကို အခြောက်ခံ၍ ထည့်ထားပေရော့မလားမသိ။ တမာရွက်၊ ခွေးတောက်ရွက် စသည်တို့ပင် ပါမည် ထင်၏။ လွန်စွာခါး၏။ ဖန်၏။

ကြက်သွန်မရှိလင့်ကစား ထုထောင်းထားသော ပဲမှုန့်များ မြေပဲများပေးရန် ကြားဆတ်သား သန်းထွန်းအောင်လည်းမရှိ။ လာနီးနီးနှင့် တမျှော်မျှော်ဖြစ်နေ၏။ ရထားသော ရေနွေးတို့သည်ပင် တစ်စစ အေးချမ်းခြင်းသို့ပင် ရောက်နေ၏။ တစ်စစနှင့် မွန်းတည့်ချိန်ကို ကျော်၍ မွန်းလွဲလာ၏။ ချင်းသုပ်ကို မျှော်လင့်နေသော သူတို့သည် အေးစက်နေသော ရေနွေးကို ကြည့်ကာ တစ်တိုက်လုံးငြိမ်သက်နေ၏။ (၂)တိုက်မှ သေဒဏ်ကျနေသည့် ကြိုးသမားကိုမြခေါင်၏ ဆွေးဆွေးမြည့်မြည့် သီဆိုနေသော အသံသည် လေရူးအဝေ့တွင် သဲ့သဲ့ကြားရ၏။ ထောင်တွင်း ထောင်ကျနေသော ဇနီးသည်နှင့် သွားတွေ့သော ကိုမိုးဝင်းပင်လျှင် ပြန်လာပေပြီ။

"ကိုမိုးကြီး အဆင်ပြေရဲ့လား"
"အားလုံး အိုကေပဲ အဆင်ပြေပါတယ်"
ဟု လှမ်းအော်၏။ ထောင်တွင်း၌ တစ်ဦးနှင့် တစ်ဦး ထောင်ဝင်စာတွေ့ခြင်းကို နှစ်ပတ်လျှင် တစ်ကြိမ် တနင်္ဂနွေနေ့တွင် ပြုနိုင်သည်။ ယောက္ခမဖြစ်သူ ဒေါ်ကြည်ကြည်က ထောင်ဒဏ် တစ်သက်တစ်ကျွန်း၊ ဇနီးဖြစ်သူက ထောင်ဒဏ်အစိတ်နှင့် မိန်းမထောင်ဘက်တွင် ထောင်ကျနေရာ တနင်္ဂနွေနေ့တွင် ထောင်ဝင်စာ သွားတွေ့ခြင်းဖြစ်သည်။ မိန်းမဆောင်ဘက်မှ သုပ်ပေးလိုက်သော လက်ဖက်ကိုကိုမိုးဝင်းမှ လိုက်ဝေ၏။

"ဒီမှာ ချင်းသုပ်အတွက် စီစဉ်ထားတာ သန်းထွန်းအောင်က ပေါ်မလာလို့"

"ရှိတယ်လေ သန်းထွန်းအောင်။ ကြိုးသမား ရေချိုးကန်နားက သရက်ပင်အောက်မှာ အမွှေးတိုင်တွေနဲ့"

ဒီကောင် ဘာပေါက်တာလဲ။ အားလုံးက ဝိုင်းကာ တဖျစ်ဖျစ်တောက်တောက် ပြော၏။
"ဘာပဲပြောပြော ဘောပဲပြာပြာ"
ဟု ဘိုးတော်ခင်ဝင်းက အသံပြဲကြီးနှင့် ထ၍အော်သည်။ ဘိုးတော်ခင်ဝင်းအား ဘိုးတော်ရေ လုပ်ပါဦး တစ်ပုဒ်လောက်။ ဘုရားဖူးတွေ လာနေပြီ။ ကြိုးစားလိုက် ဖေ့သားကြီးရေ စသဖြင့် ထောပနာပြုသံများ အခန်းတိုင်းမှ ထွက်လာ၏။

"ကဲ သီချင်း စဆိုမယ်။ 1,2,3,4"
ဟူ၍ ပါးစပ်မှ ဂစ်တာ သံစဉ်များထွက်၍ အင်ထရိုပေးကာ-
"ငှက်ပျောသီးစားတဲ့ မိတ်ဆွေများ ပေတစ်ရာပေါ်မှာ မပစ်နဲ့ ငှက်ပျောခွံများ"
စသဖြင့် အသံသေး အသံညောင်နှင့် ဆိုလေသည်။

ချင်းသုပ်သုပ်မည့် ပစ္စည်းများအလုံးစုံကို စုစည်း၍ ကိုမိုးဝင်းမှ ဆရာခအခန်းသို့ ပို့၏။ "ဘောက်ဆင်း" အသစ်ကလေး ကိုမိုး ကြိုးစားထား၊ မျက်မှန်တဝင်းဝင်းနှင့် ကိုမိုးဝင်းက မမောမပန်းဘဲ တစ်ခန်းဝင်တစ်ခန်းထွက် လက်ဖက်သုပ်စားလိုက်၊ ချင်းသုပ်စားလိုက် စီစဉ်လေတော့သည်။ ရေနွေးခါးကြီးသည် အေးနေလင့်ကစား ဆရာခချင်းသုပ်နှင့် လိုက်ဖက်လှသည်။ ကြက်သွန်မပါ။ ငရုတ်သီးမပါလင့်ကစား စားသုံးရသည်မှာ အားရစရာပင်။

## မောရသုတ်နှင့် ချင်းသုပ်

အားလုံးက မျှော်နေရသော သန်းထွန်းအောင် ရောက်ရှိလာသည်။

"ကောင်လေး မင်းဘယ်သွားနေတာလဲ"
ဘကြီးအောင်၏ မေးသံ။
"အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီပေါ့"
ဝိုသံပါပါနှင့်ပြောသော လူ့ဘောင်သစ်မှ ရင်ထွေးအသံ။
"ဒီအချိန်မှာ ပြန်တွေ့တာ ဘာလုပ်ရမှာလဲ"
ရန်မျိုးသိန်း၏ ရိသဲ့သဲ့ အသံ။ သန်းထွန်းအောင်မှာလည်း မျက်နှာငယ်လေးနှင့် ကိုယ့်လူ ဆရာခ ခေါ် နေတယ်။

သန်းထွန်းအောင်သည် အခန်းနံပါတ် ၁၃ ဆရာခ ရှိရာသို့ ခပ်ကုပ်ကုပ် ထွက်သွားလေတော့သည်။

"မောင်ရင်လေး ဒီနေ့ ဘယ်သွားနေတာလဲ"
ဆရာခအသံကို အတိုင်းသားကြားရ၏။

"ကျွန်တော် ဦးရဲကြီးသင်ပေးလို့ မောဟသုတ်ကို ရွတ်နေတာ"

ဦးရဲထွန်းသည် ရှေ့နေကြီးဖြစ်သည်။ လွန်စွာ အမေရိကန် ဆန်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာကို လွန်စွာမြတ်နိုးသည်။ ဥပါဒသံဓိကျမ်းကို အသံထွက်မှန်မှန်နှင့် အလွတ်ရွတ်နိုင်ခဲ့သည်။ အင်္ဂလိပ်လို စကားပီသသည်။ ဘုရားစာရွတ်လျှင်လည်း အသံထွက်ပီသည်။ ထောင်သို့ အကြိမ်ကြိမ် အခါခါ ရောက်ဖူးသူဖြစ်သည်။ ယခု ထောင်ဒဏ် တစ်သက်တစ်ကျွန်း ၃-ခု၊ အနှစ် (၆၀) ထောင်ချခံထားရသူ ဖြစ်သည်။

"ဆိုပါအုန်း၊ မောင်ရဲက ဘာပြောလဲ"

ဆရာမင်းသိခ်နှင့် ဦးရဲထွန်းသည် ထောင်အတွင်း၌ အလွန်ခင်မင် ရင်းနှီးကြသည်။ ဦးရဲထွန်းက ဆရာမင်းသိခ်ကို "အောင်ထွန်း"ဟု ခေါ်၍ ဦးရဲထွန်းအား ဆရာမင်းသိခ်မှ "မောင်ရဲ"ဟု ခေါ်သည်။ အလွန်ချစ်ကြသည်။

"ဦးရဲက ပြောတယ်။ ပရိတ်ကြီး (၁၁)သုတ်ထဲက မောရသုတ်ကို မနက်နေထွက်ချိန်၊ ညနေ နေဝင်ချိန် ရွတ်တာက ပုံမှန်။ အထူးပြုရွတ်နိုင်တာက တနင်္ဂနွေနေ့ နေ့ခင်း မွန်းတည့်ချိန် (၁၂:၀၀) နာရီမှာ ရွတ်ရင် ထောင်ကလွတ်မယ်"
"မောင်ရင် လွတ်ကြောင်ကြောင်တာပဲ။ မောရသုတ်ထဲက ဥဒေါင်းမင်းတောင် ရွတ်ဆိုတာ မလွတ်တာ၊ ဟိုက ဘုရားလောင်းတောင် အခက်ကြုံသေးတာ၊ မင်းကို မောရသုတ် ရွတ်ပေးတဲ့ 'မောင်ရဲ' ထောင်က မလွတ်တဲ့အပြင် ထောင်ဝင်စာ ပိတ်ခံရလို့ ပုံးကြောင်နေတာ"
(ထောင်အတွင်း အစားအသောက် အဆင်မပြေခြင်းကို ပုံးကြောင်သည်) ဟူ၍ ပြောဆိုခြင်း ဖြစ်သည်။

"ကဲ ကိုယ့်လူ လောကကြီးဟာ သူ့နေရာနဲ့သူ တန်ဖိုးရှိတယ်။ ကေသရာဇာ ခြင်္သေ့မင်းရဲ့ အဆီအသွေးဟာ သိင်္ဂီရွှေခွက်နဲ့သာ ထိုက်တန်တယ်။ ဒီလို ထောင်ကျနေတဲ့ နေရာမျိုးမှာ မောရသုတ်နဲ့ ချင်းသုပ်ဟာ ဘယ်ဟာက လက်တွေ့ဆန် ပိုအရေးကြီးလဲ။ မင်း ဖြေစမ်းကွာ"

*****



## ကွမ်းစားတစ္ဆေ

စကားနည်းသော ပြုံးချိုသည် ပန်းချီတော်၏။ နံရံဆေးရေးပန်းချီ၌ လွန်စွာလက်ရာမြောက်၏။ အုတ်ခဲကို ထုထောင်း၍ အမှုန့်ပြုကာ ရေနှင့်ဖျော်၍ ပန်းချီဆွဲရန် ရေးဆေးကို ပြုလုပ်၍ တံမြက်စည်းရိုးမှ တုတ်တံကို အဖျားထု ခြေဖွာ၍ ပန်းချီစုတ်တံပြုကာ ထောင်အတွင်း အုတ်နံရံတို့၌ ဘုရားပုံတော်ကို ကျကျနနရေးဆွဲသည်။

ပြုံးချို၏ နံရံဆေးရေး မော်ဒန်ဂရက်ဖတီဖီလင်ကို တိုက်(၁)တွင်ရှိသော သူတို့အားလုံး မြတ်နိုးစွာ ခံစားကြကုန်သည်။ အခန်းတိုင်းတွင် ပြုံးချို၏ လက်ရာအား အမြတ်တနိုး ရှိခိုးဦးချကြကုန်သည်။ ပြုံးချိုသည် ဥရောပရီနေးဆက် ခေတ်မှ နံရံဆေးပန်းချီပညာရှင် တစ်ဦးဖြစ်စေ၊ ပုဂံခေတ် နံရံဆေးရေးပန်းချီပညာရှင် တစ်ဦးဖြစ်စေ၊ သေဆုံး၍ လူဝင်စားဘဝဖြင့် ၈၈-ကျောင်းသား မျိုးဆက်သစ်တစ်ဦး ဖြစ်ပေါ်လာသည်ထင့်။

တိုက်(၁)အခန်းပေါက်စေ့တွင် ပြုံးချို၏ ဘုရားပုံတော် နံရံဆေးရေးပန်းချီတို့ လက်ရာမြောက်စွာရှိ၏။ နေ့ခင်းစောင့်သော ဝါဒါတို့ထံ လိုင်းဝင်၍ အခန်းချင်း လဲကာ ကိုယ့်အခန်း ပြုံးချိုဝင်၊ ပြုံးချိုအခန်း ကိုယ်ဝင်ခြင်းပြုကာ နံရံပန်းချီတို့ကို စွန့်စွန့်စားစား ရေးဆွဲရခြင်းတည်း။

ဘုရားပုံပန်ချီကားတစ်ခုအား အနောက်အယှက်မရှိ ရေးဆွဲရက နှစ်ရက်ခန့်ကြာ၏။ အနောင့်ကြုံက ရှိက သုံးလေးရက်ခန့်ကြာ၏။ အခန်း၏ အတွင်းမျက်နှာစာ တစ်ပေါက်တည်းသော သံတံခါးဝဘေးနံရံတွင် ဘုရားပုံတော် ပန်ချီကို ရေးဆွဲပါက အခန်းပြင်ပမှ မြင်နိုင်သည် မဟုတ်။

ထိုနေရာသည်သာ မျက်ကွယ်ရာဖြစ်သည်။ (၁)တိုက်သည် ၁၀(က) အထိန်းအသိမ်းခံများ ထားရှိသော နေရာဖြစ်သည်။ စီးပွားရေးသမားများလည်းပါ၏။ ဒေါ်လာလောကမှ အီစမန်နှင့် ဒါဝတ်ဂျင် ဝါးလားတို့၏ အခန်းတွင်ကား ပြုံးချို၏ လက်ရာကို တမူထူးစွာတွေ့ရမည်။

မီးသွေးမှုန့်ကို အမည်းရောင်၊ အုတ်နီခဲမှုန့်ကို အနီရောင်၊ မဲနယ်မှုန့် အပြာရောင်တို့ကို ရောယှက်ကာ အစွလာမ်တို့ထားရှိသော မက္ကာပုံ ကျောက်တုံးမည်းကြီးပုံကို ကျကျနန ရေးဆွဲထား၏။

ဤသို့ (၁)တိုက်တွင် နေထိုင်သူတို့ ဘာသာတရား ကိုင်းရှိုင်းခြင်း၊ ဘာသာတရားကို တလေးတစားကိုးကွယ် အနီကပ်ပူဇော်ကြခြင်းသည်ကား 'ကရင်မ'ကြောင့်တည်း။

## *ဆံတိုကုပ်ဝဲ*

အထက်အောက် အဖြူရောင်ဝမ်းဆက် ဝတ်လေ့ရှိသည်။ ရင်စေ့အင်္ကျီခင်ပွပွ ဝတ်လင့်ကစား ကြော့ရှင်း၏။ ထဘီကို ခပ်ကျပ်ကျပ်ဆွဲ၍ ခြေသလုံးသား ပေါ်အောင်ဝတ်၏။ ၁၉၇၀-ခုနှစ် ခေတ်ဦးစတိုင်လ် ပေါင်သလုံးသားပေါ်စတိုင်လ် ဝတ်၏။ စတူဒီယိုခေတ်ဦး တက္ကသိုလ်ထွန်းနောင် သီချင်းများထဲမှ ဆံတိုကုပ်ဝဲပုံ ဖြစ်၏။ ခါးသေးသေး၊ ဝမ်းချပ်ချပ်၊ တင်ရင်အလှ ပြည့်ဖြိုးလှပ၏။ သန်စွမ်းနက်မှောင်လှသော ကုပ်ဝဲဆံပင်၊ ထူထဲသော မျက်ခုံး၊ ဝါဝင်းသော အသားအရည်နှင့် အရွယ်လတ် မိန်းမသားတစ်ဦးပင် ဖြစ်လင့်ကစား ရွှန်းသစ်နပျိုခြင်းနှင့် ဆွဲဆောင်မှု အပြည့်ရှိသည်။

ကွမ်းကို မပြတ် တမြုံ့မြုံ့စားသူ ဖြစ်လေရကား လှပသော နှုတ်ခမ်းတို့သည် ကွမ်းဖတ်၊ ကွမ်းချေးအောက်၌ နီစွေးစွေးရှိ၏။ ခံတွင်းဟလိုက်လျှင် ရဲဗလောင်းခတ်နေသော ခံတွင်းနှင့်လျှာ၊ ကွမ်းချိုးတက်၍ ရဲရဲနီသော သွားနှင့် ဖြစ်၏။ ဤသည်ပင်လျှင် ဆွဲဆောင်မှုတစ်မျိုးဖြစ်ပေသည်။ အင်းစိန်ထောင်ဝင်းအတွင်း နေ့မရွေး ညမရွေး အချိန်ကာလမရွေး တံခါးမရှိ ဓားမရှိ သွားလာ၏။ နေ့အခါ၌တွေ့ရန် ခက်ခဲသည်။ ညအခါ၌သာလျှင် အသွားအလာများသည်။ မြင်တွေ့ရန် လွန်စွာခဲယဉ်းသည်။ တွေ့ဖူးသူတို့ သွေးပျက်ခြင်း၊ အရူးအမူးဖြစ်ခြင်းများ ကြုံသည်။

နာနာဘာဝသရဲမပင် ဖြစ်လင့်ကစား ဥစ္စာစောင့်မများကဲ့သို့ လှပကာ လူသားတို့၏ ဝိညာဉ်လိပ်ပြာကို ဆွဲခါလှုပ်နိုင်စွမ်းရှိသူ ဖြစ်သည်။ တွေ့ဖူးသောသူများအနက် (၁)တိုက်တွင် နေထိုင်သော ကိုသောင်းထိုက် ရူးသွပ်မတတ် ဖြစ်ခဲ့သည်။ ရုပ်ရှင်မင်းသားအောင်လွင်သည်ကား သွေးလည်းမပျက်၊ အရူးအမူးလည်း မဟုတ်သည့်အပြင် ထောင်အတွင်း၌ ရှားပါးလှသည့် ကွမ်းယာကိုပင် ပုံမှန်ပေးကာ ကရင်မက စားသုံးစေသည်။

## နာရင်းရိုက်ခံရသော ဝါဒါ

ဝါဒါကိုကျော်ဦးသည် မွေးရာပါ နာခေါင်းတွင် ဘုကြီးပါသောကြောင့် အများက "ဘုကျော်ဦး" ဟု၍ ခေါ်သည်။ ထိုကာလ အမေရိကန်နိုင်ငံတွင် သမ္မတ ဂျော့ဘွတ်စီနီယာမှ အုပ်ချုပ်သည်ဖြစ်ပေရာ ၎င်းအားဂျော့ဘုဟူ၍လည်း ခေါ်ကြကုန်သည်။

အလွန်အအိပ်ကြီးသောသူ ဖြစ်သည်။ ညကင်းစောင့်သောအခါများတွင် အိပ်နေသောကြောင့် အပြစ်ပေးခံရလေ့ရှိသည်။ ယခုလည်း တခူးခူးနှင့် ထိုင်ခုံပေါ်ထိုင်လျက် အိပ်မောကျနေစဉ် ဖြောင်းကနဲ လက်ဝါးနှင့် ဖြတ်ရိုက်ခံရ၍ ဝါဒါဘုကျော်ဦး အိပ်ငိုက်နေရာမှ ထိုင်ခုံပေါ်မှ အားခနဲ ပြုတ်ကျသွားသည်။ ကုပ်ပိုးကိုပွတ်၍ ထလာသည်။ ဝုန်းခနဲ အသံကြောင့်-

"ဆရာဘု ဘာဖြစ်တာလဲ"

နိုးလာသော စံ-ဇာဂျီဘိုက မေးလေသော်-

"ကရင်မ လာရိုက်တာ၊ ကိုဇာကြီး ပြန်အိပ်နေ၊ တစ်ယောက်ယောက် ကင်းစစ်ဖို့ လှည့်လာလိမ့်မယ်"

ဝါဒါဘုကျော်ဦးက ယူနီဖောင်းကို ဆင်ယင်၍ ဘွတ်ဖိနပ်ကြိုးပြန်ချည်၏။ ဦးထုပ်ဆောင်း၏။ Gun Pipe ( နံပါတ်တုတ် )ကို ကိုင်၍ နိုးနိုးကြားကြား ကင်းစောင့်သော စတိုင်လ်ယူနေ၏။ မကြာမီ ခြေသံများကြားရ၏။ အလေးပြုသံကိုလည်း ကြားရ၏။ "သတိ" ဟူသော အသံများနှင့် အတူ လိုက်လံစစ်ဆေး၍ အခန်းအတွင်းများ မီးလင်း၊ မလင်း စစ်ဆေးကြကုန်၏။ ဝါဒါ ညစောင့်များကိုလည်း ဝတ်စုံပြည့်၊ မပြည့်၊ နိုးနိုးကြားကြားရှိ၊ မရှိ စစ်ဆေး၏။ ထောင်ပိုင်ကြီး ကိုယ်တိုင် လိုက်လံစစ်ဆေးခြင်း ဖြစ်သည်။ (၁)တိုက်အခြေအနေများ စစ်ဆေး၍ ကျေနပ်စွာ ထွက်ခွာသွားသော ထောင်ပိုင်ကြီး နောက်ကျန်ခဲ့သော (၁)တိုက်တာဝန်ခံ ဦးထွန်းထွန်းက-

"ကျော်ဦး မင်းကံကောင်းတယ်၊ ဟိုဘက်တိုက်ကကောင်တွေ အိပ်ပျော်နေကြလို့၊ ဒီကောင်တွေ ပြဿနာပဲ"

ဦးထွန်းထွန်းက ဝါဒါကျော်ဦးကို ချီမွမ်း၍ ဇင်းဇင်းစီးကရက် တစ်ဘူး ပေးသွား၏။ သူ တာဝန်ယူသော (၁)တိုက်တွင် ပြဿနာမရှိခြင်းအပေါ် အတော်ဝမ်းမြောက်နေ၏။

"ကိုဇာကြီး ရော့"

ထောင်မှူး ထွက်သွားသည်နှင့် ဝါဒါကျော်ဦး လာရောက် ဆေးလိပ်တိုက်သည်။ အိပ်ချင်ယောင်ဆောင်နေသော စံ-ဇာဂျီဘိုကို ဆေးလိပ်တိုက်၏။ ထိုခေတ်ကာလတွင် ဒူးယား၊ ခပေါင်းဆေးလိပ်တို့ ခေတ္တပျောက်၍ ဇင်းဇင်းအမည်ရှိသော တရုတ်စီးကရက် လွှမ်းစွာခေတ်စား၏။ ဆေးစပ်ကောင်း၏။ ခပ်ပြင်းပြင်းဖြစ်၍ လူကြိုက်များ၏။

"ဒါနဲ့ ပြောပါဦး ဆရာဘု၊ ခုနက ဘယ်သူလာပြီး နာရင်းရိုက်ပြီး နိုးတာလဲ၊ မမြင်လိုက်ရဘူး"

"ကရင်မ လာသတိပေးတာ"

"ဘယ်က ကရင်မလဲ၊ ဒီတိုက်ထဲ ညဘက်ကြီး ဘယ်မိန်းမဝင်လို့ရမှာလဲ"

"ကရင်မဆိုတာ လူမိန်းမမှ မဟုတ်တာ၊ သရဲမလေ၊ ဘယ်သူမြင်မလဲ၊ ကရင်မကိုမြင်ရင် ဖျားသွားမယ်။ ရေရေလည်လည် မိုက်တာ"

အစရှိ၍ ကရင်မ၏ အလှကို စာဖွဲ့နေစဉ် ကြက်သီးဖြန်းခနဲ ထသွား၏။ လေထုသည် အေးသယောင်ရှိလာ၏။ ကွမ်းယာနံ့များ ထောင်းခနဲထလာ၏။ ခေါင်းရှိ ဆံပင်ရင်းများ ကြက်သီးများထကာ ထောင်သွား၏။ ထိုစဉ် ဗဟိုကင်းမှ သံချောင်း(၆)ချက်ခေါက်သံ ကြားရသည်။

ညသန်းခေါင်ကျော် နှစ်နာရီထိုးပြီ။ ပြောနေစဉ် စစ်ခွေးတိုက်မှ ခွေးအူသံများ ထွက်ပေါ်လာ၏။ အေးစိမ့်စိမ့် ဖြစ်လာ၏။ ကွမ်းဝါးသံ၊ ကွမ်းနံ့များရ၏။ သို့သော် မည်သည့်အရိမ်အယောင်မျှ မမြင်ရ။ တိုင်တွင် ချိတ်ထားသော ဝါဒါကျော်ဘုဦးထုပ် လေမတိုက်ဘဲ အောက်သို့ ဖုတ်ခနဲ ပြုတ်ကျ၏။

"လာပြီ၊ လာပြီ ဆေးလိပ်တိုက်မယ်"
ဝါဒါကျော်ဦးက အမှောင်ထဲသို့ လှမ်းစကားပြော၏။ အမှောင်ထဲတွင် မည်သည့် အရိပ်အယောင်မျှ မတွေ့ရ။ ကိုကျော်ဦးတစ်ယောက် ရူးနေပြီထင်၏။ ဝါဒါကျော်ဦးသည် စီးကရက်တစ်လိပ်ကို မီးညှိသည်။ ထို့နောက် တံခါးဝင်းတိုင် အမြင့်တွင် တင်၍-
"ကဲ လာသောက် ကရင်မ၊ ငါ့ကို သတိပေးတာ ကျေးဇူးတင်ပါတယ်"
အမှောင်ထဲသို့ ကြည့်ကာ ပြော၏။

ခွေးအူသံများ ရုတ်တရက် ရပ်တန့်သွားသည်။ ကွမ်းနံ့များ ပိုမိုပြင်းထန်လာသည်။ တင်ထားသော စီးကရက်သည် လေကြောင့်မဟုတ်ဘဲ လူတစ်ဦးတစ်ယောက် ဖွာလိုက်သောအခါ ရဲခနဲ ဆေးလိပ်မီးတောက်လောင်ခြင်း ဖြစ်၏။ တစ်စုံတစ်ယောက် ဆေးလိပ်ခိုးငွေ့များ မှုတ်ထုတ်သကဲ့သို့ အခိုးအငွေ့များ ဖြာထွက်နေသည်။ ပုံမှန်မီးညှိပါက အမွှေးတိုင် ကဲ့သို့သာ လောင်ကျွမ်းမည်။ သို့သော် ဆေးလိပ်ဖင်စီခံမှ အငွေ့များ လှိုင်နေသည်။ ထိုမြင်ကွင်းသည်ကား ကြက်သီးထဖွယ်ရာ။

"မကြောက်ပါနဲ့ ကရင်မက ဘော်ဒါစိတ်ရှိတယ်။ သူခင်တဲ့ ဝါဒါတွေ အိပ်ငိုက်နေရင် ပထမလှုပ်ပြီး သတိပေးတယ်၊ မနိုးရင် နားရင်းရိုက်ပြီး သတိပေးတယ် ခုတင်ပေါ်အိပ်နေရင် ခြေထောက်ကို ဆွဲရင်ဆွဲ၊ ဒါမှမဟုတ် ကန်ချတယ်၊ အဲ့ဒီလို သတိပေးတယ်"

ထိုသို့ ပြောနေရင်း စီးကရက်သည် ဖွာမည့်သူမရှိဘဲ မီးငြိမ်းသွားသည်။ ကရင်မကို တိုက်ထားသော ဆေးလိပ်အား ကိုကျော်ဦး သွားယူလာ၏။ ထိုအခါတွင် ဆေးလိပ်အစီခံတွင် သွားနှင့် ကိုက်ထားသောအရာများကို တွေ့ရ၏။ ထိုဆေးလိပ်တွင် ကွမ်းယာဖတ်၊ ကွမ်းတံတွေးများ ပေနေ၏။ တစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ စီးကရက်သောက်သုံးသွားခြင်း ဖြစ်ပေ၏။

## *ဘကြီးအောင်နှင့် ကရင်မ*

ဘကြီးအောင်ဟု အများခေါ်သော ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်၏ အခန်းတံခါးကို ပိတ်ထားသော သော့ခလောက်သည် လေမတိုက်ဘဲ တရှောက်ရှောက်မြည်၍ လှုပ်၏။ ထောင်တိုက် တံခါးသော့တို့သည် နံရံကိုထွင်း၍ နံရံဘက်တွင် သော့ခလောက်ထားကာ ပိတ်ခြင်းဖြစ်သည်။ သော့ခလောက်များသည်လည်း အလွန်ကြီးမားလှပေရာ လူတစ်ယောက် လှုပ်ခါမှသာလျှင် ထွက်ပေါ်လာနိုင်သည်။

"ပြန်တော့လေ၊ လာမနှောက်နဲ့တော့"

လှမ်းပြောသည်။ ပြောကာမှ သော့ခလောက်အား ခါလှုပ်၏။ ထို့နောက် အသံပျောက်သွားသည်။ ထပ်မံ၍ ဆေးလိပ်တိုကို မီးညှိကာ စကားပြောနေစဉ် 'အား'ဟူ၍ အသံနက်ကြီးနှင့် အလန့်တကြား ထအော်သော ဘကြီးအောင်အသံကို ကြားရသည်။

"တပီလာ၊ အယ်ဒေါ်ဒေါ်အီး"

ဟူ၍ နှုတ်မှ အဆက်မပြတ် အော်ဟစ်နေသော ဘကြီးအောင်အား အခန်းပြင်မှ ကိုကျော်ဦးက ရေနှင့်ပက်ကာမှ အသံရပ်သွားသည်။ ဘကြီးအောင် ကရင်လိုပြောသံများကိုလည်း ကြားရ၏။ အအိပ်ဆတ်သူများ နိုးလာ၏။

"ဘကြီးအောင် ဘာဖြစ်တာလည်း"

အိပ်ချင်းမူးတူးနှင့် ရန်မျိုးသိမ်းက လှမ်းမေး၏။ ၈၈-မျိုးဆက်သစ် ကျောင်းသားအနက် ဆေးကျောင်းသား ရန်မျိုးသိမ်းသည် ဆေးထိုးအပ်မကိုင်ဘဲ ဆရာဝန်လုပ်မည်ဟု ကြွေးကြော်ထားသည်။ (၁)တိုက်လုံး အားထားရသော ဆရာဝန် အလောင်းအလျာ ဖြစ်သည်။

"ရောဂါမှန်သမျှ 'ပါရာ' သောက် ပျောက်"

ဟူ၍ ပါရာစီတမော ဆေးတစ်ဖုံကို တွင်တွင်ကြီး သုံးသောသူဖြစ်သည်။ ယခုလည်း အိပ်ရာမှလန့်ပြီး ထအော်သော ဘကြီးအောင်အား ပါရာစီတမောတိုက်ရန် လှမ်းအော်သည်ထင့်။

"ဘကြီးအောင် ဘာတွေ အော်နေတာလဲ"

"ကရင်စာတွေ လာသင်နေတာ အိပ်မက်ထဲမှာ"

ဟု ဘကြီးအောင်က ပြောသည်။ ကရင်စကားမတတ်သော ဘကြီးအောင်သည် တပီလာ အယ်ဒေါ် အော်အီးကို ကောင်းကောင်းပြောနေ၏။ ကိုကျော်ဦးက ကရင်စပ်ဖြစ်သောကြောင့် တပီလာ အယ်ဒေါ်အော်အီးဆိုတာ ကွမ်းစားချင်တယ်လို့ ပြောတာဟု ဘာသာပြန်သည်။ တပီလာ အယ်ဒေါ်အော်အီးလို့ လာသင်နေတာ။

"ကွမ်းစားချင်ရင် ဒီလိုအော်"

"ဘယ်သူက လာသင်တာလဲ"

ရန်ကြီးက စပ်စပ်စုစု မေး၏။

"အရမ်းဖြောင့်တဲ့ ကရင်မလာသင်တာ"

"ဩော် ဒါများ ဘာအော်စရာလိုလဲ"

ဘေးမှနားထောင်နေသော ဦးရဲမင်းမှ ခပ်ရွှတ်ရွှတ်ပြော၏။

ကွမ်းစားမလားလို့ မေးတယ်။ အိပ်နေတာ လာနှိုးလို့ ကြည့်လိုက်တော့ အတော်လှတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ရတယ်၊ စားချင်တာပေါ့လို့ဖြေတော့ ကွမ်းစားချင်ရင် ကရင်လိုပြောလို့ တပီလာအယ်ဒေါ် အော်အီးဟု လိုက်ရွတ်ခိုင်းတယ်။ လိုက်ရွတ်တော့ သဘောကျပြီး ပြုံးပြတယ်။ ရိုးရိုးပြုံးပြရုံသာမက လက်နှစ်ဖက်နှင့် သူ့ခေါင်းကို လည်ပင်းရင်းကဖြုတ်ပြီး လည်ပြတ်ကြီးက သွေးတွေနဲ့ ပြုံးနေတဲ့ သူ့မျက်နှာကြီးကို

လက်နှစ်ဖက်နဲ့ကိုင်ပြီး မျက်နှာအရှေ့ အတင်းထိုးပြတယ်။ လန့်ပြီး ထအော်ယူရတယ်။ အိပ်မက်က တော်တော်ဆန်းတယ်။ ဘာပဲဖြစ်ဖြစ်၊ ကရင်စကားတစ်လုံးတော့ တတ်သွားပြီ။

### *ကွမ်းစကား တပီလာ*

နံနက်မိုးသောက် ရောက်ရှိလေသော် 'တပီလာအယ် ဒေါ်အော်အီး' ကရင်လိုပြောသော စကားသံကို ကြားရသည်။ သပိတ်ကဲ့သို့ မည်းမှောင်နေသော အသားနှင့် ပိန်ပိန်ရှည်ရှည်နှင့် ထောင်ဝါဒါဝတ်စုံကို ဝတ်ဆင်ထားသော ကုလားတစ်ဦးသည် ကရင်ကဲ့သို့ တပီလာ အယ်ဒေါ်အော်အီး ဟူသော ကရင်စကားကို ပီသစွာပြော၍ ဘကြီးအောင်အား ကွမ်းယာတစ်ထုပ် လှမ်းပေး၏။ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော ဝါဒါတစ်ဦးဖြစ်သည်။ ညက ထောင်ပိုင်ကြီး ကိုယ်တိုင် ကင်းလှည့်လည် စစ်ဆေးချိန်တွင် ညတာဝန်ယူထားသောသူများ အိပ်ပျော်နေခြင်းကြောင့် အပြစ်ဒဏ်အဖြစ် 'ပူးပေါ်' တင်ခြင်းပြု၏။

ဝါဒါလောကတွင် 'ပူးပေါ်' တင်ခံရသော အခြေအနေသည် ဝါဒါတို့အတွက် အလွန်ဆိုးသော အခြေအနေဖြစ်သည်။ ယခုသင်တန်းဆင်း ဝါဒါအသစ်များကို အပြောင်းအလဲထားရှိခြင်းဖြစ်သည်။ ထိုဝါဒါ ကုလားကြီးသည် ကရင်စကားလည်း မတတ်၊ ကွမ်းရောင်း၍ စီးပွားရှာခြင်းလည်း မဟုတ်။ ထိုနေ့တိုက်အဝင်ဝ ဗန်ဒါပင်အောက်တွင် ကွမ်းတစ်ထုပ်တွေ့လျှင် ကောက်ယူလိုက်ပြီး (၁)တိုက်သို့ ရောက်ရှိလာကာ အခန်း(၇)ရှေ့တွင်ရပ်ပြီး ဘကြီးအောင်အား ကွမ်းထုပ်လာ၍ ပေးခြင်းဖြစ်၏။ ထို့နောက် ကွမ်းယာပေးပြီး ထွက်သွားသော ကုလားကြီး နောက်နောင်တွေ့ခြင်းမရှိ။ ထမင်းစားပြီး ထိုနေ့ခင်းတွင် တစ်ရေးတစ်မော အိပ်စက်နေစဉ် တပီလာအယ်ဒေါ် အော်အီးဟူသော အသံကြောင့် နိုးထလာသည်။ ဆံပင်ကို နောက်သို့လှန်ဖြီးထားပြီး ဗိုက်ပူပူ ၊ ပါးဖောင်းဖောင်း ၊ ရွှေသွားခေါ်ခေါ်နှင့် ဝါဒါဝတ်စုံကို ဝတ်ထားသော တရုတ်ကြီးတစ်ဦးသည် ဘကြီးအောင်ထံသို့ ကွမ်းယာ လာပေး၏။

"သေဒဏ်ကြိုးသမားတွေ ရေချိုးတဲ့ ကန်ပေါင်ပေါ်မှာ ကွမ်းထုပ်ကို ကောက်ယူပြီးတာနဲ့ ဒီကိုလာပေးရမယ်ဆိုတာ အလိုလိုသိနေတယ် ရော့"
ပေးကာထွက်သွား၏။ ထိုတရုတ်ဝါဒါကြီးကို နောက်နောင်မတွေ့ရတော့ပါ။

ဤသို့နှင့် ညကိုးနာရီအိပ်ချိန်တွင် တပီအယ်ဒေါ် အော်အီးကို ကြားရပြန်သည်။ ကုလားမဟုတ်၊ ကရင်မဟုတ်၊ တရုတ်မဟုတ်။ ထောင်လောကတွင် "ဗန္ဓုလ"ဟု လည်းကောင်း၊ "စံရစ်"ဟူ၍ လည်းကောင်း အလွန်နာမည်ကြီးသော ထောင်မှူးကြီး ဦးစံရဖြစ်သည်။ ဦးစံရသည် အလွန် စည်းကမ်းကြီးသည်။ အလွန်ပြဿနာ ရှာသည်။ အလွန် ရစ်သည်။ ဦးစံရစ်ဟု အမည်တွင်ရခြင်းသည် မဆန်းလှ။ ကရင်လိုပြော ဘကြီးအောင်အား ကွမ်းပေး၏။ ထောင်တွင် ကွမ်းယာတွေ့လျှင်ပင် ဘယ်သူပေးတာလဲ၊ ဘယ်က ရတာလဲဟု ပြဿနာရှာတတ်သော ဦးစံရလာပေးသောကြောင့် ဆန်း၏။

"မိန်းကြေးစာပွဲပေါ်မှာ တွေ့လို့ကောက်ပြီး ဒီကိုလာပေးရမယ်လို့ အလိုလိုသိပြီး လာပေးတာ"
ပြောကာ ထွက်ခွာသွား၏။

တိုက်သားများအားလုံး မအိပ်နိုင်တော့။ တစ်ထုပ်ပြီးတစ်ထုပ် သုံးကြိမ်တိုင်တိုင် ရရှိထားသောကြောင့် ကွမ်းယာများ အလျှံပယ် ဖြစ်နေ၏။ ဗမာဆေး၊ ဆေးမွှေး၊ စစ်ကနယ်နှင့် ကျနစွာ ယာထားသော ကွမ်းယာသည်ကား (၁)တိုက်တွင် အားလုံး တမြုံ့မြုံ့စား၍ စားကောင်းကြ၏။ ထုံးနှင့် ရှားဆေး ကျကျနန စပ်ထားသောကြောင့် မစားတတ်သော သူများပင်လျှင် ထုံးမပေါက် ကွမ်းမနင်ဘဲ တမြုံ့မြုံ့ဝါး၍ စားကောင်းလှ၏။

"ဘကြီးအောင်ရဲ့ ကရင်မ တယ်စွမ်းသကိုး၊ ဒီည လာရင် ဘီယာလေး၊ ဘဲကင်လေး တောင်းရအောင်၊ ဘီယာ၊ ဘဲကင်လောက် မလုပ်နေနဲ့။ ဂျော်နီလမ်းလျှောက်လေးပါ တောင်းမှ၊ ဆိုဒါမရရင်နေ၊ ရေခဲတုံးနဲ့ဆိုရင် on the rock ပေါ့"

ကွမ်းတမြုံ့မြုံ့ဝါး၍ ဦးရဲအောင်မင်းက ဆိုပြန်သည်။ လူ့အလိုကို နတ်မလိုက်နိုင်ရင်သာ ရှိမယ်။ ကရင်မကတော့ နိုင်မယ်ထင်တယ်ဟူ၍ တစ်ဖန် ပြောကြကုန်၏။

"ဘိုင်စကုပ်မင်းသမီးနဲ့တူလား"
"အတော် စတိုင်လ် မိုက်တယ်"
"ဆောင်း ရုပ်ရှင်ကားထဲက မင်းသမီး စံရှားတင်လို ကိုယ်လုံးတောင့်တောင့် မျက်နှာဆင်တင်တင်"

ပီသုံးလုံး ကိုသောင်းထိုက်နှင့် ဘကြီးအောင်တို့ စေ့စေ့စပ်စပ် မေးဖြေသံကို အားလုံးက နားစွင့်နေကြ၏။ ပီသုံးလုံးတွင် ပါဝင်သူအားလုံးတို့သည် 'လက်ဝဲဝါဒီရုပ်ဝါဒ' ကွန်မြူနစ်ဝါဒ စစ်စစ်ကို လက်ခံယုံကြည်သူများဖြစ်သည်။ တိုက်ခန်းတွင် နေထိုင်သော သူအားလုံးတို့သည် လက်တွေ့ရုပ်ဝါဒဆက်နွယ်သူများ၊ သိပ္ပံနည်းစနစ်ကို လက်ခံသူများလည်း ဖြစ်ပေရာ တစ္ဆေသရဲနှင့် ပတ်သက်၍ အယုံအကြည်မရှိသူများ ဖြစ်၏။ ယခုဖြစ်ရပ်တွင်ကား စိတ်ထင်လို့ပါဟူ၍ ပြောရခက်နေ၏။ ဝါဒါကျော်ဦး နားရင်းရိုက်ခံရသည်မှာ သေချာလှသည်။ စီးကရက်ကို လေတွင်ထားလျက် အစီခံမှ ကွမ်းဖက်၊ သွားကိုက်ရာ၊ ဘကြီးအောင် အခန်းသော့လှုပ်ခြင်း၊ ကွမ်းယာ မပျောက်လင့်ဘဲ ရရှိခြင်းတို့သည်ကား ထူးခြားချက် ဖြစ်ပေသည်။

"သရဲဆိုတာရှိရင် တွေ့ချင်လိုက်တာ"
(ရကသ) ကိုတင်ဆန်းက စိတ်ခံစားချက်ကို ပြော၏။ ထိုညနေတစ်ခုလုံး တစ္ဆေသရဲပုံပြင်များ အပြန်အလှန် ပြောကြသည်။ မကောင်းဆိုးဝါး နာနာဘာဝမှန်သမျှ ကိုယ်ထင်ပြကြပါစေဟူ၍ အခန်းတိုင်းက တောင်းဆို၍ အိပ်ရာဝင်၏။ တစ္ဆေသရဲတို့ကို စောင့်ဆိုင်းကြ၏။ မိုးလင်းခါနီးမှ အိပ်စက်ကြ၏။

"ဟား... ဟား... ဟား... ဟား... ဟား"
ဟူ၍ စူးစူးဝါးဝါးရယ်မောသံ ကြားရသော် အားလုံး ရုတ်တရက်နိုး၏။ တန်းစီးစိုးမြတ်သည် တစ်စုံတစ်ရာ ပူးကပ်စီးနေသကဲ့သို့ မရပ်မနား စူးဝါးရယ်ကာနေ၏။ ကိုသောင်းထိုက် အခန်းရှေ့တွင် ရပ်၍ လက်ညှိုးထိုး ခေါင်းတဆတ်ဆတ်ညိတ်ကာ ရယ်မောသည်။ ထို့နောက် ရယ်မောခြင်းကို ရုတ်တရက်ရပ်ကာ တပီလာဟူ၍ သုံးခွန်းအော်ကာ ဘကြီးအောင် အခန်းတွင် ကွမ်းယာထုပ်ပေး၍ (၁)တိုက်အတွင်းမှ ထွက်ခွာသွားသည်။

"စိုးမြတ်ကြီး ဘာဖြစ်တာလဲ"
အစောင့်ဝါဒါများက ခေါင်းတရမ်းရမ်း မေးတဆတ်ဆတ်နှင့် ပြော၏။

"သန်ဘက်ခါည လာခဲ့မယ်လို့ ကွမ်းယာထုပ်မှာ စာရေးထားတယ်"
ဘကြီးအောင်က ကွမ်းထုပ်ပေါ်မှ စာတိုကိုပြ၏။

"ဟာ ဘယ်သူလာမှာလဲ"
"သရဲဆိုတာ စာမရေးတတ်ပါဘူး"
"စိုးမြတ်ကြီးရေးထားတာ နေမှာပေါ့"
"သန်ဘက်ခါ ကျရင် နွားဆေးလိပ်၊ ပဲကြော်နဲ့ ဧည့်ခံမယ်လို့"
အားလုံး တဟီးဟီး တဟားဟားနှင့် ဝိုင်းသြဘာပေးကြ၏။

## *သရဲစီးခံရခြင်း*

'အား'ဟူသော အသံနက်ကြီးကို လူအမြောက်အမြား တပြိုင်နက်တည်း အော်ဟစ်ခြင်းကို ကြားဖူးသူ ရှိကောင်းရှိမည်။ သို့သော် ရှားမည်။ သန်ဘက်ခါဟုဆိုသော ညတစ်ညတွင် ထိုအသံကို တိုက်(၁)တွင် ရှိသူအားလုံးတို့သည် ကြားလည်း ကြားဖူးကြသည်။ ကိုယ်တိုင်လည်း အော်ဟစ်ကြသည်။

စူးစူးဝါးဝါးအော်ဟစ်သံများ အသံနက်ကြီးနှင့် မရပ်မနားအော်ဟစ်သံများ တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် အသံများကြောင့် တစ်တိုက်လုံး နိုးထလာကြ၏။

"အဆောင်(၃)မှာ သရဲစီးလို့"
အစောင့်ဝါဒါများက ပြောသည်။

"အိပ်ချိန်လှဲထားမယ်၊ လှဲနေမယ်၊ လုံးဝမထနဲ့"
ဝါဒါများ၏ အမိန့်ပေးသံတို့သည် တိုက်ဝင်းအတွင်း ဆူညံနေ၏။

ထောင်အတွင်း သရဲစီးခြင်းသည် လွန်စွာ ကြောက်မက်ဖွယ်ကောင်း၏။ ခွေးတစ်ကောင်အူလျှင် အခြားခွေးများ အူသကဲ့သို့ အလားတူ တစ်ဦးတစ်ယောက်မှ အသံနက်ကြီးနှင့် စတင်အော်လေသော် အခြားလူများက လိုက်၍အော်သည်။ လူစိတ်ပျောက်၍ တစ်ဦးနှင့်တစ်ဦး ထိုးကြိတ် ရိုက်နက်ကြသည်။ သရဲစီးသည်ဟူသော စကားအတိုင်းဖြစ်သည်။ ကြီးမားသော အဏ်ရာအနာတရ ရသည့်တိုင် အသက်ထိခိုက်နိုင်သော အနေအထားအထိ တစ်ဦးနှင့်တစ်ဦး ထိုးကြိတ်ရိုက်နက် သတ်ဖြတ်ကြကုန်သည်။ အိပ်ဆောင်ဘာယာများ၊ တန်းစီးများ၊ ဝါဒါများ၊ အခန်းလူကြီးများ ထိန်းသိမ်း၍မရအောင် ဖြစ်လေ့ဖြစ်ထရှိသည်။

"ဟား ဟား ဟား သန်ဘက်ခါည လာမယ်ဆိုပြီး (၁)တိုက်လာမယ်ဆိုပြီး (၃)ဆောင်ကို ရောက်နေလေရဲ့"

ကိုသောင်းထိုက်ကပြော၏။

"ဒီသရဲလိပ်စာ မှားလို့နေမှာပေါ့"
ဟု တင်ဆန်းက ထပ်ပြော၏။

"စောပါသေးတယ် သူလာရင်လည်း လာမှာပေါ့"
ဟု ရန်ကြီးအောင်ကဝင်၍ နောက်ရွှတ်ရွှတ်ပြော၏။

ထိုစဉ် 'အား' ဟူသော အသံသည် အဆောင်(၁)တွင် ပေါ်လာပြန်သည်။
"ဟာ ဒုက္ခပဲ၊ ဆက်တိုက်ဖြစ်တော့မယ်"
ဝါဒါတို့က ပြောပြန်သည်။

ဤသို့ သရဲစီးခြင်းမဖြစ်သည်မှာ ကြာပြီဖြစ်ပါသည်။ သရဲစီးက အဆောင်များ တစ်ခုနှင့်တစ်ခု ကူးစက်ကာ ဖြစ်တတ်၏။ ယခု ည (၁၁)နာရီခန့်သာ ရှိသေး၏။ တစ်ညတာအတွက် စိုးရိမ်ရကြောင်း ဝါဒါများက ပြော၏။ အိပ်ဆောင်များ နံနက် (၆)နာရီမှ စဖွင့်မည်ဖြစ်ပေရာ တိုက်အတွင်းမှ လူများအားလုံး မအိပ်ကြတော့။ အားလုံးသတိနှင့် ထိုင်နေကြသည်။ အိပ်ချိန်မအိပ်ဘဲ အချင်းချင်း စကားတီးတိုးပြောကြသည်။ ထိုသို့ဖြင့် မနက်သုံးနာရီခန့်သို့ ရောက်သောအခါ-
"တော်ကြာ မိုးလင်းတော့မှာ၊ ထောင်မဖွင့်ရင်တောင် လေးနာရီဆိုလင်းပြီ"

ကမ္ဘာဦးအစ လူများ နေမင်းအလင်းရောင်ကို မျှော်လင့်သည့်အလား အလင်းရောင်ကို တောင့်တကြသည်။ အသံများလည်း မကြားရတော့၊ မျက်လုံးများ လေးလံကာ အိပ်ချင်စိတ်လွှမ်းမိုးနေသည်။ အိပ်သူအိပ်၊ ငိုက်သူငိုက်၊ သက်သောင့်သက်သာနေ၍ မှေးခနဲ အိပ်ပျော်သွား၏။

လက်တို့၊ ခြေတို့ လှုပ်၍မရ။ ရင်ဘတ်ပေါ်တွင် တက်နင်းထားသကဲ့သို့ မျက်လုံးဖွင့်ကြည့်သောအခါ ဖိနပ်မပါသော ခြေတစ်စုံကိုမြင်ရ၏။ အထက်သို့ မော့ကြည့်လေသော် မျက်လုံးပြူး၊ လျှာထွက်၊ ကြိုးတန်းလန်းနှင့် သေနေသော လူသေကောင်ကြီး။ ဘေးမှလည်း မကောင်းဆိုးဝါး ငြသံပေး၍ တအူးအူး တအားအားများ ကြားရ၏။ ရင်ဘတ်ပေါ်မှ နင်းထားသော ခြေထောက်တို့သည် ပိုမိုလေးလံလာ၏။ တစ်ကိုယ်လုံး လှုပ်၍မရတော့။

"ကိုဇာကြီး ဘာဖြစ်နေတာလဲ"
တစ်ယောက်ယောက် အော်ဟစ်မေးသံကြားရသည့်အခါမှ ကြိုးစားရုန်းကန် ညှစ်ထုတ်နေသော အားဟူသော အသံထွက်လာ၏။ ထိုသို့ နိုးထသော အချိန်တွင်လည်း တစ်တိုက်လုံး ထောင်တစ်ခုလုံး ဆူညံအော်ဟစ်နေကြ၏။ ဝါဒါများကိုယ်တိုင်ပင်လက်တွင် ကိုင်ထားသော Gun Piper နှင့် သံတိုင်များကို တဂျမ်းဂျမ်းရိုက်၏။ အတော်အတန် အော်ဟစ်ကြပြီး အသံများကို ရပ်လိုက်၏။ အိပ်မက်ဆိုးမှ နိုးထလာကြ၏။

"လူမည်းကြီး လာခွလို့"
ရန်မျိုးသိမ်းက ပြော၏။

"လည်ပင်းလာညှစ်လို့"
တင်ဆန်းကပြော၏။

"လက်ပြတ် အမည်းကြီး လည်ပင်းလာညှစ်လို့"
ဟု ကိုသောင်းထိုက်က ပြော၏။

အားလုံးအိပ်မက်ဆိုးကို တစ်ပြိုင်နက်တည်း မြင်မက်ခြင်းဖြစ်ပေ၏။ နံနက်လေးနာရီအကျော်တွင် မလင်းသည့်အပြင် ပို၍မှောင်သယောင် လဝင်ချိန်ဖြစ်သည်။ နေသည်လည်း ထွက်မလာ။ မိုးကောင်းကင်တွင် ကြယ်စင်အလင်းများ တိမ်ဖုံးနေ၏။ ထိုအချိန်တွင် နံနက်လင်းခါနီးဖြစ်၍ ပြန်အိပ်ရန် ချောက်ချားနေကြ၏။ အားလုံးမှေးခနဲ ဖြစ်သွားပြန်၏။

'အား'
ဟူသော အသံနက်ကြီးသည် ကိုသောင်းထိုက် အခန်းမှ စူးစူးဝါးဝါး အသံဖြစ်နေ၏။

တိုက်(၁)ဘက် ငြိမ်ကျနေပြီဖြစ်၏။

"ကိုသောင်းထိုက် အိုကေလား"
ဟု ဝါဒါများမှ မေး၏။

"ကုပ်ပေါ် အေးစက်စက်ကြီး ခွစီးလို့"
ကိုသောင်းထိုက်ပြော၏။ ဝါဒါများက ကိုသောင်းထိုက်အခန်းဝတွင် ထိုင်နေ၏။

"ဂျောင်း ဂျောင်း ရှိုက်တန်၊ ရှိုက်တန်"
အခန်း(၂)မှ အီစမန်က ကုလားလို ထအော်၏။

"ကိုအီစမန် ဘာဖြစ်တာလဲ"
"အပေါက်ဝကနေ အငွေ့တန်းကြီး ဝင်လာတယ်။ ရှိုက်တန် သရဲမိန်းမဖြစ်တယ်၊ အရိပ်ကနေ ဖြစ်လာတယ်"
"အားရိုးရိုး အလ္လာ"
ဟူ၍ ဘုရားတပြော၏။ မိုးသောက်ခါနီးသည်အထိ အခန်းများအတွင်း အရိပ်မြင်သူမြင်၊ အကောင်မြင်သူမြင်၊ အကိုင်ခံရသူခံရနှင့် တစ္ဆေသရဲ မြင်ဖူးလိုသူများအား ဆန္ဒဖြည့်လေတော့သည်။

"ကြုတိပိသော" ရွတ်နေသော တင်ဆန်းအား ပါးစပ်ကို အမွှေးထူထဲနေသော လက်တစ်စုံက လာရောက်ပိတ်၏။ ရောင်နီပျိုးချိန်ရောက်သော် အားလုံးငြိမ်သွား၏။

ထူးခြားချက်သည်ကား ပြုံးချိုသည် သရဲသဘက် မကောင်းဆိုးဝါး၏ ခြောက်လှန့်ခြင်းကိုလည်း မကြုံ၊ အိပ်မက်ဆိုးလည်း မရ၊ အော်လည်း မအော်၊ အေးချမ်းစွာ ပကတိရှိသည့်အပြင် အခြားအခန်းများ ဆိုးဆိုးဝါးဝါး ဖြစ်နေသည်များကို လိုက်လံအားပေးကူညီသည်။

အကြောင်းသည်ကား ပြုံးချိုသည် ပန်ချီဝါသနာပါသူ ဖြစ်ပေရာ အခန်းနံရံအတွင်း ဘုရားပုံတော်များ ရေးဆွဲထားခြင်းကြောင့်ဖြစ်သည်။

"ကိုပြုံးချို ဘုရားပုံ လာဆွဲပေးပါ"
လို့ ကိုသောင်းထိုက်က စ၍တောင်းဆိုသည်။ ဤသို့ဖြင့် နောက်နောင်တွင် အခြားအဆောင် တိုက်များတွင်သာ သရဲစီးခံရခြင်းများဖြစ်၍ တိုက်(၁)တွင် နာနာဘာဝဘေးမှ လွတ်၏။

သို့သော် ဘကြီးအောင်က တပီလာကွမ်းနှင့် ဝေးရလေတော့သည်။ များမကြာမီ သတင်းကြားရသည်မှာ ကရင်မသည် တိုက်(၃)တွင် နေထိုင်သော ဆရာမင်းသိန်းထံ ခြေဦးလှည့်နေကြောင်း သိရှိရသည်။

*****




## စားစား အားမနာနဲ့စား

ငါးသုံးလုံးစီးကရက်ကို ရှိုက်ခနဲ တစ်ချက်ဖွာ၍ အခြားလက်မှ ကိုင်ထားသော ကြက်ပေါင်ကို အားရပါးရကိုက်လိုက်ကာ တမြုံ့မြုံ့ဝါးရင်း စီးကရက် မီးခိုးများ မှုတ်ထုတ်သည်။ ဤသို့ စီးကရက်ဖွာလိုက်၊ ကြက်ပေါင်ကိုက်လိုက်နှင့် စားပြီး သကာလ ဘဲကင်တစ်ဖက်ကိုယူကာ ချိုတိုတို ချဉ်တင်တင် အချဉ်ရည်ဖြင့် တို့စား၏။ အသားများနှင့် အနည်းငယ်နင်နေသော လည်ချောင်းကို ရှင်းသွားစေရန် အလို့ငှာ ငါးခေါင်းဟင်းချိုကို ရှူးခနဲနေအောင် နှစ်ဇွန်း၊ သုံးဇွန်းဆင့်၍ သောက်လိုက်သည်။ ထို့နောက် ငါးရှဉ့်ကို ခပ်စပ်စပ်ခြောက်အောင် ကြော်ထားသည့် ငါးရှဉ့်ခြောက်စပ် တစ်ဖတ်၊ နှစ်ဖတ်ကို ဝါးပြန်သည်။ လက်တွင်တိုနေသော ဆေးလိပ်တိုကို လွှင့်ပစ်၍ ငါးသုံးလုံး စီးကရက်ဘူးအတွင်းမှ စီးကရက်နောက် တစ်လိပ်ကိုယူ၍ ဓာတ်ငွေ့ဂတ်(စ်)မီးခြစ်ကို ထောက်ခနဲ ခြစ်ပြန်သည်။ ခေါင်းကိုမော့၍ ဆေးလိပ်ငွေ့တို့ကို မှုတ်ထုတ်ကာ ဘေးတွင် ချထားသည့် ကိုင်းကျိုးကာ၊ အညှိတက်ကာ ဟောင်းနွမ်းလှသည့် ပလတ်စတစ်ခွက်အတွင်း ထည့်ထားသော နိုင်ငံခြားဖြစ် cocacola အချိုရည်ကို တမျှင်းမျှင်းစုပ်ကာ သောက်သုံး၏။ ထို့နောက် လက်များနှင့်ပင် မထိသေးသော ဝက်သားအဖတ်လိုက်နှင့် အလုံးခပ်တုတ်တုတ် ခေါက်ဆွဲကြော်နှင့် ကြာဆံကြော်၊ ကြက်သားသုပ်နှင့် ဝက်စတူးတို့ကို မျက်လုံးများ မှေး၍ မျက်စောင်းခပ်စွေစွေကြည့်ရင်း ချောင်းတစ်ချက် ဟန့်၍-

"ဟော့ကောင် ဇာဏီ၊ ခေါက်ဆွဲကြော် နည်းနည်းယူစားကြည့်လေကွာ၊ ဟိုဘက်က ကြက်ကောင်လုံး ကောက်ညှင်းသွပ်ထားတဲ့ ကောက်ညှင်းလည်း ယူစားလိုက်ဦး"

(၃)တိုက် အခန်း(၂) သံတိုင်များနောက်ကွယ်တွင် တိရစ္ဆာန်ရုံမှ မျောက်အိုကြီးအလား ငုတ်တုတ်ထိုင်နေသော စံ-ဇာဏီဘိုအား လှမ်း၍ပြော၏။ အခန်းရှေ့ ထောင်အစောင့်ဝါဒါများ အိပ်စက်သည့် ကွပ်ပျစ်ခုတင်ပေါ်တွင် အဖွယ်ဖွယ် အရာရာသော စားဖွယ်များ တည်ခင်းထား၏။ ဟင်းခွက်အလယ် တင်ပျဉ်ခွေ၍ မိန့်မိန့်ကြီး ထိုင်ကာ ဆေးလိပ်သောက်လိုက်၊ စားသောက်ဖွယ်ရာများ သုံးဆောင်လိုက်သည်နှင့် ဆရာကြီးမင်းသိခ် ပြောသည်။

တိုက်ရှေ့အရိပ်အောက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ထက်အောက် ဝတ်ဖြူစင်ကြယ်နှင့် ဆံပင်ဖြူနက်ကျား၊ ထောင်ထောင်မောင်းမောင်း၊ အသားလတ်လတ်၊ ရွှေကိုင်းမျက်မှန်နှင့် ဦးရဲထွန်းကို လှမ်းကြည့်ကာ-
"လာ လာ ၊ လာ... လာ... လာလေကွာ မောင်ရဲ၊ သွေးတိုးရှိလို့ သေရင်သေပါစေ၊ ဒီမှာ လာစား... ကွာ၊ ဟောဒီမှာ ဝက်စတူး၊ ဒါက ဝက်နံကင်၊ ဘဲကင်က ဟောဒီမှာ၊ ပြည်ကြီးငါးသုပ်၊ ကြည့်စားပါဦးကွာ၊ ကြက်သားသုပ်ကိုတောင် လက်နဲ့ မထိကြဘူး၊ တယ် ဘဝင်မြင့်ကြသကိုး"

အသံသြသြနှင့် မထေ့တထေ့ ပြောလေသတည်း။ ကွမ်းယာကို တမြုံ့မြုံ့ဝါး ငါးသုံးလုံး ဆေးလိပ်ဖွာ၍ လမ်းသလားနေသော ဦးရဲထွန်းက ပါးစပ်ကိုစေ့၊ မျက်နှာကို အုပ်၊ လက်ဝါးကာ၍ ရေမြောင်းနားသွားကာ ပါးစပ်က ကွမ်းကို ထွီးခနဲ ထွေးထုတ်ကာ-
"လာမယ် လာမယ် လာမယ် ကိုယ်က ကုလားစာကို ကြိုက်တာ တရုတ်စာကို ခံတွင်းမတွေ့ဘူး"

ဦးရဲထွန်း၏ တုံ့ပြန်သံကို နားထောင်ရင်း ဆရာမင်းသိခ်က ခပ်ထေ့ထေ့ပြုံးကာ-
"သိတယ်ကိုယ့်လူ ။ မောင်ရင်တို့လို ဘိုဆန်သူတွေက ကုလားဆိုင်ကို ကြိုက်တတ်မှန်းသိတာပေါ့"

ထို့နောက် စကားကိုရပ်၍-
"ဒီဘက်မှာ ရိုတီဘာကြီးကျော်နှင့် ဒီမှာ မတ်ပဲ တိုရှည်နဲ့ ဆိတ်သားကလည်း ဂေါ်ရင်ချီချက် ချက်ထားတာ မဆလာနံ့ကို သင်းနေတာပဲ"

အစားစာများရှိရာသို့ မေးဆတ်၍-
"မောင်ခ မင်းတော်တယ်၊ အပြင်ပြန်ရောက်ရင် စာလည်း မရေးနဲ့၊ ဗေဒင်လည်း မဟောနဲ့၊ ကိုယ့်ရဲ့ ပီအေပဲလုပ်"

ဦးရဲထွန်းက ပြုံး၍ ခပ်ထေ့ထေ့ပြောသော်-
"ပီအေတော့ မလုပ်တော့ဘူး ကိုယ့်လူ။ အကြံပေးသာ ခန့်လိုက်"

ဤသို့အပြန်အလှန် ပြောနေသူများသည် အသက်(၅၀)ကျော် ပုဂ္ဂိုလ်များသာ ဖြစ်သည်။ အပြင်တွင် တစ်ယောက်နှင့်တစ်ယောက် မခင်ကြ။ ဤနေရာတွင်သာ ညီအစ်ကိုသဖွယ် ခင်မင်ရင်းနှီးကာ မောင်ခ၊ မောင်ရဲ ဟူ၍ အပြန်အလှန်ခေါ်ကာ ငယ်ပေါင်းကြီးဖော်အလား ပေါင်းဖက်၍ အမြဲတစေ

ငြင်းခုံစကားနိုင်လုလေ့ရှိသည်။ တိုင်းတစ်ပါးမှ ဥပဒေအတတ်ပညာကို သင်ကြားသည့် ရှေ့နေကြီးဦးရဲထွန်းနှင့် နိုင်ငံကျော်ဆရာ မင်းသိခ်တို့၏ ငြင်းခုံစကားနိုင်လုပွဲတို့သည်ကား အတူနေ အားလုံးတို့အတွက် ဗဟုသုတရဖွယ် အကြောင်းအရာများချည်း ဖြစ်ပေသတည်း။

ဤကား အိပ်မက်မဟုတ်၊ တစ်ခုသော ဒီဇင်ဘာလ အေးချမ်းလှသည့် နေ့ခင်းတွင် မြို့ရန်ကုန်၏ ကြေးရတတ်မျက်နှာကြီးများ စားသုံးလေ့ရှိသော ချိုချဉ်ခဲဖွယ်အဖြာဖြာတို့ကို အမှန်တကယ် အားရပါးရနှင့် အင်စိန်မြို့ကြီး၏ လေးဖက်နံရံကာ ဤနေရာကြီး၌ လူတစ်စုမြိုင်ရေရှက်ရေ စားသုံးနေကြခြင်း ဖြစ်သည်။

"ဘာပဲပြောပြော..."
ဘိုးတော်ခင်ဝင်း၏ နိဒါန်းစကားပျိုးသံ အစချီသည်နှင့် 'ဘစ်... ဘဲပြားပြား...' ရန်မျိုးသိန်း၊ ပြုံးချို၊ တင်ဆန်း၊ မြအေး၊ တိုးကျော်လှိုင်တို့က ဝိုင်း၍ သံပြိုင်အော်ကြပေသည်။ ဘိုးတော်ခင်ဝင်းသည် အကြောင်းတစ်စုံတစ်ရာကို စတင်ပြောရာ၌ ဘာပဲပြောပြောဟု အစချီလေ့ရှိသည်။ ထိုသို့ အစချီပြီးသော အချိန်အတော်ကြာ စကားစုကို မစပ်ဘဲ အရှိန်ယူလေ့ရှိသည်။ ထိုစကားစုကို အစချီတိုင်း အလွန်နောက်ပြောင်သန်လှသည့် ကျောင်းသားလူငယ်များက ဘစ်ဘဲပြားပြားဟူ၍ သံပြိုင်အော်လေ့ရှိသည်။ အော်ဟစ်ကြကုန်သည့် လူငယ်များ၏ ပါးစပ်များတွင် ဆီများဝေ့နေသည်။

ပဲဟင်းနှင့် တာလပေါကိုသာ ထည့်လေ့ရှိသော ပုံစံခွက်တို့သည် ငါးခေါင်းဟင်းချို၊ ဘဲပေါင်း စွမ်တန်ဟင်းရည်၊ ၁၂-မျိုးဟင်းချိုဖြင့် ဟင်းအမျိုးအမည်များတို့ ရောက်ရှိနေသည်။ စပါးလုံး၊ ခဲလုံးအတိပြီးသည့် နီကြန့်ကြန့် ဝါကြန့်ကြန့်ဆန်ကို မဆေးဘဲ ရေနွေးဆီပိုင်းပြတ်အပေါ် ဂုန်နီအိတ်ခင်း၍ ပေါင်းခံချက်ပြုတ်သည့် အောက်စော်နံလှသည့် ဖိုကြီးချက် ထမင်းသာ ထည့်လေ့ရှိသော ပုံစံပန်ကန်ပြားသည်လည်း ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ကြက်ပေါင်း၊ ဘဲကင်၊ ငါးရှဉ့်ကြော်၊ ဝက်နံရိုးစသည့် အမည်မည်အဖြာဖြာ စားသောက်ဖွယ်ရာများ သင်းပျံ့ကြိုင်လှိုင်ကာ ပြည့်ဖြိုးလျှံမောက်နေသည်။ အသီးသီး ဝေပုံကျရထားသော အမြှုပ်တစီစီနှင့် cocacola အား တမြမြသောက်လိုက်နှင့် အတော်အတန် ဗိမ်ယစ်နေကြသည်။ ဤမျှရှားပါးလှသည့် စည်းစိမ်အလုံးစုံတို့အား ဒကာခံသူမှာ မန္တလေးသားတစ်ဦးဖြစ်သည်။ ယခုခေတ်ကာလ စပွန်ဆာဟူသည့် စကားသည် ထိုခေတ်တွင် မပေါ်သေး။

ဒကာခံသည်ဟူသော စကားကိုသာ တွင်တွင်ကျယ်ကျယ်သုံးကြပေရာ-
"ဒီလို စားကောင်းသောက်ဖွယ်ကို ဒကာခံတဲ့ မန္တလေးသား နေပြည်တော်ကြီး တစ်ယောက် ကျန်းမာပါစေ၊ ထောင်မှူးဝါဒါတွေနဲ့ အဆင်ပြေပြေ လိုင်းဝင်နိုင်ပါစေ၊ အားလုံးကိုလည်း ကျွေးမွေးနိုင်ပါစေ၊ အသက်လည်း ရှည်ပါစေလို့"
ဘိုးတော်ခင်ဝင်းက တောင်းဆုပြုလေသည်။ သာဓု၊ သာဓု၊ သာဓု အားလုံးက ဝိုင်းအော်ကြသည်။

တထောင်းထောင်းထ၍ လတ်ဆတ်လှသော စီးကရက်နံ့၊ ဖုံးဖိ၍ မရလောက်အောင် မွှေးကြိုင်လှသည့် တရုတ်ဟင်းလျာနံ့များကြောင့် ဝေသာလီပြည် ဘီလူးကျသည့်နှယ် တရုန်းရုန်းနှင့် တဖြိုးဖြိုး တစ်ဖြောက်ဖြောက်၊ တကျွတ်ကျွတ် တကျက်ကျက်၊ အပြွတ်ပြွတ်

တရှုတ်ရှုတ်၊ တအင်းအင်း တအုအု၊ တဂွက်ဂွက်နှင့် ကိုက်စား ဝါးမျို အုတ်အော်သောင်းနင်း စားသုံးနေသည်ကို အနန့်ခံကောင်း၍ နားပါသော (၄)တိုက်မှ ကိုအရိုင်းက-
"သုံးတိုက်က ရဲဘော်တွေ၊ တယ်မွေးပါလား"
ဟူသော စကားမဆုံးမီ-
"ရဲဘော်တွေမဟုတ်ဘူး၊ ရဲဘက်တွေ၊ ရဲဘက်တွေ"
ဦးရဲကြီး၏ စကားသံနှင့်တကွ 'ကောင်းကောင်း'ဟူ၍ ဝိုင်းဝိုင်းကာ ပလုတ်ပလောင်း ဝိုင်းဝန်း အော်ကြလေသော်-
"ဒီဘက်နည်းနည်း ပို့လိုက်ဦးနော်၊ အဘိတော် (ဦးတော်ဘုရားလေး) ဥပုသ်အတွက် ခံတွင်းပျက်နေတာနဲ့ အတော်ပဲ"

အရိုင်းက လှမ်းအော်သံသည် ဆရာခရေ ကိုယ့်လူအရိုင်း မျောက်ပြပြီး ဆန်တောင်းမလို့လား၊ မဟုတ်ပါဘူး ဆင်ဖြူတော်မှီပြီး ကြံစုပ်မလို့ပါ၊ ဆရာရေ အဘတော်က ပြောတယ်၊ သူ့ကို မျောက်နဲ့ နှိုင်းတာလားလို့ဆိုသော် ဆရာခသည် တဟားဟားနှင့် ရယ်မောလေသည်။

"အိုကေ အိုကေ ပို့လိုက်မယ်၊ ပိုတာမှ လျှံနေတာ ဒီမှာ"
"တယ်ဟုတ်ပါလား၊ ဘယ်သူ ဒကာခံတာလဲ၊ နေပြည်တော်ကြီးပေါ့"

ကမ္ဘာပေါ်တွင် လွန်စွာချမ်းသာကြကုန်သော သန်းကြွယ်သူဌေးများ ရှိကြကုန်သည်။ မြန်မာနိုင်ငံတွင် ထိုခေတ် ထိုကာလတွင် လူချမ်းသာများ ထွက်ပြူစ ပေါ်ဦးပေါ်ဖျား ကာလဖြစ်၏။ မန္တလေးမြို့မှ (နေပြည်တော်ကြီး)သည်ကား အင်စိန်ထောင်၏ မီလျံနာဖြစ်သည်။ ဤဒေသ တစ်ခုလုံးတွင် သူ့လောက် ချမ်းသာသူဟူ၍ မရှိ။ စီးပွားရေးပုဒ်မ ၁၀(က)ဖြင့် ထိန်းသိမ်းခံထားရသည့် ထိုခေတ် ထိုကာလ လုပ်ငန်းနယ်ပယ်အသီးသီးမှ ထိပ်သီး(စူစကာ) သူဌေးကြီးများဖြစ်ကြသော ကုလားသူဌေးဒါဝတ်ပိုင်၊ ဒေါ်လာသူဌေး အီစမန်၊ ဆန်သဌေး ကျင်စိန်၊ ရွှေသူဌေး ဦးကျော်သိန်း၊ တရုတ်သူဌေး ဘွန်ဝုက်စသည့် သူဌေးတို့ထက် အဆများစွာ သာလွန် ချမ်းသူဖြစ်သည်။ ပတ္တမြားကြီးဟူ၍ လည်းကောင်း (နေပြည်တော်ကြီး) ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြပေရာ မူရင်းနာမည် ဦးသန်းထွန်းကိုပင် လူမသိတော့။

ဤသို့ မတန်မရာ စားသောက်ဖွယ်ရာ မြိုင်ဆိုင်စွာ တည်ခင်းစားသုံးရခြင်း၏ ဖြစ်ရပ်ရင်းသည်ကား...

### *ကြိုးသမားမြေဝေါင်*

တိုက်ဝင်းအတွင်း ရယ်မောပျော်ရွှင်သံများ ဆိတ်သုဉ်းနေသည်။ ကြိုးတိုက်မှ သီချင်းသံများ တိတ်ဆိတ်နေ၏။ သီချင်း အဆိုကောင်းလှသော ကြိုးသမားမြေဝေါင်၏ ဆွေးမြည့်သောအသံနှင့် သီဆိုနေသော အလွမ်းတေးသည် တစ်ဝက်တစ်ပျက်တိုးတိမ်သွားပြီး အသံပျောက်သွား၏။ အားလုံးဆွေးဆွေးမြည့်မြည့်ခံစားရသည်။ အိပ်ချိန်မရောက်လင့်ကစား တိုက်တိုင်းအသံငြိမ်နေ၏။

"ဂျောင်း... ဒုန်း..."

ဟူသော အသံသည် လေအဟေ့တွင် တိုက်ခန်းအားလုံးမှ ကြားနေရ၏။ ထိုအသံသည် ရပ်တန့်မသွားဘဲ ပုံမှန်ပြန်မြည်နေသည်။ ကြိုးစင်မှ ကြိုးကျင့်နေခြင်းဖြစ်သည်။

တိုက်ဝင်း၏ အနောက်တောင်ထောင့်မှ ကြိုးစင်တွင်ကြိုးပေးရန်အတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ (၂)တိုက်မှ ကြိုးသမားမြဂေါင်ကို ကြိုးပေးရန် အမိန့်ချလိုက်ပြီဖြစ်သည်။ ကိုမြဂေါင်ကို ကြိုးပေးရန် အမိန့်ချလိုက်ပြီဖြစ်သည်။

ကိုမြဂေါင်သည် အောက်ပိုင်းချည့်၍ ကိုယ်တစ်ခြမ်းသေသကဲ့သို့ဖြစ်သည်။ ခြေများ ကွေးနေသည်။ ကောင်းစွာ ခြေမဆန့်သလိုဖြစ်သည်။ ရေချိုးဆင်း လမ်းလျှောက်သောအခါ ရှေ့မှသူတစ်ဦးမှ ပခုံးကိုကိုင်၍ တဖြည်းဖြည်း လှမ်းရသူဖြစ်သည်။ အလွန်အသံကောင်းသည့် အသံသာ၍ အလွမ်းသံပါ၍ ဆံသဆရာဗလကြီးထက် အဆိုကောင်း၏။ ထိုကြိုးသမားနေထိုင်သော တိုက်သည် တိုက်နံပါတ်(၂)ဖြစ်သည်။ ရင်ကွဲတိုက်ဟူ၍ခေါ်သည်။ ရင်ကွဲတိုက် ဆိုသည်ကား အလယ်တွင် စင်္ကြံလမ်းကျော်ထား၍ မျက်နှာချင်းဆိုင် တစ်ဖက်တစ်ချက်စီ၌ အခန်းများထားရှိသည်။ ထိုအခန်းများသည် အဝင်အထွက် တံခါးတစ်ခုသာရှိသည်။ ခိုင်မာလှသည့် သံတိုင်တံခါးရှိသည်။ အနောက်ဘက်၊ ဘေးဘက်တွင် အပိတ်ဖြစ်သည်။ တစ်ဖက်တစ်ဖက်တွင် အခန်း(၃၀)ရှိသည်။ အခန်းပေါင်း (၆၀)ရှိသော တိုက်တန်းရှည်ကြီးဖြစ်သည်။ မျက်နှာချင်းဆိုင်တို့၏ တံခါးတို့အား တစ်ဖက်နှင့် တစ်ဖက် ဘယ်ညာလွှဲ၍ ဖောက်ထားသည်။

အလယ်လမ်း ဘေးအခန်းတိုက်ဖြစ်ပေရာ ရင်ကွဲတိုက်ဟု ခေတ်အဆက်ဆက်ခေါ်သည်။ သေဒဏ်ပေးခံရသည့် ကြိုးအမိန့်ကျ ကြိုးစင်တက်ရမည့်သူများ နေထိုင်သောနေရာဖြစ်ပေရာ ကြိုးတိုက်ဟု ခေါ်ခြင်းဖြစ်သည်။

အကျဉ်းထောင်တစ်ခုလုံး၏ အကြီးမြင့်ဆုံးပြစ်ဒဏ်ပေး ခံရသည့် နေရာဖြစ်ပေရာ လုံခြုံရေးကို အထူးပြုထားရှိသော တိုက်ဖြစ်၏။ သေဒဏ်ကျသည့် သူများသည်လည်း မြန်မာနိုင်ငံတစ်ခုလုံး၏ အဆိုးဆုံး၊ အမိုက်ဆုံး ထိပ်ခေါင်ဟု သတ်မှတ်ထားသူတို့ သတ်မှတ်ထားသူတို့ ထားရှိရာနေရာ ဖြစ်သည်။ ၎င်းကြိုးတိုက်ကို ထောင်ထဲမှ နေမမြင်၊ လမမြင်တိုက်ဟု သတ်မှတ်သည်။ အခြားသောတိုက်တို့သည် အဝင်အပေါက်မှ ကြည့်လျှင် ကောင်းကင်ကိုမြင်ရင်း မြေကြီးကို တွေ့ရ၏။ ကြိုးတိုက်သည်ကား ပြင်ပကမ္ဘာကို မမြင်ရသော နေရာဖြစ်သည်။ ရေချိုးဆင်းသောအချိန်တွင် (၂)တိုက်နှင့် (၃)တိုက်နောက်ကျောကို တွေ့ရသည်။ (၃)တိုက်၏ အနောက်တွင်သံတိုင်ပေါက်များရှိ၏။

ရေချိုးဆင်းရင်း စကားစမြည် ဝါဒါအလစ်တွင် (၃)တိုက်မှသူများနှင့် ကြိုးသမားများ စကားများ ပြောလေ့ရှိပေရာ ကြိုးသမားအားလုံးသည် (၃)တိုက်မှ သူများနှင့် လွန်စွာရင်းနှီးကြကုန်သည်။

ကြိုးပေးခံရသောသူတို့သည် အခြားသောနည်းနှင့် သေခွင့်မရှိ။ လည်ပင်တွင် ကြိုးကွင်းစွပ်၍ ကြိုးစင်တွင် မသေမချင်း သေစေရန်သာ ဖြစ်သည်။ ထောင်ပိုင်၊ နယ်မြေပိုင်ရဲ၊ တရားသူကြီး၊ ဆရာဝန်ကြီးများ ရှေ့မှောက်တွင် ကြိုးပေးသော အပြစ်ဒဏ်စီရင်ခြင်းဖြစ်သည်။

သေဒင်္ဂါပေးခံရသော ကြိုးသမားတစ်ယောက်အား ကျန်းမာရေးကောင်းစေရန် အလို့ငှာ အထူးပြု ကျွေးမွေးသည်။ နေ့စဉ် ဆရာဝန်မှ ခန္ဓာကိုယ်ကို ပေါင်ချိန်သည်။ ထောင်လောကတွင် အယူခံရှုံး၍ 'စာနီ' ထွက်၍ သေဒဏ်ရက် သတ်မှတ်လေသော် ထောင်ဆရာဝန်မှ နေ့စဉ်ပေါင်ချိန်စက်နှင့် ကိုယ်အလေးချိန်ကိုမှတ်ကာ ကြိုးကျင့်နေသော ကြိုးစင်ထဲ ခန္ဓာအလေးချိန်ကို သတင်းပို့ရသည်။ ပေါင်ချိန်စက်အပေါ် တက်ရသည်ဆိုသည်ကား လူသားတစ်ဦး၏ နောက်ဆုံးနေထိုင်ရန် နေ့ရက်များပေတည်း။ သေဒဏ်ပေးရန် တစ်ပတ်အလိုတွင် စတင်ပေါင်ချိန်ခြင်း ဖြစ်သည်။

၁၉၈၈-မတိုင်မီ ဂွတိုကြိုးသမားသည် နောက်ဆုံးကြိုးပေးခံရပြီး ယခုပြန်လည်၍ ပထမဦးစွာ ထောင်ကိုဖွင့်လှစ်လေသော် ကြိုးစင်တွင် ပထမကြိုးပေးခံရသူကား သေဒဏ်ကျမြဂေါင်ဖြစ်သည်။

## *လျှာပြန်ပေါက်သော ဆရာခ*

"ဒီလိုကိုယ့်လူ ... မှားလို့ကတော့ အင်မတန် ထက်ရှလှတဲ့ စိန်ဓားမောက်၊ သင်းတုံဓားနဲ့ ကိုယ့်လျှာကိုယ်ဖြတ် ဂိုတီသဲကန္တာရထဲသာ ပစ်လိုက်"

ဤကား ဆရာခ၏ စိန်ခေါ်ကြွေးကြော်သံဖြစ်သည်။ မှားရင် လျှာဖြတ်ကြေးဟူသော စိန်ခေါ်သံနှင့် ဟောကိန်းထုတ်သော ဆရာခသည်ကား စကားမပြောနိုင်။ တစ်ပါးသူတို့က နှုတ်ဆက်ရင်လည်း ပါးစပ်ကို လက်ညှိုးထိုး၍ ဝူးဝါးဝူးဝါးသာ အသံပြုနိုင်သော အနေအထားရှိသည်။ ဆရာခ၏ အခန်းဘေးတွင် နေထိုင်သော မောင်မောင်ဦးက ဆရာခကိုယ်စား ရှင်းပြရသည်မှာ နေကောင်းပါတယ် မိတ်ဆွေ၊ စကားပြောဖို့ လျှာမရှိတော့ဘူး၊ ဂိုတီသဲကန္တာရထဲ လျှာရောက်သွားတာပါ ဟူ၍ အမြဲတစေ ပြန်ဖြေရသည်။

ထောင်ထဲတွင် 'လွတ်ကြောင်ကြောင်သည်' ဟူသော ဆိုရိုးစကားရှိသည်။

'ဘုရားကြီးထီးတော်တင်တယ်၊ နိုင်ငံတော်လာတော့မယ်' ဒီလွတ်လပ်ရေးနေ့မှာ ထောင်ခါမယ်ဆိုပဲ စသည်စသည်ဖြင့် လွတ်လပ်ရေးနေ့၊ တပေါင်းလပြည့်နေ့များ အခါကြီးရက်ကြီးများတွင် နိုင်ငံတော်မှ ကြေညာချက်ထုတ်ကာ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိမ့်မည်ဟူ၍ မျှော်လင့်ချက်များနှင့် လွတ်ကြောင်ကြောင်ကြသည်။ ၁၀(က) အထိန်းသိမ်းခံရသူများက ပိုဆိုးသည်။ လွတ်မည်ဆိုက နေ့ချင်းညချင်း လွတ်လေ့ရှိသည်။ ပြီးခဲ့သော ရက်ပိုင်းများအတွင်း (၁)တိုက်မှ ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင် စွန့်ခွာ၍ ဆရာခထံ အချစ်မြားဦးလှည့်သော အဖြူရောင်ဝမ်းဆက်ဝတ်သည့် လုံးကြီးပေါက်လှ ကရင်မအမည်ရှိသော သရဲမ၏ ကလူကျီစယ် အချစ်စမ်းခြင်းများကို အမြဲကြုံနေရကာ ထောင်မှ လွတ်လိုစိတ်များ ဖြစ်ပေါ်၏။ အလွန်စိတ်ခိုင်၍ သမာဓိကြီးလှသည့် ဆရာခတစ်ယောက် စိတ်ညစ်လောက်အောင် ကရင်မ ဆောင်ရွက်ခဲ့ရသည်ကို အလျဉ်းသင့်က ဖော်ပြပါဦးမည်။

"ဒီလွတ်လပ်ရေးနေ့မှာ အားလုံးလွတ်မယ်၊ နိုင်ငံတော်လာမယ်၊ မှားရင် လျှာကိုဖြတ်၊ ဂိုတီ သဲကန္တာရထဲပစ်"

ဆရာခ၏ ဟောကိန်းသည်ကား တိုက်ဝင်းအတွင်းသာမက တစ်ထောင်လုံး၊ ထိုမှသည် နယ်အသီးသီးတွင် ရှိနေသော ရဲဘက်စခန်းများအထိ ပျံ့နှံ့ကုန်သည်။ ဤသို့နှင့် အားလုံး မျှော်လင့်နေကြသည့် လွတ်လပ်ရေးနေ့သို့ ရောက်လာသည်။ လွတ်လပ်ရေးနေ့တွင် အခါတိုင်းနှင့်မတူ တစ်မူထူးကာ ပဲဟင်းကိုချက်၍ ကျွေးသည်။ လွန်စွာကောင်းလှသော သီစုံပဲကုလားဟင်းဖြစ်သည်။

"တွေ့လား ကိုယ့်ဆရာက အရမ်းတော်တာ၊ ဒီနေ့ အားလုံးလွတ်မှာသေချာတယ်၊ ခုကြည့်၊ မနက်စာကိုပဲ ကြည့်လိုက်လေ၊ တကယ့်ရှယ်၊ ဟောဒီမှာ တွေ့လား၊ ငါးခြောက်ဖတ်၊ အသီးအရွက်ကလည်း သန့်၊ ဒါအမှတ်တရ ကျွေးတာပဲ၊ ထောင်ကထွက်ရင် အလွမ်းပြေလေးဖြစ်အောင်ပေါ့"

စံ-ဇာဂနီဘိုက ပဲကုလားဟင်းကို ကြည့်၍ မှတ်ချက်ပေးကာ-
"ဒီလွတ်လပ်ရေးနေ့မှာ အားလုံးလွတ်မယ်၊ မှားရင် လျှာကိုဖြတ်၊ ဂိုတီ သဲကန္တာရထဲပစ်"

ဆရာကောင်းတပည့် ပီသစွာ ဆရာ့လေအတိုင်း တစ်သဝေမတိမ်း ပြောရသည်။ လျှာတော့ ခပ်ယားယား၊ ထူးထူးခြားခြား နေ့ခင်းတွင် ရေနွေးခါးများ လာပို့ပြန်သည်။

"ကဲ… ကြည့်လိုက်လေ၊ ထူးထူးခြားခြား ဘယ်တုန်းက ဒီလို အချိန် ရေနွေးလာလို့လဲ"

မှတ်ချက်ချကာ ဒီလွတ်လပ်ရေးနေ့မှာ အစရှိ၍ လျှာဖြတ် ဂိုတီသဲကန္တာရ ထဲပစ် ဟူသော စကားလုံးကို ရွတ်ကြပြန်သည်။ ထူးကဲစွာ ပဲကုလားဟင်းကို စားရခြင်း၊ ရခဲလှသော ရေနွေးခါးကြီးကို တိုက်ကျွေးခြင်းများခံရလေသော်…
"ရှိပူရသေး… ကုန်မှအေး"
ဟူ၍ ကြွေးကြော်ကာ ချွေးချွေးတာတာနှင့် ရေရှည်စားသုံးရန်အလို့ငှာ တစ်နေ့လျှင် ဖွန်းတစ်ဝက်သာ စားသုံးသည့် ငါးဆီကြော်၊ အသားကြော်နှင့်တကွ မုန့်ကြွပ်၊ ကိတ်ခြောက်နှင့် ထန်းလျက်မှအစ အစားအသောက်တို့ကို ပုံးပေါ်လအောစားသုံးကြသည်။

"ဟေး ဒီနေ့လွတ်မှာ၊ မကုန်ရင် ထားခဲ့လိုက်၊ ရှိတာ အကုန်စားလိုက်မယ်။ လွတ်ငြိမ်းချမ်းသာခွင့်က နေ့ခင်းတစ်နာရီသတင်းမှာ ပါပဲ့မလား၊ ဘယ်ပါပဲ့မလဲ နေခင်းလူကြီးတွေက လက်မှတ်ထိုးမှာ၊ ည(၈:၀၀)နာရီ သတင်းကျမှ ပါမှာ"
ဟူ၍ တစ်ခုသောကာလ သေဒဏ်အပြစ်ကို ချမှတ်ခံရပြီးမှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်မြောက်ခဲ့ဖူးသော (ဖတီး) ဦးမန်းဒါဝိတ်က ပြောကာ နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာမှု ပေးခဲ့ပုံ၊ အတိတ်မှ အကြောင်းကို ပြော၏။

ညနေ(၆)နာရီ ထောင်ပိတ်ချိန်သို့ ရောက်ရှိလာသည်။ အခါတိုင်းထက် နောက်ကျပြီးမှ တန်းစီကာ လူရေတွက်၍ ထောင်ပိတ်၏။ အားလုံးရင်ထဲတွင် မျှော်လင့်ချက်ရောင်ခြည်များနှင့်-
"ဒီနေ့လွတ်မှာ၊ ဆရာခဟောထားတာ၊ မှားရင် လျှာလာဖြတ်လို့ ပြောထားတာ"

ဤသို့နှင့် ည(၈:၀၀)ထိုးသည် သတင်းတွင် မည်သည့်အကြောင်းအရာမျှမပါ။ ဝါဒါကိုကျော်ဦး၏ ရေဒီယိုလေးမှ-
"သည်လူကြီးမင်း ဟိုသို့သွားသည်... ဤလူကြီးမင်း ဟိုလူကြီးနှင့်တွေ့သည်... ထိုပုဂ္ဂိုလ်ကြီးမှ ဤသို့မှာကြားထွက်ခွာသွားသည်၊ ဤတံတားကြီးဖွင့်ပွဲ ကျင်းပသည်... ဤသို့ ညစာစားကြသည်"
စသည် စသည်တို့မှ ရှာရန် ၃၀% မိုးလေဝသသတင်းနှင့်သာ ဆုံးသည်။ အားလုံးရင်ထဲတွင် ဟာတာတာကြီး ဖြစ်သွားသည်။ ရှိုးရှမ်း၊ ရှိုးရှမ်း မင်းသားကြီးဘကြီးအောင် အခန်းမှ အသံထွက်လာသည်။ မျှော်လင့်ချက်ကင်းမဲ့စွာ ငြိမ်တိတ်နေသော အချိန်၌ ထိုအသံသည် ကျယ်လောင်လှ၏။ အလွန်အမင်း ငြိမ်သက်ခြင်းဒဏ်ကို မခံနိုင်သည့်အလား ကတုန်ကယင် ခြောက်ခြောက်သွေ့သွေ့နှင့် ရန်မျိုးသိန်း၏ အသံထွက်လာသည်။

"ဘကြီးအောင် ဘာလုပ်နေတာတုံး"
"ငါဓားသွေးနေတာ၊ ဗိုလ်ခလျှာကို သွားဖြတ်မလို့"
ဘကြီးအောင်စကား၏ ဖြေသံကို အားလုံးက သဘောကျသွား၏။

ပြုံးချိုမှစ၍ ... 'ကောင်း ... ကောင်း'ဟူ၍ အော်ဟစ်သည်။ အားလုံးကလည်း တစ်ပြိုင်နက်-
'ဖြတ်မယ် ဖြတ်မယ်'
ဟူ၍ အော်ဟစ်ကြသည်။

စံ-ဇာဂနီဘိုက သူများအော်၍ မအော်နိုင်။ ချောင်ကုပ်၍ မှိုင်တွေချနေသည်။ ပါးစပ်ကိုလည်း လုံအောင်ပိတ်ထားသည်။ လျှာကိုလည်း မကြာခဏ စမ်းမိ၏။

"အင်း... ဒီလောက်စိတ်ကြီးနေတဲ့ လူတွေ မနက်ကျရင် ထောင်ဖွင့်၊ ဆရာခလျှာ မဖြတ်ခင် ငါ့လျှာလာဖြတ်ရင်ဖြင့် ဒုက္ခ၊ တောက် စကားကြီး စကားကျယ် တယ်ပြောချင်တာကိုး"

နောင်တများရင်မှာပိုက်၊ လျှာကို ဟိုထိုး ဒီထိုး လုပ်လိုက်၊ ပါးစောင်ထိုးကြည့်လိုက်၊ အပြင်သို့ လျှာကို အတန်ငယ်ထုတ်ကြည့်လိုက်နှင့် မနက်တွင် ရှိ၊ မရှိ မသေချာလှသည့် လျှာအား နမြောတသစွာဖြင့် ပါးစပ်တွင် လုံခြုံစွာသိမ်းကာ အိပ်စက်လိုက်သည်။ မနက်မိုးမလင်းသေး။ အားလုံးရှုစိရှုစိနှင့် ဆူညံနေကြသည်။ နံနက်စာစားရန်လည်း မရှိတော့။ သွားတိုက်ဆေးဘူး၊ သွားပွတ်တံ၊ စားစရာ မစွည်းမှန်သမျှ ဟိုလူပေး၊ ဒီလူပေး၊ ဟိုလွှင့်ပစ်၊ ဒီလွှင့်ပစ်နှင့် ရေကို ပလုတ်ကျင်း ပွတ်စရာဆားပင် အခန်းအတွင်း မကျန်။ ထောင်ဖွင့်လေသော် စံ-ဇာဂနီဘိုသည် ပါးစပ်ကို လက်ကိုင်ပဝါစည်း၍ ထွက်လေသော်-
"အော်မာ... ဗိုလ်အောင်ဒင်လိုလို၊ ချေးကျုံးကုလား လိုလို လာစမ်း"
ဘကြီးအောင်က လှမ်းခေါ်သည်။ သူ့လက်တွင်လည်း ထက်မြက်လှသော ဓား၊ သည်အတိုင်းတော့ လျှာဖြတ်မခံ။ တိုက်ကိုပတ်ကာ ဟိုပြေး သည်ပြေးလုပ်လေတော့သည်။ ပြုံးစိစိနှင့် ထောင်မှူး ဦးထွန်းထွန်းဦးရောက်လာမှ သက်သာရာ ရတော့သည်။ ဦးထွန်းထွန်းဦးက ဟိုဘက်(၃)တိုက်မှာတော့ ဆူကုန်ပြီ။ ဆရာခလည်း လျှာမရှိတော့ဘူး။

"ဟာ... ဒီလောက်တော့လည်း မလုပ်သင့်ပါဘူး"

ထိုစကားကြားလေသော် အားလုံး စိတ်မကောင်း ဖြစ်သွားသည်။ စံ-ဇာဂါဘို ကျောချမ်းသွားသည်။

"ဟာ ဒါတော့ မလုပ်သင့်ဘူးထင်တယ်"
အားလုံးကပြောသည်။

"နောက်တာပါဗျာ ၊ ဘာမှ မဖြစ်ပါဘူး၊ ဆရာခ မမှားပါဘူးဗျာ၊ ရဲဘက်စခန်းက လူတွေ တစ်ချို့ လွတ်ဝရမ်းနဲ့ လွတ်ကုန်ကြတယ်၊ နှစ်ကြီးသမားတချို့လည်း အထူးလျော့ရက်တွေပေးတယ်၊ လွတ်ငြိမ်းချမ်းသာတော့ မရဘူး။ ဒါပေမယ့် လွတ်နည်းတွေ တော်တော်များများ လွတ်သွားကြတယ်။ နိုင်ငံတော် အဆင့် မဟုတ်ဘဲ ပြည်ထဲရေးဝန်ကြီး လက်မှတ်နဲ့ ထုတ်တာ"

ဆရာခအား မှားသည်ဟု မည်သူမျှ မဆိုတော့။ အလွန်စိတ်ကြီးသော ဆရာခသည် ထိုနေ့မှစ၍ စကားမပြောတော့။ အခန်းဘေး၌ရှိသော မောင်မောင်ဦးနှင့် တစ်ဆင့်ခံပြောနေရ၏။

"ကိုမောင်မောင်ဦး၊ ဆရာခက လျှာမရှိတော့ ဘယ်လိုပြောတုံး၊ ဆေးရှိတယ်လေ၊ လျှာကို ပြန်ထွက်တဲ့ ဆေးရှိတယ်၊ ဟာ ဆိုပါဦး၊ လူအများက မေးနေသော် အင်္ဂလိပ်လို ထရစ်ဖယ် 5 ဖိုက်ဖိုက်ဖိုက်၊ မြန်မာလိုဆိုဗျာ ဆေးလိပ် အဲဒါလေးရှိရင် စကားပြောတာဗျ"

ဤသို့ဖြင့် နွားဆေးလိပ်သောက်ရင် လျှာတို၍ ငါးသုံးလုံးဆေးလိပ်သောက်ရင် လျှာပြန်ထွက်သော မင်းသိခ်သည် တစ်နေ့သ၌ ထောင်ကြီးတစ်ခုလုံး လှုပ်ခါသွားသည့် ဟောကိန်းကို ထုတ်ပြန် ကြေညာပြန်သည်။

ဤဟောကိန်း၏ အဆုံးတွင်ကား ထုံးစံအတိုင်း ဂိုတီသဲကန္တာရကြီး ပါလာပြန်သည်။

## *ဆရာမင်းသိခ်နှင့် ကြိုးသမားမြဂေါင်*

ကြိုးစင်တွင်ရှိသော စက်ခလုတ်များကို ဆီထိုးနေသည်။ မြဂေါင်၏ အလေးချိန်နှင့်ညီမျှသော သဲအိတ်ကို ချိတ်ဆွဲထားသော လည်ပင်းတွင် ကွင်းအလျော့စွပ်၍ ကြိုးတန်းလန်းကျကာ သေစေမည့် ကြိုးသည်လည်း ဖြောင့်တန်းကျစ်လျစ်နေ၏။ မြဂေါင်အား ကြိုးပေးရန် လေးညသာ ကျန်တော့သည်။ အသက်အရွယ် ကြီးရင့်နေကြသော ဝါဒါအိုကြီးများသည် နေ့စဉ် ဘာသာရေးဆိုင်ရာ တရားများ လာရောက် ဆွေးနွေးပေးကြသည်။

ထူးခြားသည်ကား ကြိုးသမားကိုမြဂေါင်သည် သေခါနီးမီး နောက်ဆုံးတောက်လောင်မှု၊ ဇီဝလောင်စာ၏ ကောင်းမှုကြောင့် ပြန်လည် လန်းလျှောက်လာနိုင်၏။ ချည့်၍တွဲခေါ်ရာမှ ဖြည်းဖြည်းချင်းလမ်းလျှောက်ကာ ရေချိုးကန် ဆင်းသော ကိုမြဂေါင်ကိုကြည့်၍ ကြိုးသမားအားလုံး စိတ်မကောင်း ဖြစ်ကြသည်။ ကြိုးကွင်းကို လည်ပင်းတွင် စွပ်၍ စက်တိုင်တွင်တပ်ကာ လည်ပင်းကြိုးတန်းလန်းနှင့် သေဆုံးရခြင်းမှ တစ်ပါး အခြားလမ်းမရှိသည်ကို သိသော ကိုမြဂေါင်သည် အားလုံးကို ပြုံးရယ်နှုတ်ဆက်၏။

စင်စစ် ကိုမြဂေါင်သည် လူမိုက်လူဆိုးတစ်ဦး မဟုတ်။ အိမ်တစ်ခုလုံးရှိ မိသားစုတစ်ယောက်မကျန် အသက်(၈၀)ကျော် အဘွားမှအစ ပုခက်အတွင်းရှိကုန်သော လူတို့ကို တစ်ယောက်မကျန် သတ်ဖြတ်သော သေဒဏ်ပေးခံရမှုသည်ကား ဝတ္တုတစ်ပုဒ်ရေး၍ပင် ဆုံးမည်မထင်။ ဆရာဦးမင်းသိခ်သည် ကိုမြဂေါင်၏ ဘဝဇာတ်ကြောင်းကို လွန်စွာ စိတ်ဝင်စားသည်ဖြစ်ပေရာ တစ်နေ့လျှင် ကိုမြဂေါင်အကြောင်း စာဖွဲ့ရေးသားမည်ဟူ၍ တေးမှတ်ကာ အခွင့်အခါရတိုင်း မကြာခဏ ရင်းနီးစွာ စကားပြောလေ၏။ ဆရာမင်းသိခ်နှင့် ကြိုးသမားမြဂေါင်တို့သည် လွန်စွာရင်းနီးကြကုန်၏။ ရေချိုးဆင်းရင်း (၃)တိုက်အနောက်သို့ ရောက်လေသော် ကိုမြဂေါင်က အသံဝါကြီးနှင့်-
"ဆရာခ ကျွန်တော်သွားတော့မယ်၊ နှုတ်ဆက်ပါတယ်"
ဟူ၍ အော်ဟစ်သည်။

"ကိုယ့်လူ မြဂေါင်၊ မင်းမသေဘူး၊ မနက်ဖြန်လွတ်မှာ"
အလွန်ပီသ ရှင်းလင်း၍ ရင်ခေါင်းထဲမှ ထွက်ပေါ်လာသော ဩဇာကြီးမားလှသော အသံနှင့် ဆရာမင်းသိခ်၏ အော်ဟစ်ပြောကြားသံ ကြားလေသော် အခုမှ ဝမ်းသာသွားသည်။ ဒုန်း ကြိုးစင်ဘက်မှ ကျယ်လောင်လှသော အသံထွက်သွားသည်။ ကိုမြဂေါင်အစား ချိတ်ဆွဲထားသည့် အလေးချိန်ညီ သဲအိတ်ကြီးသည် ချည်နှောင်ထားသော ကြိုးမှ လျှောကျကာ အောက်သို့ကျသွားသည်။

"မြဂေါင် မသေဘူးတဲ့၊ မနက်ဖြန်လွတ်မယ်တဲ့"

ဤစကားတို့သည် တောမီးပမာ ထောင်အတွင်း ပျံ့နှံ့သွားသည်။ အငြိမ်မနေ တတ်သော မောင်မောင်ဦးနှင့် တကွ မိုးမြတ်သူ၊ ကျော်ဇေယျာဆန်နီ လူငယ်တစ်သိုက်တို့က-
'ကြိုးသမား မြဂေါင်မသေဘူး၊ နက်ဖြန်လွတ်မယ်၊ မှားရင် လျှာဖြတ်ပြီး ဂိုတီသဲ ကန္တာရထဲ ပစ်ချမယ်'
ဟူ၍ လုမ်းပြောသည်။ ဘိုဘိုဦးသည် ထောင်ဝင်စာမှန်၍ ဝါဒါများနှင့်လည်း အလွန်ပနံသင့်သည်ဖြစ်ပေရာ စီးကရက်၊ ကွမ်းယာဝယ်စား၊ အပြင်လောက အစားအသောက်များ အမြဲမပြတ်ရှိသူ ဖြစ်သည်။ ဆရာခကိုလည်း လွန်စွာချစ်ခင်လေးစားသူဖြစ်သည်။ လွတ်မည်ဟူ၍ လျှောက်ပြော၏။ နိုင်ငံတော်အပေါ် လွတ်ငြိမ်းချမ်းသာခွင့် ရှိပြီသားဟူသော အတွေးဝင်ကာ ကျော်သူရ အားလုံးသော လူငယ်များမှ စားသောက်ဖွယ်ရာများ ပေးဖို့လေတော့သည်။

မောင်မောင်ဦးက ပြောသည်။ ဒီတစ်ခါကျရင် တစ်တိုက်က နေပြည်တော်ကြီးထံ စာပို့ပြီး ဝါးတီးဂွင် ဖန်တီးလိုက်မယ်။ အားလုံးက သဘောကျကြသည်။ ဗာဒံရွက် ခပ်စိုစိုတစ်ရွက်ကို ခူးစေ၍ သံချွန်နှင့် ခပ်ပွပွ ဤသို့ရေး၏။

"မြဂေါင်မသေ ဆရာခဟော
မနက်ဖြန်လွတ်
မဖြစ် လျှာဖြတ် ဂိုဘီပစ်
နိုင်ငံတော်လာမည်"

ဤစာသားတို့ကို ဗာဒံရွက်ပေါ်ရေး၍ တိုက်အတွင်းပို့၏။ ဤဒေသတွင် ဗာဒံရွက်ကို စာရေးစက္ကူအဖြစ် သုံး၏။ ခေါး၊ အချွန်၊ သံအချွန်တို့နှင့် ရေး၏။ မှတ်သင့်သော စာများကို ပလတ်စတစ်တွင် သံချွန်နှင့်ရေး၍မှတ်၏။ (၁)တိုက်မှ သန်းထွန်းအောင် ပြန်လာလေသော် ကြွပ်ကြွပ်အိတ်အတွင်း မုန့်တွေပါ၍-
"နေပြည်တော်ကြီး အရမ်းဝမ်းသာနေတယ်၊ နိုင်ငံတော်လာရင် အပြင်ဟိုတယ်က တရုတ်အစားအသောက်တွေကို table လိုက်ကျွေးမယ်လို့တောင်မှ ပြောလိုက်သေးတယ်"

"tomorrow is tomorrow" လာ ဒီနေ့ဝါးထားပာဆိုကာ နေပြည်တော်ကြီးထံမှ ရသော မုန့်တို့ကို (၃)တိုက်တစ်ခုလုံးဝေမျှကာ စားလိုက်ကြတော့သည်။ အားလုံး၏ ရင်ထဲတွင် ထူးထူးခြားခြား ရှိနေသည်မှာ မြဂေါင်၏ နှုတ်ဆက်သံနှင့် ဆရာခ၏ ပြန်ပြောသံ၊ ထိုအသံတို့၏ နောက်ကွယ်တွင် အသံလှိုင်း အားလှိုင်းများပါနေ၏။ ကြားရုံမျှနှင့် ကြက်သီးထလောက်သည့် အသံမျိုးဖြစ်သည်။ ပုံမှန်ပြောဆိုကြခြင်း မဟုတ်။

မနက်ဖြန်သည်ကား...

## *ဆရာခပြောသော မနက်ဖြန်*

'ပေား' ဟူသော အသံကြီးသည် (၂)တိုက်မှ စတင်ထွက်ပေါ်လာသည်။ (၁)ဆောင်၊ (၂)ဆောင် အစရှိသည့် အဆောင်များမှလည်း ပျော်ရွှင်အော်ဟစ်သံများ ပေါ်ထွက်သည်။ ပုံစံခွက်များကို ခေါက်သူကခေါက်၊ သံတိုင်များကို တီခတ်၍ ပျော်သူက ပျော်။

"လွတ်ငြိမ်းချမ်းသာခွင့်တဲ့ဟေ့"
ဟူသော အသံသည် တစ်တိုက်မှ တစ်တိုက် ပြောဆိုအော်ဟစ်ကြသည်။ အားလုံး ပျော်ကြသည်။ မျှော်လင့်ချက်အပြည့်နှင့် စောင့်မျှော်နေစဉ်က မလာ မမျှော်လင့်သော အချိန်မှ ဖြုန်းခနဲ နိုင်ငံတော်က ကြေညာလေသော် အကျဉ်းကျသူအားလုံး ဝမ်းသာကြသည်။ မကြာမီ ထောင်ပိုင်များမှ လာ၍ လွတ်ငြိမ်းချမ်းသာခွင့်ကို ဖော်ပြသည်။ လူတော်တော်များများ ပျော်ကြသည်။ မပျော်နိုင်သည်က အားလုံးကို လွှတ်ပေးခြင်းမဟုတ်။ ကြိုးဒဏ်၊ သေဒဏ်ပေးသူအား တစ်သက်တစ်ကျွန်း၊ တစ်သက်တစ်ကျွန်းကျသူက ထောင်ဒဏ် (၁၀)နှစ်၊ (၁၀)နှစ်ကျသူက (၅)နှစ်၊ ဤသို့ထက်ဝက်လျှော့ကျခြင်းဖြစ်သည်။

အချုပ်ခံရသူများနှင့် ထိန်းသိမ်းခံရသူများအဖို့ ဤအမိန့် အကျုံးမဝင်၊ မြဂေါင် မသေတော့။ သေရန်နှစ်ညအလိုတွင် ကြိုးဒဏ်မှ လွတ်သည်။ ကျွန်းသမား မြဂေါင်အဖြစ် တစ်သက်တစ်ကျွန်းသို့ ပြောင်းသည်။ မနက်ဖြန် လူတော်တော်များများ လွတ်ကြပေမည်။ ပျော်နိုင်သူများ ပျော်နိုင်ပါစေ။ ထောင်ဒဏ် (၂၅)နှစ်ကျသော နေပြည်တော်သည်ကား ထက်ဝက်လျှော့ခြင်းကို အပြည့်အဝရမည်။ နောင်တစ်ခါ နိုင်ငံတော်လာပါက လွတ်ရန်တည်း။

ငါးသုံးလုံးဆေးလိပ်သောက်ရန် မလိုဘဲ ဆရာခ၏ လျှာသည်လည်း ပြန်လှုပ်ရှား၏။

၁၀(က) အကျဉ်းသားများသည်ကား တိုက်ထဲတွင် ပျော်ရွှင်စွာ ကျန်ရစ်ခဲ့သည်။ ကြိုးတိုက်တွင်လည်း လူမရှိတော့။ ကြိုးသမားတို့သည် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ကို ပြောင်းလဲခံယူကာ တန်းစီးများ အခန်းလူကြီးများ အဖြစ်သို့ ကူးပြောင်းလေသည်။

ယခင်က ကြိုးသမားကိုမြဲဂေါင်သည် 'တန်းစီး မြဲဂေါင်' ဟူသော အမည်နှင့် အဆောင်(၃)တွင် ဩဇာအရှိန် အဝါကြီးမားလှ၏။ ချည့်နဲ့နေသော ခြေအစုံသည်လည်း ပြန်ကောင်းသွား၏။

ကတိတည်သော နေပြည်တော်ကြီးသည်ကား...။

*****



## ဆားကော်ဖီ ဗိုင်အရက်နှင့် ဘိုးတော်ချမ်းဂဏန်း

ထီဝိဇ္ဇာကြီး ဘိုးတော်ချမ်းသည် ဝတ်ဖြူစင်ကြယ်ကို ဝတ်လျက် လေးဖက်လေးတန် နံရံကာထားသည့် အခန်းကျဉ်းအတွင်း သမံတလင်းထက်၌ခင်းထားသော ဖျာစုတ်တစ်ချပ်ပေါ် တွင် ခန့်ခန့်ကြီးထိုင်၍ သနပ်ပင်မကျင်လှ နွားတံဆိပ်ဆေးပေါ့လိပ်ကိုဖွာကာ သံတိုင်များကြားမှ ရှေ့တွင်လှမ်းမြင်နေရသော ရေချိုးကန်ဝါဒါများအလစ်တွင် ဖိမ်ခံရေချိုးနေသော စာရေးဆရာ၊ ဗေဒင်ဆရာကြီး မင်းသိခ်အား လှမ်းကြည့်ရင်း-

"ဆရာခ ဒီတစ်ပတ် ဘာများသုံးဆောင်ချင်ပါသလဲ"

"ဝက်သားပေါက်စီလေးနဲ့ လက်ဖက်ရည်လေး ဆွဲလိုက်ရရင်တော့ အကောင်းပဲ"

"ဟော့ကောင် ... ဇာဂနီ၊ မင်းရော ဘာစားချင်သလဲ တစ်ဆက်တည်း ဘိုးတော်ချမ်း၏ စကားကို ဖြေကြားရင်း နောက်ကျောက ဆပ်ပြာတိုက် ချေးတွန်းပေးနေသော တပည့်ဖြစ်သော စံ-ဇာဂနီဘိုအား ဆရာခက မေး၏။

"ပဲပြုတ်နှင့် နံပြား"

စံဇာဂနီဘို၏ စကားမဆုံးမီ-

"အောင်မယ် ... ရာရာစစ၊ နိုင်ငံတော် ခေါင်းဆောင်တွေ စားတဲ့အစားအသောက်ကို မတန်မရာ မင်းပါ;စပ်က ဗိုလ်ချုပ်အောင်ဆန်းရဲ့ Favourite ကိုမှ စားချင်တယ်ရတယ်လို့"

ဘကြီးမိုးဟူ၍ အားလုံးက ချစ်စနိုးခေါ်သော စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဦးမိုးသူမှ စံ-ဇာဏီဘိုအား မာန်မဲငေါက်ငမ်းလေတော့သည်။

"ဒါဆိုလည်း နေပါစေတော့၊ ဘဘထွန်းရဲ့ ဆားကော်ဖီပဲ သောက်တော့မယ်"
"ဟင်၊ ဆားကော်ဖီကရော မင်းနဲ့တန်လို့လား၊ ဒီဟာက တစ်တိုက်လုံးကို လုပ်ကျွေးနေတဲ့ ဘိုးတော်ချမ်း ဓာတ်စာအတွက် ထားရမှာ"

ဘကြီးမိုးက ဆက်၍ပြောလေသော် တစ်ဖက်အခန်းမှ စာရေးဆရာကြီး မောင်ဝံသ(ဦးစိုးသိန်း)က-
"ရေကျော် မောင်အေး စမူဆာလောက်ဆို တော်သေးရဲ့"
ဟု အရွှန်းဖောက်ကာ ပြောလေတော့သတည်း။

"ရစေရမယ်၊ ရစေရမယ်၊ ပေါက်စီရော လက်ဖက်ရည်ရော၊ ရေကျော်မောင်အေး စမူဆာရော ဖန်တီးရမှာပေါ့"
ဟူ၍ ဖျောက်ဖျက်၍ မရသော မွန်သံခပ်ဝဲဝဲနှင့် ပြောလေတော့သတည်း။

## ဆားကော်ဖီနှင့် ဘိုးတော်ချမ်း

မည်သည့်လမဆို အင်္ဂလိပ်ပြက္ခဒိန်ရဲ့ (၁)ရက်နေ့နှင့် (၁၆)ရက်နေ့တို့တွင် ဤနေရာ၊ ဤဒေသ၌ စားသောက်စရာ အဖြာဖြာတို့ ပြည့်လျှံစမြဲဖြစ်သည်။ ဤကား ဘိုးတော်ချမ်း၏ မစမှုပေတည်း။ အသားညိုညို၊ ပိန်ပိန်ပါးပါးနှင့် ဂဏန်းတွက်ချက်မှုနေရာ၌ လွန်စွာကျွမ်းကျင်လှသော အဘချမ်းသည် ထိုနေ့ရက် (၂)ခု၏ စားနပ်ရိက္ခာ ဖန်တီးရှင်ဖြစ်ရုံ သာမက မီနိုဆည်းပူး ပသလာသူ အပေါင်းတို့အား သူ၏ ဉာဏ်တန်ခိုး၊ ဂဏန်းတန်ခိုးနှင့် ငွေကြေးပိုင်ဆိုင်မှု အဆ (၈၀၀)တိုးစေနိုင်စွမ်းရှိသည်။ ငွေကြေးတစ်ကျပ်ရှိသူသည် ဘိုးတော်ချမ်းနှင့် တွေ့က ငွေ(၈၀၀) ပိုင်၏။ သို့သော် ထိုသို့ ကြီးပွားအောင် နေ့စဉ်ဆောင်ရွက်ပေးခြင်း မရှိ။ တစ်လတွင် နှစ်ကြိမ်သာ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ဘိုးတော်ချမ်းသည် ဤအတိုင်းနေက ဓာတ်မစီး ဉာဏ်မကွန့်၊ ရှေ့နေကြီး ဆားဘထွန်း၏ ဆားကော်ဖီတစ်ငုံလောက် သောက်သုံးလိုက်သည်နှင့်ပင် အာစဖွန်းရှင် ဉာဏ်စွမ်းအင်တက်ကာ ဖန်ဆင်းရှင် လူသားတစ်ယောက် ဖြစ်သွားလေ့ရှိသည်။ ဤမျှ အစွမ်းထက်လှသည့် ဘိုးတော်ချမ်း သောက်သုံးသည့် ဆားကော်ဖီ၏ ဖော်မြူလာကိုလည်း ဆားဘထွန်းမှ တစ်ပါး မည်သူမျှ မသိနိုင်ချေ။

"အဘချမ်း ... ဘယ်နယ့်လို့ (၁)နဲ့ (၆) တူရတာလဲ၊ (၅)နှင့် (၀)ကလည်း ဘာဆိုင်လို့လဲ၊ ဒီမှာ ဆရာခသင်ထားတာက အပိုလို Apollo တနင်္ဂနွေဂြိုလ် (၆)က Venus ဗီးနပ် သောကြာဂြိုလ်၊ ဦးသာဓာတ် မိတ်ဓာတ် ဆိုတော်သေးတယ်၊ A ဘချမ်း ဟိုတစ်လောကပြောတော့ ကြွက်က (၅)။ ဟိုတစ်နေ့က ကြွက်က တနင်္လာနံ(၂) လို့ပြောပြန်ရော၊ A ခုလည်းကြွက်က (၁)တဲ့၊ တရုတ်ပြက္ခဒိန်မှာ ပထမဦးဆုံးလမို့လို့တဲ့၊ ကြွက်တစ်ခုတည်းပဲ ဂဏန်းက (၂)ဖြစ်လိုက်၊

(၁)ဖြစ်လိုက်၊ (၅)ဖြစ်လိုက်နဲ့။ ဒါတောင် အင်္ဂလိပ်လို Rat လို့ခေါ်တဲ့ 'ရ' နဲ့စလို့ ရာဟု 'ရ' ဖြစ်ရင် ဖြစ်လိမ့်မယ်။ ဆရာခက ဝင်နောက်၍ ပြောပြန်သည်။

မကြာခဏဆိုသလို ဘိုးတော်ချမ်း၏ အခန်းတွင် ယိုးဒယားစာလုံး၊ အင်္ဂလိပ်စာလုံး အမျိုးမျိုးသော ရုပ်ပုံများနှင့် စာရွက်တို့ကိုတွေ့ရ၏။ ထိုခေတ်ကာလ ဤသို့သော စာရွက်မျိုး 'ချိုင်း'ဟုခေါ်၏။

ဘိုးတော်ချမ်းသည် ထိုချိုင်းဟုသော နိမိတ်ပြစာရွက်တို့ကို ဖတ်ရာတွင် ကျွမ်းကျင်သူဖြစ်သည့်အပြင် ဂဏန်းတို့ကိုလည်း ဟိုပေါင်း၊ သည်နုတ်၊ ဟိုအပင်ခွဲ၊ ဒီအပင်ရွှေ့၊ ထိပ်စည်း၊ နောက်ပိတ်၊ အလယ်ထိုင်၊ ဘရိတ်၊ ညီအစ်ကို၊ အပူးအခွ၊ စုံမ၊ ပါဝါ၊ စုံစုံ၊ မမ စသည်ဖြင့် နှုတ်မှ တစီစီ ရေရွတ်ကာ ကြမ်းပြင်တွင် အုတ်နီခဲနှင့် တဂျစ်ဂျစ် မြည်အောင်ခြစ်ကာ စျာန်ဝင် တွက်ချက်လေ့ရှိသည်။

ဆားကော်ဖီတစ်ငုံ သောက်လိုက်၊ နွားဆေးလိပ်ဖွာလိုက်နှင့် ဂဏန်းသုံးလုံး ဒဲ့ပေးလေ့ရှိသည်။

### *သမိုင်းပညာရှင် ဘိုးတော်ချမ်း*

ဘိုးတော်ချမ်းသည် မကြာခဏပင့်ဖိတ်သူများကြောင့် အလည်အပတ်သွားရသည်။ အထက်အဖြူ အောက်အဖြူ ဝတ်စုံအဖြူနှင့် မျက်နှာမပေါ်အောင် ပိတ်အဖြူကို ခေါင်းမှာ စွပ်၍ အခြံအရံ အစောင့်အရှောက်များနှင့် ဘိုးတော်ချမ်းကို ခေါ်ဆောင်လေ့ရှိသည်။ ထိုသို့ခေါ်ဆောင်သွားသည်ကို ကြား၊ သိ၊ မြင်တွေ့သူ အပေါင်းတို့ ပျော်ရွှင်ကြကုန်သည်။

"အဘချမ်း ... တပီလာ မမေ့နဲ့နော်"

ကရင်မ သင်ထား၍ ကွမ်းကို တပီလာဟု ခေါ်တတ်နေသော မင်းသားကြီး ဦးအောင်လွင်၏ အသံ။

"ဒီတစ်ခါ ဆီးယိုထုပ်လေး ရှမ်းမတံဆိပ်နော်"
တင်ဆန်း၊ ရန်မျိုးသိန်းတို့၏ လှမ်းအော်သံ။

အစောင့်အရှောက်များကြား ပါသွားသော ဘိုးတော်ချမ်းက-
"အိုကေ၊ အိုကေ "
အော်ကာ ထွက်လေ့ရှိသည်။

ဘိုးတော်ချမ်းပြန်လာက ဆေးပေါ့လိပ်၊ စီးကရက်၊ ကွမ်းယာ၊ သကြားလုံးတို့ အိတ်အပြည့် ပါလာစမြဲဖြစ်သည်။ လက်တွင်လည်း စာအုပ်တစ်ဖွဲ့တစ်ပိုက်နှင့် ဤနေရာ၊ ဤဒေသတွင် အဘချမ်းမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်တို့ စာအုပ်စာတမ်း ကိုင်တွယ်သုံးစွဲခွင့်မရှိ။ ထိုခေတ်ကာလ ဤဒေသ၏ စည်းမျဉ်း ဥပဒေသအရ ခဲတံ၊ ဘောပင်၊ စာတို စာစတို့ကို တွေ့ရှိက ရာဇဝတ်မှုဖွင့်သိမ်းဆည်းသည့်အပြင် ပြင်းထန်စွာ အပြစ်ပေးလေ့ရှိသည်။ ဘိုးတော်ချမ်းသည်ကား ရေးရန်စာအုပ်၊ ဘောပင် တို့အား တရားဝင်သုံးစွဲခွင့်ရှိသည်။

"အဘချမ်း အခု... ဘယ်နှခုနှစ်ရောက်နေလဲ"
"၁၉၄၉ အကုန်ပိုင်းရောက်နေပြီ"
မင်းသားကြီး ဦးအောင်လွင်၏ အမေးကို ဖြေသည်။

"အေးဆေးပဲ၊ ၈၈-အထိဆိုရင်တော့ အနှစ်(၄၀)အထိ ကျန်သေးတာပေါ့၊ အေးဆေးပဲ"

ထိုကာလတွင် တက္ကသိုလ်သမိုင်း သုတေသနဌာနမှ မြန်မာနိုင်ငံဆိုင်ရာ သမိုင်းစာအုပ်ကို ပြုစုနေခြင်းဖြစ်သည်။ ရှေ့မီနောက်မီဖြစ်သော အဘချမ်းကို သုတေသီပညာရှင်များက လိုအပ်သော သမိုင်းအထောက်အထားများကို မေးမြန်း၍ စီစဉ်ပြုစုခြင်း ၊ ၎င်းတို့ရေးသားထားသော စာအုပ်တို့ကို ပြန်လည် သုံးသပ်စေခြင်းပြု၏။ အဘချမ်းမှ တောင်းဆိုသော လိုအပ်သော စာရွက်စာတမ်းတို့ကို ရှာဖွေစုဆောင်းကာပေး၏။ တိုက်တွင် အတူနေကြသော သူတို့သည် အဘချမ်းထံမှ စာရွက်စာတမ်းတို့ကို ယူငင် ဖတ်ရှုခြင်း၊ ခဲတံဆော့ပင်တို့ကို သုံးစွဲခြင်းဖြင့် အခွင့်ထူးများကို ကျကျနနရရှိကြကုန်သည်။

"အဘချမ်း သမိုင်းအုပ်စုကို ဂဏန်းပေးသေးသလား"
စပ်စုလှသော ဘိုးတော်ခင်ဝင်းက မေးလေသော်-
"သူတို့ကိုမပေးပါဘူး"
အဘချမ်းက ခပ်ပြုံးပြုံးဖြေ၏။

သားဘထွန်းဟု အမည်တွင်သော ဥပဒေပညာရှင် ဦးထွန်းတင်၊ ဒေါက်တာမောင်မောင်ကျော်၊ လယ်ဝေးသခင်ကြည်ရှင်၊ အဘ (ဦး)တော်ဘုရားလေးတို့သည် မကြာခဏ ဆိုသလို အကြောင်းအရာတစ်ခုကို ငြင်းခုံစမြဲ ဖြစ်သည်။

လူကြီးများ၏ စကားဝိုင်းသည်ကား မှတ်သားစရာ အပြည့်ဖြစ်သည်။

*ဝိုင်းအရက်ချက်ခြင်း*

ဘရန်ဒီဆိုသော စပျစ်သီးက၊ ဝီစကီဆိုတာက ဂျုံသလေးနဲ့ ရမ်ဆိုတာက ကြံကချက်တာ။ တစ်ခုနဲ့တစ်ခု အရသာက မတူဘူး။ ဝီစကီက ဆိုဒါလေးနဲ့ တွဲပြီးတော့ တွယ်မှ အရသာရှိတာ။ ရမ်ဆိုတာက ရေနဲ့ရောပြီးသောက်ရတာ။

ဘရန်ဒီကတော့ မျှဉ်းမျှဉ်းလေးစုပ်ပြီး သောက်ရတာ။ ဤသို့ ယစ်ရွှေရည်ဆိုင်ရာ သုတတို့ကို တံတွေးတမြိုမြို လေတအော့အော့တက်ကာ ရှေ့တွင်ချထားသော ခွက်ကို ဆတ်ခနဲ ဆုပ်ကိုင်၍ ဂွပ်ခနဲမော့သောက်လိုက်သူက ဘကြီးအောင်(မင်းသားကြီးဦးအောင်လွင်)။

"ဘကြီးအောင် ဖြည်းဖြည်းလေးသောက်၊ မူးနေဦးမယ်"

ရန်မျိုးသိန်းက ပြောလေသော် မျက်လုံးကို အသာမှေး၍ လက်တွင်ကိုင်ထားသော သရက်သီးစိမ်းကို ဆားနှင့်တို့ကာ တကျွတ်ကျွတ်မြည်အောင် ဝါးရင်း ပြုံးချိုထည့်ပေးထားသော ခွက်ကို တစ်ချက်တည်း မော့၍ သောက်လိုက်သည်။

မျက်နှာတို့ ရှုံ့မဲ့သွားသည်။ ဖူးခနဲ လေတို့ကို မှုတ်ထုတ်၍ ပစ်ခနဲ တံတွေးထွေး၏။

"အား တယ်ကောင်းသကိုး"

ဤကား အကယ်ဒမီရသော၊ ရေကို အရက်ကဲ့သို့ သောက်ပြသော အိုက်တင်ကို အားလုံးက လက်ခုပ်တီးကြ၏။

"ဘကြီးအောင် မိုက်တယ်"

ဤဒေသတွင် ကာလသားပေါက်မှစ၍ ခေါင်းဖြူ သက်ကျားပုရိသ လူယောကျ်ားများ စုစည်းနေသော နေရာဖြစ်ပေရာ မကြာခဏဆိုသလို ဤဒေသ၌ မရရှိနိုင်သော အရာများအပေါ် တသသပြောဆို လွမ်းမောလေ့ရှိသည်။

"ဒီမှာ ကိုကြီးအောင် ရေသောက်ပြီး အိုက်တင်လုပ်နေလို့ ရှူးပေါက်ပြီး ဂန်းဖလားလျှံရုံသာဖြစ်မယ်၊ ဝိုင်သောက်ဖို့ ရအောင်ချက်မယ်"

ဦးရဲအောင်မင်းက ဆိုလေသည်။ ဦးအောင်လွင်၏ မျက်လုံးများ တောက်ပဝင်းလက်သွားသည်။ ရန်ကင်းသား စာရေးဆရာမျိုးကိုမျိုး၊ ဘွယ်ကြီးအမည်ခံ 'အံ့ဘွယ်ကျော်' တို့နှင့်တကွ ဘီယာကို ရေရောက်သောက်ကာ-

ဒေါင်ချစိုင်းအောင် မှူးတတ်သော ဆရာဝန်လောင်း ဒေါင်ချာရန်မျိုးသိန်းက-
"လုပ်လိုက်လေ ကြာသလားလို့"
မျှော်လင့်ချက်အပြည့်နှင့် ပြောသည်။ အီတလီတွေကို ဆရာတင်ပြီး သင်ထားရတဲ့နည်း။

"ဟာ ဒီမှာ ချက်လို့ရပ့ါမလား၊ အဲဒါရတယ်"

ဤသို့နှင့် လျှို့ဝှက်တိုးတိတ်စွာ ဝိုင်အရက်ချက်ရန်ကို တံခါးပိတ် ဆွေးနွေးပြီး သကာလ ဤသတင်း မပေါက်ကြားစေရန်နှင့် ဤအစည်းအဝေး တက်သူများမှအပ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသိမပေးရန် ကတိပြုကြကုန်သည်။

အလွန်လျှို့ဝှက်သောသတင်း ဖြစ်ရသည်ကား ထိုနေ့ နေမဝင်မီပင် တစ်တိုက်လုံးနှင့် တိုက်ဝင်းတစ်ခုလုံး အီတလီဝိုင်အရက် ချက်ချင်းပျံ့နှံ့သွားလေသည်။ ဤကား နှုတ်လုံလှသော ၁ဂ(က)၊ ၅(ည) ပုဒ်မရှင်တို့၏ စရိုက်တည်း။

ပိုင်အရက်ချက်ရန် အလို့ငှာ ဖီးကြမ်းငှက်ပျောသီးမှည့်များ၊ ထန်လျက်ခဲများနှင့် အရက်ချက်ရန် တစေရိ (Yeast) လိုအပ်သည်။ ဖိုကြီးတွင် ထောင်ကျ ချဲချာလီရှိသည်။ ဘီပီအိုင် ဝန်ထမ်းဟောင်းဖြစ်သည်။ ၎င်းထံမှ တစေရိ (Yeast) အနည်းငယ်ရအောင် တင်သွင်းလာ၏။ ဘပလက်စ်အချို့လည်း ရရှိလာ၏။ သမိုင်းအချက်အလက်များကို ဆွေးနွေးကြသည့် လူကြီးများသည်ကား ဒီကာလသားလေးတွေ အလိုက်သိလှသည်ဟူသော မျက်နှာပေးများဖြင့်-

"မင်းတို့ပိုင်အရက် ဘယ်တော့တိုက်မှာလဲ"

လှည့်ပတ်မေးမြန်းကြကုန်၏။

ဘိုးတော်ချမ်းသည်လည်း အခါတိုင်းကဲ့သို့ ဆားကော်ဖီသောက်၍ ဉာဏ်မရွှင်တော့။ ပိုင်အရက်သောက်မှ ဉာဏ်ရွှင်တော့မည်ဟု ခံစားနေ၏။ စိတ်စွဲလွန်းကာ ပိုင်အရက်(၄၁၈)ဟူ၍ စာရွက်ပေါ်တွင် ရေးချထားသည်။

"အဘချမ်း၊ ဒီအပတ် ဘာဂဏန်းလဲ"

ဝါဒါခင်မောင်အေးမှ လာရောက်မေး၏။

"အင်း ပိုင်အရက်၊ ပိုင်အရက်"

အိပ်နေသော အဘချမ်းအား လှုပ်၍ နှိုးကာမေး၏။ နေ့ခင်းအိပ်မက်ပိုင်အရက်ဟူသော စိတ်နှင့် နိုးထလာသော အဘချမ်းသည် နှုတ်မှ ပိုင်အရက်ဟူသည်ကို ရေရွတ်ကာ ရှေ့စာရွက်တွင် ရေးထားသည်မှာ (၄၁၈)။

"အဘ ဒဲ့နော်"

ဘိုးတော်ချမ်းက ဘာမှ မပြောဘဲ ခေါင်းညိတ်လိုက်သည်။ ပေါက်ရင်တော့ ထောပြီနော်။ ပေါက်ရင်တော့ ထောမှာ။ ကဲ... အာရုံနောက်နေသော ဘိုးတော်ချမ်းသည် ဝါဒါခင်မောင်အေးထံမှ မီးခြစ်ကိုတောင်း၊ နွားဆေးပေ့ါလိပ်ကို မီးညှိကာ-

"ဘာနဲ့ မြည်းရမှာလဲ"

အခုထက်တိုင် အိပ်မှုန်စုံမွှား။ ပိုင်အရက်သောက်လျှင် ဘာနှင့်မြည်းရမည်ကို ပြောလေသော်-

"ဟာ အဘကလည်း ပေါက်သာပေါက်၊ ကျေးဇူးသိရမှာပေ့ါ"

"အေး၊ သွား... သွား၊ ငါပြန်အိပ်လိုက်ဦးမယ်"

"အဘ ဘယ်လောက်ဖိုးထိုးရမှာလဲ "

"ဟေ့ကောင် ခင်မောင်၊ နားညည်းတယ်။ ငါအိပ်တော့မယ်၊ ရှိသမျှ ပေါင်သာထိုးလိုက်၊ အင်း ရှိပူရသေး ကုန်မှအေး"

ဟူသော စကားပုံအားပြောကာ အဘချမ်း ပြန်လည် အိပ်စက်၏။ ဝါဒါခင်မောင်အေး လွန်စွာပျော်မြူး၏။ ပိုင်အရက် (၄၁၈)ဟူ၍ ရေရွတ်နေ၏။

"ကိုအေး၊ အဘချမ်းက ဘာဂဏန်းပေးလိုက်လို့လဲ"

ဝါဒါစိုးမောင်က လှမ်း၍မေးသည်။

"ဘာမှ မပေးပါဘူး၊ ဘာဂဏန်းမှ မပေးပါဘူး"

အဘချမ်းပေးသော ဂဏန်းအား တစ်ယောက်တည်းလျှို၍ ခဲထိထိုးလေသတည်း။ ရှိသမျှ ပုံအောထိုးရမည်ဟူသော အဘချမ်းစကားအရ မိမိဆွဲကြိုး၊ မိန်းမနားကပ်၊ ဆွဲကြိုး၊ လက်စွပ်၊ ကလေးကိုပေးသော ခမဲပါမကျန် ပေါင်နှံထိုး၏။

၎င်းကို အားမရ၍ ရှိသမျှ ပန်ကန်၊ စဥ့်အိုး၊ ဒန်ခွက် တို့ကို ရောင်း၏။ ဒဲ့ထိုး၏။ သတင်းစာစက္ကူများလည်း ရောင်း၍ ထိုး၏။

ဤသို့နှင့် (၁၅)ရက်နေ့သို့ ရောက်ရှိလာသည်။ ဝါဒါ ခင်မောင်အေး အဘချမ်းရှိရာသို့သွား၏။

"ဟေ့ကောင် ဝက်၊ ဖက်တီးခင်မောင်အေး လာစမ်းပါဦး။ မနက်ဖြန်ထိုးဖို့ ဂဏန်းပေးမလို့"
"အဘချမ်း ပေးထားပြီးသားလေ၊ ဟိုတစ်နေ့ကပဲ အဘချမ်းက ဝိုင်A ရက် (၄၁၈) ဆိုပေးထားတာ"
"ဒီတစ်ခေါက်ထွက်မှာက စုံမထွက်မှာ ညီနောင်ထွက်မှာ"
"ဟာ အဘချမ်းက ဘာတွေပြောနေတာလဲ၊ ကျွန်တော် အကုန်ကုန်ပြီ"
"ဟေ့ကောင် တယ်ဆိုးပါလား၊ ဘာတွေ လျှောက်ထိုးနေတာလဲ"

မျက်နှာငယ်လေးနှင့် ခန္ဓာဖိုင့်ဖိုင့်နှင့် ဝက်ခင်မောင်အေးသည် လင်းတတစ်ကောင်ကဲ့သို့ လွန်စွာမှိုင်၍ နေလေတော့သည်။ အဘချမ်း အခန်းရှေ့တွင် နစ်လုံးထီတောင်းသူများ တရှန်းရှန်း၊ မည်သူကမျှ ဝိုင်အရက် (၄၁၈) ကိုမထိုးကြ။

အကျိုးအကြောင်းကို သိသောသူများက နောက်၏။
"ဟေ့ကောင် မောင်အေး၊ မင်းပေါက်ရင် ငါတို့ကို ကျွေးရမယ်နော်"

နေ့ခင်း (၁၂)နာရီထိုးအထိ မှောက်၍ အိပ်နေ၏။ ညနေ (၄)နာရီအချိန်ခန့်တွင် ဝက်ခင်မောင်ငA း လွန်စွာပျော်မြူးနေ၏။ ဝက်ခင်မောင်ငA းက ခဲပေါက်ကြောင်းလာ၍ ပြော၏။

"A ဘချမ်းကလည်း သူတစ်ပါး စိတ်မချမ်းသာငA ာင် လာလုပ်နေတယ်"
ထိုင်ကာရှိုးရှိုး၏။ ဝိုင်A ရက်ဟူသော A တိတ်နှင့် ရှိသမျှ ကုန်ငA ာင် ထိုးဟူသော ဓာတ်စီးစကား၊ ရှိသမျှ A ကုန်ရောင်းကာ ယူနီဖောင်းပေါင်၍ထိုးသော သိန်း (၁၀)ဂဏန်းခန့် ခဲသည်ကား ခင်မောင်အေး ဘဝပြောင်းပေးသည် ဟူ၍ ဒဏ္ဍာရီသဖွယ် အားလုံးကပြောကြ၏။

## *အောင်ပွဲခံ ဝိုင်A ရက်*

သူဌေးလက်သစ် ခင်မောင်ငA းသည် နေပြည်တော်ကြီးကျွေးခဲ့သည့် A စားA သောက်ထက် ပို၍သာသော စားသောက်ဖွယ်ရာများကို နည်းA မျိုးမျိုးနှင့် ယှဥ်သွင်း၍ ကျွေးမွေးလေတော့သတည်း။ ကာလသား လူလတ်ပိုင်းများဖြစ်သော ဦးရဲငA ာင်မင်း၊ ဦးငA ာင်လွင်တို့က စီစဥ်ထားသော ဝိုင်A ရက်ကို မြည်းကြ၏။ Very Good ဟူ၍

အမေရိကန်အသံနှင့် ဦးရဲက ဆို၏။ ကန်းပေ့ တရုတ်ကဲ့သို့ ခွက်ကို မြှောက်ကာ အဘထွန်းမှ သောက်သုံး၏။

"တယ်ကောင်းသကိုး"
အဘ လယ်ဝေးသခင်ကြည်ရှိန်က တဆစ်ဆစ်သောက်၍ပြောသည်။

"သာဓု သာဓု"
ဦးတော်ဘုရားလေး၏ ကောင်းလေစွဟူသော အနက်ကိုဆောင်သည့် စကား အထူးတလည် စီမံထားသည့် ငှက်ပျောခိုင် ပိုင်အရက်သည်ကား ချိုမြမြ၊ ဖန်ခါးခါး၊ ချဉ်စုပ်စုပ်၊ တစ်ခွက်သောက်လည်း မမူး၊ နှစ်ခွက်သောက်လည်း မမူး၊ နောက်ဆုံး မူးချင်ယောင်ဆောင်၍ သီချင်းဟစ်အော်ဆိုကာ ပျော်မြူးကြကုန်သည်။ နံနက်စာ စားသုံးသည့် အချိန်မှစ၍ ညကိုးနာရီအိပ်ချိန်အထိ တဖြည်းဖြည်း စားသောက်ကြကုန်သည်။

## ထမ်းစင်ပေါ်မှ လူသားများ

'ဝေါ့'
ထိုးအန်သံ။ ရန်မျိုးသိန်း အခန်းဘက်မှ ကြားသည်။

"မျိုးကြီး ဘာဖြစ်တာလည်း"
ညသန်းခေါင် အချိန်မို့ ခပ်တိုးတိုးလေး မေးမိ၏။

"အန်တာ မရပ်ဘူး၊ ဝမ်းတွေလည်း ဒလဟော သွားနေတယ်"

ဘေးနားက ပြုံးချိုက-
"ကျွန်တော်လည်း ဝမ်းတွေသွားတာ အရည်ကြီးပဲ"
'ဗျစ် ဗျစ်'
"ဟော့ကောင် တင်ဆန်း ဘာဖြစ်တာလဲ၊ ဝမ်းသွားတာ မရပ်တော့ဘူး"

ဦးရဲအောင် အခန်းတွင်လည်း တဝေ့ဝေ့နှင့် ထိုးအန်သံများ ကြားရ၏။ ဂါတ်ကြီးအခန်းကျဉ်းဘက်မှ နာရီခေါက်သံက ညဥ့်နက်လာသည်။ (၁)တိုက်တစ်တိုက်လုံး၊ အန်သူအန်၊ ဝမ်းသွားသူသွား။ အစောင့်ဝါဒါတို့သည် ထောင်မှူးကိုပြော၍ ခေါ်၏။

"ဟာ ဘယ်လိုဖြစ်ကြတာလည်း"
ထောင်မှူးကြီး ဦးစံအေးနှင့် ဦးထွန်းထွန်းဦးတို့ မိန်းဂျေးက သော့ယူ၊ တံခါးတွေ အကုန်ဖွင့်၊ ဆေးမှူးခေါ် အရေးပေါ် ဆောင်ရွက်ကြကုန်သည်။ တိုက်ခန်းအတွင်းမှ သူတို့သည်ကား အန်ဖတ်များ အတွင်း တဝုန်းဝုန်း လဲပြိုနေကြသည်။ တအင်းအင်း တအဲအဲနှင့် အန်ဖတ်များ၊ ဝမ်းများ စွန်းထင်းနေ၏။ တန်းစီးစိုးမြတ်ကို နှိုး၊ ထမ်းစင်ထမ်းဖို့ လူရှာ၊ အရေးပေါ် အခြေအနေသို့ ဆိုက်ရောက်နေသည်။ တန်းစီး၊ စိုးမြတ်နှင့် အိပ်ဆောင်ဗာရာတို့ ရောက်ရှိကာ အခန်းတွင်းမှ လူအားလုံးအား ဆေးရုံသို့ ပို့ရလေသည်။

"ဒီအန်ဖတ်တွေကလည်း ချဉ်စုတ်စုတ်၊ အရက်နံ့တွေ ကလည်း နံလို့၊ ဝမ်းသွားတာတွေကလည်း အဖတ်လိုက် ဒီမှာလည်း ဘဲကင်အဖတ်ကြီး"
အန်ဖတ်အတွင်းမှ အမျိုးမျိုးသော အစားအသောက်များ၊ ထောင်ဆေးရုံ၌ ပုလင်းချိတ် ဆားရေသွင်း ကုသခြင်းများ ပြုရလေသည်။

ဤ သတင်းစကားသည်ကား အထက်သို့ရောက်၏။

## *သန့်ရှင်းသစ်လွင်သော တိုက်ခန်း*

ဆေးရုံတွင် နစ်ရက်နေ၍ အားလုံးနေကောင်းလာကြသည်။ ဤနေရာ ဤဒေသတွင် ဝမ်းသွားခြင်းသည် အရေးကြီးသော အကြောင်းအရာဖြစ်သည်။

"တော်သေးတယ် ကာလဝမ်းရောဂါထင်နေတာ"

ထောင်ဆရာဝန်သာမက မြို့နယ်ဆရာဝန်တွေက ဖြေရှင်းချက်များ ပေးကြသည်။

"နေတာ ထိုင်တာ မသန့်ရှင်းလို့ ဖြစ်တာ၊ သန့်ရှင်းအောင် လုပ်ပေးပါ"

ဤကား အထက်ဌာနချုပ်မှ ညွှန်ကြားမှု။ သုံးရက်ကျော်၍ တိုက်သို့ ပြန်လည်ရောက်ရှိလေသော် ဖျာအသစ်၊ ကွပ်ပျစ် အသစ်များကို ပေးထား၏။ အခါတိုင်းတွင် ဖျာသာရှိသည်။ ကွပ်ပျစ်ရခြင်းသည်ကား လွန်စွာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

စောင်အသစ်၊ ဂန်ဖလားအသစ်၊ သစ်သွင်ဖြူစင်သော ပုံစံအဝတ်များ၊ ပိုးသတ်ဆေးနံ့ တသင်းသင်း။

*****



## မဂဓ စကားလေ့လာသူ

ထောင်ဝါဒါ ကွပ်ပျစ်ပေါ်တွင် မှောက်လှက်ဖြစ်နေသော ဆရာကြီးမင်းသိခ်ကို တံတောင်နှင့် ထောင်းသူကထောင်း၏။ ဖနောင့်နှင့် တက်ကြိတ်သူက ကြိတ်၏။ ခြေထောက်ကို လှန်ချိုးသူက ချိုး၏။ ဖက်ကို လိမ်သူက လိမ်၏။

လက်သီးခေါက်နှင့် ထိုးသူကထိုး၏။ ခန္ဓာကိုယ်ပေါ်မှ အသားတို့ကို ဆွဲချေသူကချေ၏။ လက်ဝါးစောင်းနှင့် ခုတ်သူကခုတ်၏။ ခန္ဓာကိုယ်ပေါ်တွင် တက်ခုန်သူကခုန်၏။ 'ဖိ၊ ဆွဲ၊ လှန်၊ ချိုး၊ ထု၊ ထောင်း၊ နင်း၊ ချေ၊ လိမ်၊ လှည့်၊ ဆွဲယမ်း' ၁၂-ပါးသော နပ်ကွက်စုံလင်နှင့် ဝိုင်းဝန်းနှိပ်နေခြင်းသည် သာမန်လူတစ်ဦးဆိုက ဖွတ်ဖွတ်ညက်ညက်ကြေရန်သာ။

"ကျွတ်... ကျွတ်... ကျွတ်... ကောင်းလိုက်တာကွာ ဟော့ကောင် ဖာဏီ၊ ဒီဘက် ဖက်ကြောကို နည်းနည်းဖိဆွဲ၊ ဟိုကောင် သန်းထွန်းအောင်၊ အားမရှိဘူးလား၊ မင်းနှိပ်နေတာ အကြောမပေါက်ဘူး၊ ပျော့တိပျော့ဖတ်နဲ့"
စသည်နှင့် မှောက်လျက်သား အနှိပ်ခံ၍ တဖျစ်တောက်တောက် ရေရွတ်၏။

နေပြည်တော်ကြီး လှူသမျှ တဝစားပြီးသည့် ကာလမှစ၍ ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါဟောင်းများ ပြန်လည်ဖြစ်ပေါ်လာသည့် ဆရာကြီးမင်းသိခ်သည် မကြာခဏ အကြောများတတ်သည်။ အားလုံးက ဝိုင်းနှိပ်ပေးကြရသည်။

"ဗိုလ်ခက အငန်တွေ တအားစားတာကိုး၊ ရော့... ဒီမှာ မောရိယမန်းဆေး"
ဆေးကျောင်းသား ရန်မျိုးသိမ်းက ဆေးထုပ်ကို လှမ်းပေး၏။ ထောင်အတွင်း၌ ဆရာကြီး မင်းသိခ်ကို ကျောင်းသားလူငယ်အားလုံးတို့က 'ဗိုလ်ခ' ဟူ၍လည်းကောင်း၊ 'ဆရာခ' ဟူ၍လည်းကောင်း ချစ်စနိုးခေါ်ကြ၏။ ဆေးကျောင်းသား ရန်မျိုးသိမ်းကို 'ရန်ကြီး' ဟူ၍ လည်းကောင်း၊ 'ဒေါက်တာဗကသ' ဟူ၍ လည်းကောင်း 'ဒေါက်တာမောရိယ' ဟူ၍လည်းကောင်း ခေါ်၏။ ဆေးတက္ကသိုလ် (၂)တွင် ကျောင်းပြီးခါနီးမှ ၈၈-လှုပ်ရှားမှုတွင်ကျောင်းသားခေါင်းဆောင်အဖြစ်နှင့် လှုပ်ရှားရင်း အင်းစိန်ထောင်တွင် အကြိုဟောက်ဆာဂျင် ဆင်းရသောဘဝသို့ ရောက်ရှိလာသူ ဖြစ်သည်။ နီးစပ်သူမှန်သမျှ၏ ဖြစ်လာသမျှသော ရောဂါအပေါင်းတို့ကို မောရိယမန်းဆေးနှင့် ဆေးပေးဆေးကုပြုခြင်းကြောင့် ဒေါက်တာ မောရိယ ဟူ၍ ဟိုပွတ်သည်ပွတ် ဟိုရှုသည်ရှုပြုကာ ဆရာခထလာ၏။

"အေးကွ ရန်ကြီး၊ မင်း မှန်တယ်၊ ဒါပေမဲ့ ငါက ပေ့ါပေ့ါနေ ပေ့ါပေ့ါစားဘဝကြီးကို မကြိုက်ဘူးကွ၊ ကြည့် ဟိုမှာ မောင်ရဲတွေလား၊ ဘိုဆန်လိုက်တာ၊ အမေရိကန်ဆန်လိုက်တာ၊ တကယ် ပေ့ါပေ့ါနေ ပေ့ါပေ့ါစား ဘိုဝါဒတွေကို ဖြန့်ချီနေတာလေ၊ သူလည်း အခု ဘာတတ်နိုင်လဲ"

ခပ်လှမ်းလှမ်းမှ စွပ်ကျယ်လက်ပြတ်အဖြူ၊ ကြိုးရှုံ့ဘောင်းဘီတို အနီနှင့် မျက်မှန်အထူကြီးကို တပ်လျက်သား ပါးစောင်တွင် ကွမ်းကိုဝါးလျက် ဟိုခုန်သည်ခုန်ပြုလိုက်၊ လက်ကားရား ခြေကားရားလုပ်လိုက်၊ ယိမ်းလိုက် ယိုင်လိုက်နှင့် အထွေထွေအပြားပြား ကိုယ်လက်လှုပ်ရှားမှု ကာယလေ့ကျင့်ခန်း လုပ်နေသော ဦးရဲထွန်းအား လက်ညှိုးညွှန်၍ပြော၏။ ဥပဒေပညာရှင်ကြီး ဦးရဲထွန်းသည် အနောက်တိုင်းနိုင်ငံများမှ ဥပဒေဘွဲ့ရထားသူဖြစ်သည်။ ထောင်တွင်းရောက်မှ တစ်ဦးနှင့်တစ်ဦး လွန်စွာခင်မင်သွားကြကာ 'မောင်ခ'၊ 'မောင်ရဲ' ဟူ၍ အပြန်အလှန်ခေါ်သည်အထိ ရင်းနှီးကြကုန်သည်။ ဆရာခ ပြောသောအသံကို လှမ်းကြားသော ဦးရဲထွန်းက-
"ကိုယ်က သွေးတိုးပဲတက်တာ လမ်းလျှောက်လို့ ရသေးတယ်။ မှောက်ပြီးတော့ အနင်းအနှိပ်ခံရတဲ့ ဘဝကိုမရောက်ဘူး။ ငါတို့ရဲ့ ပေ့ါပေ့ါနေ ပေ့ါပေ့ါစားပါတီထဲ မင်းဝင်ဖို့သင့်တယ်"
"ဇာဂနီတောင်မှ ငါ့ပါတီထဲ ရောက်နေပြီ"
"ဇာဂနီ မင်း မောင်ရဲရဲ့ ပေ့ါပေ့ါနေ ပေ့ါပေ့ါစားပါတီထဲ ရောက်သွားပြီလား"
"ဟုတ်တယ် ဆရာကြီး။ ပေ့ါပေ့ါနေ ပေ့ါပေ့ါစားလို့ ပြောရင် လူကြားမကောင်းပါဘူး 'ပပန ပပစ ဝါဒီ' လို့ပြောရင် တော်တော် နားထောင်ကောင်းမှာ"

ထိုအခါ ရန်မျိုးသိမ်းက-
"ကိုဇာကြီး ပပန ပပစ ဝါဒီဆိုတာ ဘာလဲ"

ရန်ကြီးက မေးလေသော် ဦးရဲက-

"ရန်မျိုးသိမ်း ကိုယ့်လူလည်း ဆေးကျောင်းသားပဲ။ လူတစ်ယောက်ဟာ ခန္ဓာကိုယ်ဝလွန်းတာ မကောင်းဘူး။ Weight ချသင့်တယ်။ လေ့ကျင့်ခန်းလေး ဘာလေးလုပ် လမ်းလျှောက်အဆီချပေါ့။ ဝလွန်းအားကြီးရင် ရောဂါတွေတယ်။ အနည်းဆုံး (၁၅)မိနစ်၊ နာရီဝက်လောက် လေ့ကျင့်ခန်း လုပ်သင့်တယ်။ ခန္ဓာကိုယ်မှာ Weight နည်းရင် ကျန်းမာတဲ့ သဘာဝရှိစေတယ်။ ဒီလိုပြောတာကို မောင်ခက ပေါ့ပေါ့နေဝါဒီတဲ့ကွာ"
"ဟုတ်တယ်လေ။ စိတ်ချရမယ့်ကိစ္စ ဒီလိုနေမှ ကျန်းမာမယ်ဆိုတော့ ပေါ့ပေါ့နေဝါဒပေါ့"

ဟား ဟား ဟား ကတ်သီကတ်သတ်ပြော၍ တဟားဟား ရယ်မောရမှ ကျန်းမာရေးကောင်းသော ဆရာခသည် ဦးရဲထွန်း မခံချိမခံသာ ဖြစ်နေသည်ကို သဘောကျစွာ ရယ်မောရင်း ကျန်းမာရေးအလွန်ကောင်းသွားပုံရသည်။

"ပေါ့ပေါ့စားဆိုတာ ဘယ်လိုလဲ"
ရန်ကြီးက မေးလေသော် ဦးရဲထွန်း မဖြေခင်-
"ဘိုဆန်ဆန် စားတာ။ ဟင်းမှန်သမျှ ပေါ့ရွှတ်ရွှတ်စားတာ။ ဆားများများ ခပ်စားရင် သေမှာကျနေတာပဲ။ ဘိုဆန်တဲ့ ဆိုင်တွေမှာ ဘိုစာတွေဝယ်စား၊ ကြိုက်တဲ့ဆိုင်စား။ ဆားတစ်စက်မျှ မပါဘူး ဟိုတယ်တက် အိတ်ထဲ ဆားထုပ်ထည့်သာသွား။ အဲဒီလောက် အပေါ့စားတာ။ ဒါကြောင့် ပေါ့ပေါ့စားလို့ပြောတာ"

ဦးရဲက-
"ပေါ့ပေါ့စားထဲ ငါတော့ မပါဘူးကွာ။ ပေါ့ပေါ့နေ တော်ရောပေါ့။ ဇာဏီ ... မင်းရော ဘယ်ထဲပါလဲ"
"ဟာ ကျွန်တော်က စိတ်လျှော့နေတယ်။ လေ့ကျင့်ခန်း လုပ်နေတယ်"
"ဟော့ကောင် ဇာဏီ၊ မင်းမှားနေပြီ၊ ဘိုတွေ ဘယ်လောက်ပဲ ပေါ့ပေါ့နေ ပေါ့ပေါ့စား အရှူးထချင် သလိုထ၊ ငါတို့ မြန်မာအယူအဆက ရှင်းရှင်းလေး။ အကြောင်းအရာတစ်ခု လေးလေးနက်နက် မရှိရင် ဆားမပါတဲ့ ဟင်းကြီးကျနေတာပဲ။ ဒီလိုပြောတာ။ ဟင်းဆိုတာ ဆားလေးပါမှ လျှာရင်းမျက်တာ။ ဘိုတွေ ဘာမှသိတာ မဟုတ်ဘူး။ ပေါင်မုန့်လောက် အကောင်းထင်တာ"
"ဟုတ်တယ်၊ ဘိုစာဆိုတာ ဘာမှ အရသာမရှိဘူး၊ သူတို့ တိုင်းပြည်မှာ ဘိုစာဆိုင်ဆိုတာ မရှိသလောက်ရှားတာ၊ အီတလီဆိုင်၊ အီတလီတွေလုပ်တဲ့ ပီဇာမုန့်၊ အီတလီခေါက်ဆွဲစားတာ၊ ဂျာမနီကထွင်တဲ့ ဟမ်ဘာဂါကို စားတာတို့၊ ဂျပန်ဟင်းချက်စတိုင်လ် ဆူရှီစားတာတို့၊ ယိုးဒယားစတိုင်လ်၊ စပိန်စတိုင်လ်၊ ကုလားစတိုင်လ်နဲ့ တရုတ်တန်းက ခေါက်ဆွဲဆိုင်တွေများ တစ်ချိန်လုံး ဘိုတွေနဲ့ ပြည့်နေတာ။ ရောက်ဖူးလို့ မဟုတ်ဘူးနော်။ ဘိုင်စကုပ်ထဲမှာ တွေ့တာ"
ဟု တင့်ဆန်းက ပြောသည်။

ဆရာခက တစ်ဖန်-
"ဟော့ကောင်၊ လူဆိုတာ ပေါ့ပေါ့နေဆိုတဲ့အတိုင်း ခန္ဓာကိုယ်ကို စိတ်ကြီးချတာ ဟန်မယ် မထင်ဘူး၊ ဝလို့ လုလို့ဆိုတာပဲ ကြားဖူးတာ၊ နည်းနည်းများ ပိန်သွားရင် ဟာ ကျသွားလိုက်တာ၊ ဟယ် ပိန်းချုံးနေတာပဲ၊ စိတ်မဆိုးနဲ့နော်၊ ဘာရောဂါ ဖြစ်လို့ ဒီလောက် ပိန်သွားတာလဲ၊ ဒီလိုတွေ မေးခံရမှာ၊ တို့တိုင်းပြည်မှာတော့ ရှေးပေါ်ရာဇာစကားရှိတယ်"

စကားကိုရပ်၍ ဆေးလိပ်မီးကို တစ်ဖွာပြီးတစ်ဖွာ ဖွာကာ-
"မိန်းမဆို 'ပန်းပန်' မှ ခန့်မှာ။ ယောကျ်ားဆို 'ဝမ်းခံ' မှလို့ ဆိုရိုးရှိတယ်။ ယောကျ်ားတစ်ယောက် ကြီးကောင်ကြီးမားနဲ့ ပိန်ကပ်ကပ်ကြီး ဖြစ်နေရင် ဘယ်ဟန်ပါ့မလဲ။ ဗိုလ်အောင်ဒင် ဘိုင်စကုတ်ထဲက ရဲလုပ်တဲ့ ဦးဘချစ်၊ ကိုကိုချစ်ကြီးလို ပိန်တာရိုးကြီးမို့ ဝိုင်းရယ်ကြသလို ဖြစ်မှာပေါ့။ နည်းနည်းဝအောင်လုပ်ပြီး ဗိုလ်ပုအောင်လုပ်မှ ဝမ်းခံတဲ့စကားနဲ့ ညီနေမှာ။ ဆားမပါရင် ကျန်းမာရေးညံ့မှာ။ ဆားဆိုတာ စားကိုစားရမှာ။ ဆားဆိုတာ ရှင်သန်မှုအလုံးစုံ၏ အရင်းအမြစ်ပေါ့။ လခကို salary စလာရီလို့ရေးတာ သိလား"

ဆရာခ၏ မေးခွန်းမဆုံးခင် ဦးရဲထွန်းက ဖြတ်၍ စလာရီယမ်လို့ ဆိုတာပေါ့။ လက်တင်စကားရဲ့ အဓိပ္ပါယ်က Payment in Salt ဆားထုပ်တွေကို လခအနေနဲ့ပေးတာ။

ဦးရဲထွန်းနှင့် ဆရာမင်းသိခ်တို့သည် ထူးခြားသော သုတများ ပိုင်ဆိုင်ထားသူများဖြစ်သည်။ တစ်ဦးနှင့် တစ်ဦး အငြင်းအခုံပြုကြတိုင်း လွန်စွာအတိုင် အဖောက်ညီ၍ ထူးခြားသောစကားများ၊ အကြောင်းအရာများ ပေါ်ထွန်းစမြဲ။

"ကိုယ့်ဆရာ... ရှေးတုန်းက ရောမစစ်သည်တော်တွေကို လခအနေနဲ့ ဆားကိုပေးတာ ပြောမလို့မဟုတ်လား။ လူတစ်ယောက်ရဲ့ လခကို ဆားနဲ့စပေးတာ။ အစားအသောက်တို့ကို ဆားထည့်စားမှ အရသာရှိတာ။ ဆားဆိုတာ ရွှေငွေနဲ့ ဆက်ပြီး တန်ဖိုးရှိတာ"

ကွမ်းတမြုံ့မြုံ့ဝါးရင်း-
"ဒီမှာ မောင်ရဲ၊ မင်းလည်း အမေရိကန်တွေ ဆားမကြိုက်တာ အခုမှ ဘာလာပြောနေရတာလဲ၊ ကမ္ဘာပေါ်မှာ ဆားရောင်းပြီး သူဌေးဖြစ်တဲ့ မီလျံနာ အမေရိကမှာပဲရှိတာ"

ဆရာခက ပြောလေသော် ဦးရဲထွန်းက-
"1911 မှာ ဆားစရောင်းပြီး 1914 မှာ သူဌေးဖြစ်တဲ့ ဆားကုမ္ပဏီပိုင်ရှင် သန်းကြွယ်သူဌေး Joy Morton ကိုပြောမလို့မဟုတ်လား။ ဂျိုင်းမော်တင်က မော်တင်ဆားကုမ္ပဏီဆိုပြီး ဆားကိုရောင်းတာ။ မော်တင်တေးဘဲယ်ဆော့ဆိုပြီး အခုအထိ နာမည်ကြီးပေါ့"

ဦးရဲထွန်းက-
"ဆားကို ဖြည့်စွက်ပြောကာ ကိုယ်ပြောချင်တာက ဆားဆိုတာ သင့်သလောက်စားပေါ့။ အများကြီးမစားဖို့ ပြောတာ"
"ဒါဆို မောင်ရဲ ငါးပိထောင်း ဒီဘက်ပို့လိုက်လို့"
ဆရာခက ပြော၏။

ဦးရဲထွန်းသည် လွန်စွာငါးပိကြိုက်၏။ စနစ်တကျ ငါးပိရည်ကို ဖျော်ကာ အပူတိုက် အခဲအမှုန့်ပြုကာ အိမ်မှ ပို့ပေးစမြဲ ဖြစ်သည်။ ၎င်းကို အရည်ဖျော်၍ စားသုံးလေသော် လွန်စွာ အရသာရှိလှ၏။ ဦးရဲထွန်း၏ဇနီး ဒေါ်ဥမ္မာမော်နှင့် သမီးဖြစ်သူ မယုဇာမော်ထွန်းတို့က လာရောက်၍

ထောင်ဝင်စာပို့စမြဲဖြစ်ပေရာ ထိုငါးဆီရည်ကို ဒေါ်ဥမ္မာယုဇာ ငါးပိရည်ချောက်မှုန့်ဟူ၍ ထိုကာလ အင်းစိန်ထောင် (၃)တိုက် နေထိုင်သူ အားလုံးကခေါ် ဆိုအသိအမှတ်ပြုကြသည်။

ဒေါက်တာမောရိယ ရန်မျိုးသိမ်းက-
"အငန်များရင် မကောင်းဘူးထင်တယ်"
ဟုပြောလေသော် ဆရာခက ...
"ဒီမှာ ရန်ကြီး၊ မပယ်အပ်တဲ့ အရာတွေဆိုတာရှိတယ်။ ကမ္ဘာဦးအစကနေ စပြီး သုံးစွဲခဲ့တဲ့ အမှန်တကယ်လိုအပ်တဲ့ အရာတွေရှေ့မှာ တို့မြန်မာစကားအစမှာ 'အ' အက္ခရာကိုစပြီး စကားဖွဲ့တယ်။ ထိုအရာနဲ့ စပြီး ခေါ်ဝေါ်တဲ့အရာတွေမှာ အမိ၊ အဖ၊ အဘိုး၊ အဘွား၊ အစ်ကို၊ အစ်မတို့ပေါ့"
"ဟာ ... ညီတွေ၊ ညီမ တွေကျတော့ရော့"
"ဒါက ဒုတိယနေရာမှာ ထားရမှာ၊ ဦးစားပေးနေရာမှာ မထားရဘူး။ အစားအသောက်တွေမှာလည်း 'အ'နဲ့စတဲ့ အစားအသောက်၊ အငန်၊ အစပ်၊ အချို၊ အချဉ်၊ အစိမ့်၊ အဖန်၊ အခါး စတဲ့ အရသာတွေဟာ အသက်ရှင်ဖို့ အတွက် စားသုံးရတဲ့ အစားအစာတွေ။ ဒါကို ဘယ်ပယ်လို့ရမလဲ"

ဆရာခ ပြောလေသော် အလွန်စပ်စုသော ရန်ကြီးက-
"ဟုတ်တယ်၊ ပယ်လို့မရတဲ့ အထဲမှာ အချစ်ဆို ကြည့်ပါလား၊ ကမ္ဘာဦး အစက စတာ"
လို့ပြောတာ 'အ'နှင့် စသော အကြောင်းအရာများကို လူငယ်များ တစ်ယောက်တစ်ပေါက်ပြော၏။ ကိုတင့်ဆန်း၊ ကိုပြုံးချို၊ ကိုမြအေး၊ ကိုမင်းဇေယျာ အပါအဝင် ၈၈-ကျောင်းသားအုပ်စုတို့သည် 'အ'နှင့် စသော စကားများကို အဘိဓာန်ပြုရန် ရည်သန်၍ တစ်ယောက်တစ်ပေါက် ရွတ်ကြကုန်သည်။ အဖေ၊ အမေ၊ အစ်ကို၊ အဒေါ်၊ အဘိုး၊ အဘွား၊ အငန်၊ အစပ်၊ အချို၊ အချဉ်၊ အစိမ့်၊ အဖန်၊ အခါး၊ အအေး၊ အပူ၊ အတိုက်၊ အခိုက်၊ အခုအခံ၊ အတားအဆီး၊ အဝင်အထွက်၊ အသတ်အပုတ်၊ အသွားအလာ၊ အနေအထိုင်၊ အပေးအယူ၊ အချစ်၊ အမုန်း၊ အလွမ်း၊ အမိုင်၊ အကြားအမြင်၊ အခေါ်အပြော၊ အကြည့်အမြင်၊ အတွေးအခေါ်၊ အမြော်အမြင် စသဖြင့် 'အ'နှင့်စသော နှစ်လုံးတွဲ အဓိပ္ပါယ်အပြည့်ရှိသည့် စာလုံးများကို ရွတ်ဖတ်ကြရင်း အလွန်အမေးအမြန်း ထူသော တင့်ဆန်းက...
"ဆရာခ ဘာဖြစ်လို့ 'အ' ဆိုတဲ့ အသံတွေက ရှေ့မှာ ပါနေတာလဲ"
"ဒီလိုရှိတယ် ဥက္ကဋ္ဌလေး မောင်တင့်ဆန်းရဲ့၊ ရှေ့ပေါရာဏ ပညာရှင်တွေမှာ 'မဂဓ' ဘာသာလို့ခေါ်တယ်။ Language of Birds and Beasts ကျေးငှက် သာရကာနဲ့ သားရဲတိရစ္ဆာန်တွေရဲ့ စကားကိုလည်းပြောတယ်။ လူတွေကလည်း ဒီစကားပဲ ပြောခဲ့တာ။ 'မဂဓ' ဘာသာတတ်ရင် တိရစ္ဆာန်စကားကို နားလည်တယ်"

တင့်ဆန်းရဲ့ မျက်လုံးတို့သည် လင်းလက်သွားသည်။

"ဟာ ... ကြားဖူးတယ်၊ မောင်ပေါက်ကျိုင်းဇာတ်ထဲမှာ ထောင်ပေးလို့ဆုတ်၊ ရာပေးလို့ချုပ်၊ ချစ်သူအရိုး၊ ဆံထိုးလုပ်ဆိုတဲ့ စကားမေးပုစ္ဆာကို နဂါးနိုင်မင်း မောင်ပေါက်ကျိုင်း ဒုက္ခရောက်နေတဲ့ အချိန်မှာ တောကတက်လာတဲ့ သူ့အဖေ၊ အမေက ကျီးကန်းတွေ ပြောတဲ့စကားကို နားလည်ပြီး အဖြေထုတ်ပေးနိုင်ခဲ့တယ်လေ"

"ဟုတ်တယ် မောင်တင့်ဆန်း၊ ရှေးက 'အ'နဲ့စတဲ့ စကားတွေက မဂဓ ဆင်းသက်တယ်ဆိုတာပဲ"
"ဟာ ... ဒါဆို ကျီးကန်းတွေ စကားတွေ နားလည်ရင် အတော်ဟန်ကျမှာ"
"ဟုတ်တာပေါ့၊ ကျီးကန်းတွေက ဟိုသွား၊ ဒီသွား၊ ဟိုကြည့် ဒီကြည့်၊ ဟိုချောင်း ဒီချောင်းနဲ့ အတော်သိလောက်တယ်"

ရန်ကြီးက ဝင်ပြောလေရာ...
"ထောင်တွင်း၌ ကျီးကန်းပေါင်း မြောက်မြားစွာရှိပေရာ အချိန်ရှိခိုက် ကျီးကန်းစကားနားလည်ရန် ကျီးကန်းများထံမှ လေ့လာ၍ 'မဂဓ' စကားကို ဖော်ထုတ် သုတေသနပြုရန် သင်ကြားကြလေသတည်း"

### 'မဂဓ' ဘာသာစကား လေ့လာဖော်ထုတ်ခြင်း

ထောင်တွင် တစာစာအော်နေသော ကျီးကန်းတို့ ပေါင်မုန့်စများ၊ မုန့်များကျွေး၍ အမူအကျင့် အပြောအဆို လေ့လာသူကား ရန်ကြီးဖြစ်၏။ (၂)တိုက် ခေါင်မိုးပေါ်မှ ဆက်ရက်များ အသွားအလာကိုလည်း လေ့လာ၏။ စာကလေးများ၏ တကျွိကျွိအော်သံကိုလည်း လေ့လာ၏။ စာကလေးများ၏ တကျွိကျွိအော်သံကိုလည်း လေ့လာ၏။ အိမ်မြှောင်စုတ်ထိုးသံကိုလည်း အလစ်မပေး။ တောက်တဲ့မြည်သံကိုလည်း လေ့လာ၊ ပုရစ်အော်သံကိုပင် ဘာသာပြန်ရန် ကြိုးစားလာသည်။

ဤသို့နှင့် တစ်နေ့သော နံနက်၌ တော်ကြာနေ တလာစီမယ်၊ ပစ္စည်းတွေ အကုန်သိမ်း။ ရန်ကြီးက တစ်တိုက်လုံးကို နှိုးဆော်အချက်ပေး၏။ (၁)ခန်းမှ ကိုအောင်ဒင်က-
"ရန်ကြီး မင်း ဘယ်သူပြောလဲ"
"ကျီးကန်းဆီက သိတာ"
"ဟာ အတော် နောက်တဲ့ကောင်ပဲကွာ"

အလန့်တကြား ဖြစ်နေသူအားလုံးက ရန်ကြီး ကြောင်ရန်ကောဟူသော အတွေးနှင့် အနေအစားမပျက် အိပ်သူကအိပ်၊ ထိုင်သူကထိုင်။ များမကြာမီ ပုံစံဟူသော အသံထွက်လာ၏။
"ထိုင်ထားမယ်"
ဟူသော အသံဆိုးထပ်ထွက်လာသည်။ လာရောက် တလာစီခြင်း ဖြစ်သည်။ အားလုံးအခန်းထဲမှ ထွက်ပေးရသည်။ တလာစီခြင်းဟူသော ထောင်စကားသည် ရှာဖွေရေးလုပ်ခြင်းကို ဆိုခြင်းဖြစ်သည်။ အခန်းတွင်း၌ ရှာဖွေပုံစံနှင့် ရပ်နေရသည်။ ဂတ်(စ်)မီးခြစ်၊ မီးခြစ်ကျောက်၊ ဘရိတ်ဓား၊ ပိုက်ဆံ၊ စီးကရက်၊ စာအုပ်အားလုံးတို့ကို သိမ်း၏။ အဝိုက်မိသောကြောင့် ဤတလာစီခြင်း၌ ပါသွား၏။

"တလာစီမယ်လို့ ပြောသားပဲ။ ကိုရင်ထွေးနှင့် ဝက်ဖော်အောင်တို့က နောက်ဆို ရန်ကြီးစကား နားထောင်ရမယ်။ ဒီကောင်က ကျီးကန်းနဲ့ စကားပြောနေပြီ"
"ဒီနေ့ ထောင်ပိုင်ကြီး တန်းစီးလိမ့်မယ်၊ ညွှန်ကြားမှူးကြီးပါ ပါမှာ"

တစ်နေ့သောအခါ ရန်ကြီးက ဆိုပြန်သည်။ အောင်ဒင်ကမေးပြန်သည်။ ရန်ကြီးက ပြန်ဖြေသည်။

"ကျီးကန်းက ပြောတာ"

အဝတ်များကို ရုတ်၊ အခန်းတွင်းမှ ကြိုးတန်းတို့ကို ဖယ်၍ အိပ်ရာကို စနစ်တကျ သိမ်းကြသည်။ သက်ဆိုင်ရာထောင်ပိုင်ကြီးနှင့် ညွှန်မှူးတို့ကို တောင်းဆိုရန် ဆွေးနွေးနေဆဲ ပုံစံဟူသော စကားနှင့်တကွ ညွှန်ချုပ်ကြီးနှင့် ထောင်ပိုင်ကြီး တို့ရောက်လာသည်။ ရန်ကြီးကို အားလုံးက အထင်မသေးဝံ့တော့။ ကျီးကန်းနှင့် ရန်ကြီး အဆက်အသွယ်ရှိကြောင်း သတင်းစကားသည် တောမီးပမာ တိုက်နယ်တစ်ခွင် သတင်းပျံ့နှံ့သွားလေတော့သတည်း။

## ကျီးကန်းကို ဆရာတင်ခြင်း

စာကလေး၊ ဆက်ရက်၊ ကျီးငှက်တို့ကို အစာကျွေး၍ စူးစမ်းလေ့လာသော ရန်ကြီးက 'မဂဓ' စကားတတ်ကျွမ်းမှုသည် တင့်ဆန်းကို မီလိမ့်မည်မဟုတ်။ စာကလေးသုံးကောင်၊ ဗျိုင်းဖြူတစ်ကောင်၊ ကျီးကန်းငှက်တစ်ကောင်တို့နှင့် တင့်ဆန်းအတူနေ၏။ စာကလေး သုံးကောင်အား ကြိုးတိုက်မှ ကြိုးသမားခွေးတူ၊ ဝက်တူ လှသိန်းထံမှ ရုပ်အကျီနှင့် လဲကာ ယူငင်မွေးထားခြင်းဖြစ်သည်။ ငှက်ငယ်တို့သည် လူနှင့် ယဉ်ပါးနေကာ ထောင်တိုက်ခန်းအတွင်းမှ အပြင်သို့ ပျံသန်းခြင်းမပြု။ လူစားသမျှ အစားအသောက်များအား ယူငင်စားသောက်၏။ အစားကောင်းစား၍ စာကလေးစိတ်ပျော်၍ ဘဝင်မြင့်နေ၏။ မစင်စွန့်လျှင်ပင် အမြင့်သို့ပျံတက်၍ လူဦးခေါင်းထက်တွင် စွန့်ချလေ့ရှိသည်။ ငှက်ချေးခေါင်းပေါ်ကျက ထီပေါက်မည်ဟူသော စံ-ဇာဏီဘိုး၏ နိမိတ်ကောက်ယူ၍ ပြောဆိုက တင့်ဆန်းသည် တစ်နေ့သုံးခါ ထီပေါက်ကိန်းရှိသည်။ ဦးခေါင်းထက်၌ လည်းကောင်း၊ ပုခုံးထက်၌ လည်းကောင်း ချေးပါချ၏။ 'မဂဓ' ဘာသာကျွမ်းကျင်သော တင့်ဆန်း၏ အဆိုအရ စာကလေးတို့သည် ရှူးရှူးပေါက်သည်ဟုဆို၏။

ဗျိုင်းဖြူကြီးသည် (၁)တိုက်၏ အရှေ့တောင်ထောင့်တွင်ရှိသော သရက်ပင်ကြီးပေါ်တွင် နားခိုအိပ်စက်နေသော အခါ ထောင်သား သူခိုးမျောက်ဖိုးစိန် တက်ရောက်ဖမ်းဆီး၍ သတ်ဖြတ်ချက်စားရန် စီစဉ်နေဆဲ မကျင်လှန္တားတံဆိပ် ဆေးပေါ့လိပ် အလိပ်(၅၀)၊ ခပေါင်းတစ်ဘူး၊ ကွမ်းယာသုံးယာနှင့် လဲလှယ်ဝယ်ယူထားခြင်းဖြစ်သည်။ အတောင်ဖြတ်၍ ကြိုးနှင့် ချည်ထားသော ဗျိုင်းဖြူကြီးသည်ကား တင့်ဆန်း၏ အခန်းထောင့် တစ်နေရာတွင် အတောင်အကြား ဦးခေါင်းညှပ်၍ ရပ်နေသည်မှာ ဗျိုင်းစင်စစ်မှ လင်းတမှိုင်မှိုင်နေသလိုဖြစ်သည်။

တိုက်ရုံးခန်းအပေါ် တမာပင်ပေါ်မှ ပြုတ်ကျလာသော ကျီးကန်းပေါက်စ တစ်ကောင်အား 'မဂဓ' ဘာသာသုတေသီတင့်ဆန်း အပေါ်လေးစားနေသည့် တိုက်စာရေး 'မာမီ'ဟု အားလုံးက ခေါ်ဆိုသော ကိုအောင်နိုင်မှ လက်ဆောင်ပေးထားခြင်းဖြစ်သည်။ ကျီးကန်းငှက်ပေါက်စလေးသည် လွန်စွာ ယဉ်ပါးသည်။ အတောင်ဖြတ်ရန် မလို။ တင့်ဆန်း၏ အခန်းတွင်း၌ လှည့်လည်ကျက်စားပျော်ပါးသည်။ ရံဖန်ရံခါ သံတိုင်ကြားမှ ထွက်ကာ ရေကန်တွင် ရေချိုးဆင်းသည်။ အခန်းပေါက်စေ့ လိုက်လံလည်ပတ်သည်။ တင့်ဆန်း အပြင်ထွက်လျှင် ပုခုံးပေါ်မှ အမြဲတစေ လိုက်ပါသည်။ တင့်ဆန်းသည် နေ့စဉ်နဲ့ အမျှ စာကလေးတို့၏ အမူအကျင့်အားကြည့်၏။ အသံမှတ်၏။ စာကလေးဖိုင်ဟု ပလတ်စတစ်အိတ်တို့ အပေါ်တွင် သံချွန်နှင့် ရေးသားထားသော စာကလေးစကား...

*ကျွိကျွိ* = *ရေဆာတယ်။*
*ကျွိကျလိ၊ ကျွိကျလိ* = *စိတ်ဆိုးတယ်။*
*ကျွိကျွိကျွိကျွိ* = *ဗိုက်ဆာတယ်။*
ဟူသော အသံထွက်များနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ။

ဖျိုင်းနှင့် ပတ်သက်၍ ရေးထားသည်ကား-
*ဂလူး* = *စိတ်ညစ်တယ်။*
*ကွီး* = *ညောင်းတယ်။*
*ခရီး* = *စိတ်ဆိုးတယ်။*
*ကွပ်ကွပ်* (နှစ်ခါအော်က) = *ရေသောက်မယ်။*
စသဖြင့် မှတ်ထား၏။

မွေးထားသော ကျီးကန်းနှင့် နေ့စဉ်စကားပြော၏။ အအာ၊ အိအု တင့်ဆန်း ဆိုလေသော် 'အား' ဟူ၍ ကျီးကန်းပေါက်က အော်သည်။ တစ်ဖန် ကျီးကန်းပေါက်က 'အစ်... အစ်' ဟု အသံထွက်က တင့်ဆန်းက 'အအာ အား'ဟု အော်သည်။ ကျီးကန်းငယ်နှင့် တင့်ဆန်းစကားပြောနေသည်ကို ကြည့်၍ ကရင်ကြီး ဦးမန်းဒါဝိတ်က...
"တင့်ဆန်း... မင်းပြောတဲ့ စကားက 'မဂဓ' စကားတော့ ဟုတ်မယ်မထင်ဘူး။ ငါတို့ ကရင်ခြံထဲက စကားမပြောတတ်တဲ့ လူကြီးအသံကွ။ တွေ့သမျှ လူအားလုံးကို အအအန်နဲ့ပြောတာ။ မင်းအသံနဲ့ တစ်ထပ်တည်းပဲ"

မည်သူက မည်သို့ပြောကြစေ၊ တင့်ဆန်းကားမမှု။ သူမွေးထားသော ငှက်များနှင့် တကျွိကျွိ၊ တအိအိ၊ တအအ စကားပြောနေဆဲ။

## *ရန်ကြီး၏ ကျီးကန်း*
"ဟော့ကောင် ဇာဂျီ၊ ရန်ကြီးက ကျီးကန်းက ပြောတာဆိုပြီး တလာစီလာမယ်၊ ထောင်မှူးလာမယ်၊ ထောင်ဝင်စာလာမယ်နဲ့ အတော်ထူးတာပဲ"

စာရေးဆရာ ဗေဒင်ဆရာ မင်းသိခ်၏ စကားကို နားထောင်ရင်း...
"ဟုတ်တယ်ဆရာ၊ ရွှေးကလေးဗေဒင်၊ ခွေးကလေးဗေဒင်၊ စာကလေး ဗေဒင်လို့သာ ကြားဖူးတယ်။ ရန်ကြီးက ကျီးကန်းဗေဒင် တတ်နေပြီလား၊ မင်း သူ့ဆီသွားပြီး စုံစမ်းကြည့်ထား၊ သူကျီးကန်းဗေဒင်တတ်နေပြီလား"
လို့ ပြော၍ သွားလေသော်...
"ကိုဇာကြီး လာရော့"
ဟူ၍ နွားဆေးလိပ်သောက်။

"ရန်ကြီး ငါမင်းကို တိုးတိုးမေးရဦးမယ်၊ မင်းကျီးကန်းနဲ့ အဆက်အသွယ်ရလား"
"ဟာ ကိုဇာ ရတာပေါ့"
"ငါလည်း ဆက်သွယ်ချင်တယ်ကွာ"

"ဟာ လွယ်ပါတယ်ကွာ၊ ခဏစောင့်"
ဟုပြောကာ တိုက်အပေါက်ဝထွက် ဟိုကြည့်သည်ကြည့်လုပ်၍ ရှီခနဲ လက်ခေါက်မှုတ် အချက်ပေးသံကြား၏။

"ဘယ်မှာလဲ မင်းရဲ့ ကျီးကန်း"
"ကိုဇာကြီး ခဏစောင့်၊ ကျွန်တော်ပင့်ထားတယ်၊ အချက်ပေးထားတယ်"

စံ-ဇာဏီဘိုသည် ရန်ကြီး၏ ရင်ခုန်ဖွယ် ကျီးကန်းဆက်သွယ်မှုအား အခန်းပေါက်ကို ကျောပေးကာ ဆေးလိပ်ဖွာ၍ ရင်ခုန်စွာစောင့်စားနေရင်း မည်းမည်း အရိပ်တစ်ခု အပေါက်ဝတွင် အရိပ်ထိုးလာသည်။

"ကိုရန်ကြီး ဘာကိစ္စရှိလို့ ခေါ်တာလဲ"
ဟူသော ကုလားသံကို ကြားရသော် ဖွာလက်စ ဆေးလိပ်ပြုတ်ကျသွားသည်။

"လာ ကိုသက်နိုင်၊ ဘာထူးလဲ"
ဟူ၍မေးသော် အသံကြားရာ မော့ကြည့်လေသော် ထောင်ဝါဒါ ကျီးကန်းသက်နိုင်ကို တွေ့ရ၏။ အင်းစိန်ထောင်တွင် ကုလားဝါဒါဆို၍ သူတစ်ယောက်သာရှိ၏။ အသားသည် သပိတ်ရောင်ကဲ့သို့ မည်း၏။ နှာခေါင်းသည်လည်း ရှည်လျား၍ ကျီးကန်းနှုတ်သီးနှင့် တူ၏။ တစ်ထောင်လုံး ဟိုသွားဒီသွား လျှောက်သွားလွန်း၍ ကျီးကန်းသက်နိုင် လို့ခေါ်တယ်။

"မနက်ဖြန် တလာစီဖို့ရှိတယ်။ ဒီဘက်တော့ လာမှာမဟုတ်ဘူး"
"ဟာ ကိုဇာကြီး ရောက်နေပါလား၊ ကြုံတုန်း လက္ခဏာလေး ကြည့်ပေးပါဦး"
"ဟာ မင်းကျီးကန်းနဲ့ အဆက်အသွယ်ရှိတယ်ဆိုတာ"
"ဟုတ်တယ်လေ၊ ဒီ ကိုသက်နိုင်ဆိုတဲ့ ကျီးကန်းနဲ့ ဆက်သွယ်ပြီး သတင်းဖြန့်ရတာ"
"ဟာကွာ... တစ်ထောင်လုံး ဆရာခပါမကျန် မင်းကျီးကန်းနဲ့ အဆက်အသွယ်ရတယ်ဆိုလို့ မင်း 'မဂဓ' စကားတတ်တယ်လို့ အောက်မေ့လို့လေ"
ဟူသော စကားကိုပြောသော် ရန်ကြီးက တဟီးဟီးရယ်၍-
"ဟုတ်တယ်လေ၊ ကျီးကန်းနဲ့ အဆက်အသွယ်ရတယ်လို့ ပြောတာ။ ဟိုကျီးကန်းကို ပြောတာမဟုတ်ဘူး"

## *အတတ်ကျူးသည့် သုတေသီ*

အမှန်တကယ် ကျေးငှက်သံများနှင့် စကားပြောနိုင်သော တင့်ဆန်းသည်ကား မိုးလင်းမိုးချုပ် လူစကားပင် မပြောတော့။ ဆက်ရက်တို့ကိုကြည့်၍ ဆက်ရက်သံပေး၏။ စာကလေးတို့ကိုကြည့်၍ စာကလေးအသံနှင့်တူအောင် ထွက်နိုင်၏။ ထိုခေတ်ကာလ အသံတုဝိဇ္ဇာများဖြစ်သည့် ချန်ပီယံတင်ညွန့်၊ အသံတု ရဲမြင့်လေး၊ အသံတုဝိဇ္ဇာ ကြယ်တစ်လုံးတို့သည်ပင် တင့်ဆန်း၏ ငှက်သံကို စံမီအောင် အသံထွက်နိုင်မည်မဟုတ်။ ကျီးကန်းတို့နှင့် အသံသည်ကား ထူးခြားစွာပင် ထပ်တူညီအောင် တူ၏။ သူ၏ ဗျိုင်းကြီးကား စိတ်ညစ်လွန်း၍မလားမသိ။

တစ်နေ့သောအခါ တင့်ဆန်းမွေးထားသော ဖျိုင်းကြီးသည် စိတ်ညစ်လွန်း၍လားမသိ။ ဆန့်ဆန့်ကြီး လဲသေနေ၏။

"ဝေသာလီ ဖျိုင်းမျိုးစားရင် ကျန်းမာရေး ကောင်းတယ်"
ဘကြီးအောင်က ပြော၏။

"ဒီမှာ ကြော်ဖို့အသင့်"
ဤစကားသည်ကား အချက်၊ အပြုတ်၊ အကြော်၊ အလှော် ဦးရဲအောင်မင်း၏ အသံ။ ဖျိုင်းအား အမွေးနုတ်၊ ရင်ခွဲ၍ ကြော်သောအခါ တင့်ဆန်းက မျက်ရည်မဆယ်နိုင်။ တင့်ဆန်းက ထိုဖျိုင်းတောင်လေးကို ကျွန်တော့်ကို ပေးပါဟုဆိုကာ ဖျိုင်းတောင်များကို ယူ၏။ ကလီစာများကိုကား (၁)တိုက်အရှေ့တောင်ထောင့်ရှိ သရက်ပင်အောက်ခြေတွင် မြေတူး၍ မြှုပ်၏။ ဤဖျိုင်းသည် ဤအပင်မှပင် ရခဲ့သည်မဟုတ်လော။

ထို့နောက် ငှက်ကျီးကန်းကဲ့သို့ အသံထွက်ကာငို၏။ 'မဂဓ' ငိုချင်းကြီး ချနေပြန်ပြီ။ ဘကြီးအောင်၏ စကားမဆုံးခင် အင်းစိန်ထောင်အတွင်း ရှိရှိသမျှသော ငှက်သံတို့ ဆိတ်ငြိမ်သွား၏။ ကျီးသံ၊ ဆက်ရက်သံ၊ စာကလေးသံနှင့် ဆူညံနေသော အင်းစိန်ထောင်ကြီးသည် အပ်ကျသံပင် မကြားရလောက်အောင် ဆိတ်ငြိမ်သွား၏။ ငှက်တစ်ကောင်ကဲ့သို့ ငိုသော တင့်ဆန်း အသံသည်ကား တိုးတစ်လှည့်၊ ကျယ်တစ်ခါ ကြားနေရ၏။ ထိုကဲ့သို့ ဆိတ်ငြိမ်သွားသည်ကား တိုက်ခန်းအတွင်း နေသူအားလုံး သတိထားမိစေလောက်သည့် ထူးကဲသော ငြိမ်သက်ခြင်းမျိုးဖြစ်သည်။

'ဂီး' ငှက်ပေါင်းစုံ တစ်ပြိုင်နက်အော်သော အသံထွက်လာပြီး တစ်ဖန် ငြိမ်သွား၏။

ထိုစဉ် ကောင်းကင်တစ်ခုလုံး မည်းမှောင်သွားသည့်အလား ကျီးကန်းများ ဝဲပျံလာသည်။ ကောင်းကင်တွင် ကျီးကန်းများ အုပ်စုဖွဲ့သည်ကို တွေ့ရသည်။ ကျီးကန်းသံသည် တစ်ထောင်လုံး ဆူညံသွားအောင် တအားအားအော်၍ လေတွင် ရှုပ်ထွေးအောင် ပျံသန်းကြပြီး တင့်ဆန်းအား ထိုးဆိတ်သည်။ တင့်ဆန်းက အော်ဟစ်သည်။ ထိုအခါ လူသံထွက်တော့သည်။ တင့်ဆန်း အဆောင်အတွင်း ဝင်ပြေး၏။ ပျားပိတုန်းများလိုက်လာသည့်အလား လိုက်လာ၏။ အခန်းတွင်းရှိ အခြားသူများကို လိုက်ကိုက်၏။ အခန်းတွင်းမှသူများ ရှူးရှဲနှင့် ငြိမ်းခြောက် ထုတ်ရကုန်၏။ ထို့နောက် ရဲသွား၏။ သရက်ပင်ပေါ်တွင် အားလုံးနားခိုနေကြသည်။ တင့်ဆန်းရေ၊ တော်လောက်ပြီ၊ မင်းပါးစပ်က "မဂဓ" ငှက်သံ မထွက်ပါနဲ့တော့။ ထို့နောက် ဖျိုင်းသားကို မည်သူမျှမစားကြတော့။ (၂)တိုက်သို့ ပို့လိုက်သည်။

တင့်ဆန်းသည်လည်း ထိုနေ့မှစ၍ "**မဂဓ**" စကားမပြောတော့။

*****



## အုတ်ရိုးနောက်ကွယ်မှ ဗေဒင်သိုင်းဂိုဏ်သားများ

ဖြူဖွေးသော နှင်းမှုန်တို့သည် တိုက်ခတ်လာသော လေနှင့် အတူ သံတိုင်ကြားမှ အခန်းတွင်းသို့ကျဆင်းကာ သမံတလင်းတို့သည် စိုစွတ်အေးစိမ့်နေသည်။ မိုးလင်းပြီး အချိန်အတော်ကြာသည့်တိုင် နေမင်းကိုမမြင်ရ။ အလင်းပျပျကိုသာ မြင်နေရသည်။

ခေါင်းအုံးမရှိ၊ ခြင်ထောင်မရှိဘဲ သမံတလင်းပေါ်ခင်းထားသော ဖျာကြမ်းပေါ်တွင် ဖိနပ်ကို ကြွပ်ကြွပ်အိတ်နှင့်ထုပ် ခေါင်းအုံးလုပ်ကာ ပေးထားသော ချည်ကြမ်းထည်စောင်ကို လုံခြုံအောင် ခြုံကွေး၍ အိပ်စက်ရသော သူတို့ အတွက် ဆောင်းရာသီ၏ အအေးဒဏ်သည်ကား ဆိုးဝါးလှသည်။

နံနက်လေးနာရီဝန်းကျင်မှစ၍ အအေးဓာတ်သည် ပိုလာကာ အိပ်မရဘဲ စောင်ကိုခြုံ၍ ထိုင်နေရသည်။ ထောင်ဖွင့်ချိန် မရောက်သေး၍ ဝါဒါထောင်မှူးများလာက လှဲ၍ အိပ်ချင်ယောင်ဆောင်နေရသည်။ ထိုဒေသတွင် ထောင်ဖွင့်ချိန်မတိုင်မီ အိပ်ရာမှထခြင်း မပြုရ။ ဆေးလိပ်ပေးမသောက်။

မိုးလင်းခါနီး လိုက်လံကင်းစစ်သော ထောင်မှူးနှင့် ဝါဒါတို့သည် နှင်းတောအတွင်း အနွေးထည်များထူအောင် ဝတ်ထားသည်။ အနွေးထည်တစ်ထပ် ဆွယ်တာတစ်ထပ်နှင့် လည်ပင်းပတ်၊ ခေါင်းဆောင်း၍ ကင်းလိုက်လံစစ်ဆေးသည်။

"ဆရာ မီးတစ်တို့"
တစ်ဖက်ခန်းမှ ပြုံးချို၏ အသံကြားရသည်။ ဝါဒါဖြစ်သူထံ လှမ်း၍ မီးတောင်းခြင်းဖြစ်သည်။ ခေါင်းရင်းတွင်ရှိသော နွား(မကျင်လှ) ဆေးပေါ့လိပ်ကို လှမ်းကြည့်လိုက်သော် အစီခံအထက် လက်တစ်ဆစ်စာ ကျန်သေးသော် နလုံးအေးသွားသည်။

"ထောင်မဖွင့်သေးဘူးလေ"
ဟူသော စကားကို ရွှေသွားပေါ်အောင် ပြုံးရင်း ဝါဒါကိုစိုးမောင်ကပြော၍ ဆွယ်တာအထပ်ထပ်တွင် ဝတ်ထားသော အင်္ကျီအောက်မှ မီးခြစ်ကို နှိုက်ကာပေးသည်။

"ဆရာစိုး ဒီဘက်လည်း မီးတစ်တို့"
"ဟုတ်တယ် ကိုဇာကြီးရာ ချမ်းကလည်းချမ်း၊ ပိုးကောင်တွေလည်း ကျလို့ အိပ်လို့မရဘူး"
ပြုံးချိုက လှမ်းပြောသည်။

လက်ကျန်မကျင်လှ ဆေးပေါ့လိပ်ကိုဖွာရင်း-
"မနက်ဘယ်အခန်းက စ,ရေချိုးချမှာလဲ"
"အခန်း(၁) ကိုအောင်ဒင်က စမှာ"

အလွန်အေးလှသော ဆောင်းတွင်းတွင် အလှည့်ကျချိုးရန် ဖြစ်သည်။

အကျဉ်းထောင်တစ်ခုလုံးသို့ ပေးပို့သော ရေစင်သည် ကွဲအက်ကာ သိုလှောင်ပေးပို့၍မရဘဲ စက်နှင့်မောင်းကာ တိုက်ရိုက်ပေး နေရသည်ဖြစ်ကာ ထောင်တစ်ခုလုံး သုံးရေ၊ သောက်ရေလွန်စွာ ရှားပါးနေ၏။ အလှည့်ကျအချိန်နှင့် ရေပေးဝေမှုအပေါ် သုံးစွဲရမည်ဖြစ်ပေရာ တိုက်ခန်းများတွင် မနက်ပိုင်းစောစော ရေပေးကာ ရေချိုးချစေသည်။

"တောက်... ရေချိုးရမှာလည်း အစောကြီး၊ သူများတွေ စောင်ခြုံ မီးလှုံနေတဲ့အချိန်"
ဟု ကိုအောင်ဒင်က ညည်းလေသော်-
"ချမ်းရင် ရေချိုး နှင်းတောတိုး"
မွန်သံဝဲဝဲနှင့် မင်းဇေယျာက ထအော်၏။

"ဟုတ်တယ်ဗျာ၊ လူကြီးတွေ မဆိုနဲ့၊ ကျွန်တော်တို့လူငယ်တွေပါ ရေချိုးရမှာ လန့်နေတာ"
အလွန်ညစ်ပတ်၍ လေးရက်၊ ငါးရက်မှ တစ်ကြိမ် ရေချိုးသော ရန်မျိုးသိန်းက ဆိုသည်။

" အော်မာ... ရေမချိုးဘဲ ဒီလောက်နံပုပ်ဟောင်နေတာ၊ မင်းဆရာဝန်ဖြစ်ရင် ငါတို့ လာကို မကုဘူး"

မင်းသားကြီး ကိုအောင်လွင်က ထ၍ပြောသည်။ အသံတွင် မောဟိုက်သံများ ပါဝင်နေသည်။

"ဘကြီးအောင် ဘာတွေ မောနေတာလဲ။ ဘာမဟုတ်တာ လုပ်နေတာလဲ"
"အောင်မာ... မင်းကများ ငါ့ကို... ရေချိုးမလို့ Exercise လုပ်နေတာ"

မနက်လင်းလုလုတွင် နင်းတို့သည် ပိုမိုကျဆင်းလာသည်ရှိ၏။ အချမ်းဓာတ်သည် ပိုမိုဆိုးဝါးလာပေရာ စကားသံပင် မကြားရဘဲ တစ်တိုက်လုံး ငြိမ်သက်သွား၏။

"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ တိန်း... ဒေါင်... တိန်းဒေါင်"

ထောင်ဝင်းအပြင်မှ လော်စပီကာနှင့် ဖွင့်လိုက်သောအသံသည် ဆောင်းလေရူး၏ သယ်ဆောင်မှုနှင့်အတူ ကျယ်လောင်စွာဝင်လာသည်။

"ဩော် ဒီနေ့ တနင်္ဂနွေနေ့ ဒီဇင်ဘာလည်း ရောက်နေပြီကိုး"
ဟု အဘမန်းဒါးဝိတ်၏ မှတ်ချက်ချသံကို ကြားရ၏။

"ဟုတ်တယ် အဘမန်းရေ၊ ဒီအချိန်ဆိုရင် ကန်တော်ကြီးဘက် ပတ်လမ်းလျှောက်မှာ၊ နင်းမှုန်ကြားက ပြေးလွှားနေတဲ့ ကောင်မလေးတွေကို ကြည့်... ဟီး... ဟိ"
တင့်ဆန်းက ထပြီး မှတ်ချက်ပေး၏။ မှတ်ချက်ပေးပြီးအဆုံး တစ်တိုက်လုံး ဒီဇင်ဘာနှင့် စပ်လျဉ်းသော အကြောင်းများ တစီစီ ပြောကြကုန်သည်။

"တောက်... လမ်းမလျှောက်ရင်တောင် အားကစားလုပ်မှ တန်ရုံကျမယ်၊ နို့မဟုတ်ရင် ရေမချိုးဘဲနေရင် ဝဲပေါက်၊ ရေချိုးရင်လည်း ဖျားဦးမှာ"
ရန်မျိုးသိန်း၏ အပြောအပေါ် အားလုံးက သဘောကျသွားသည်။ အခန်းအတော်များများတွင် မြွေနှစ်ကောင် ပွေး၊ ဝဲ၊ နင်းခူးဆေး တရုတ်သံဘူးနှင့် ဆေးများကိုယ်စီနှင့် ပွေးကိုင်းရွက်နှင့် ပွတ်သူပွတ်၊ တမာဆပ်ပြာနှင့် ရေချိုးသူချိုးနှင့် တိုက်တွင်း အကျဉ်းစံ လူဝဲစားများ၊ မျက်နှာမမြင်ရ တစ်ဦးနှင့်တစ်ဦး အော်ဟစ်စုံညီ ညီလာခံကျင်းပကာ အားကစားလုပ်ကြရန် တညီတညွတ်တည်း ဆုံးဖြတ်ကြလေတော့သည်။ တိုက်ဂုဏ်ဆောင် အားကစားသမားများမှ ဒီဇင်ဘာပထမပတ် တနင်္ဂနွေနေ့မှ စတင်လိုက်သော တိုက်တွင်းအားကစား စီမံချက်သည် လွန်စွာအောင်မြင်သည်။ ရက်ပိုင်းအတွင်း ထွန်းထွန်းပေါက်ပေါက် အားကစားသမားများနှင့် နည်းပြပေါ် ထွန်းလာ၏။

မူလအခြေခံ အားကစားရင့်ကျက်သော သူတို့သည်ကား ကစားနည်းပြများ ဆရာများဖြစ်လာကာ-
"တောက်မည့် မီးခဲ အလျှံရဲရဲ"
ဆိုသော အာဂအားကစားသမားများသည် ဒီဇင်ဘာနင်းပွင့်ကြားမှ ပေါ် ထွန်းလာလေသတည်း။

- *သိုင်းဆရာကြီး - မင်းသိခ်*
- *ဂေါက်သီးနည်းပြ - ဦးရဲထွန်း*
- *အလေးမနှင့် ကိုယ်ကာယအလှနည်းပြချုပ် - ဦးအောင်လွင် (ရုပ်ရှင်မင်းသားကြီး)*
- *အလေးမသူက - ပိန်တာရှိုး စံ-ဇာဂနီဘို*

- ❖ *ဘောလုံး ကပွဲတိန် - ရန်မျိုးသိန်း*
- ❖ *ခြင်းလုံး - မင်းဇေယျာ*
- ❖ *ဘော်လီဘော - မောင်မောင်ဦး*
- ❖ *အေရိုးပစ် - တင့်ဆန်း*
- ❖ *ဗယ်လီ - ပြုံးချို*
- ❖ *ဒိုက်ထိုး - မြအေး*
- ❖ *ကင်းမြီးကောက် - အောင်ဒင်*

စသည်ဖြင့် ထူးခြားသော အားကစားသမားများ ရက်ပိုင်းအတွင်း ပေါ်ထွန်း၏။

ကြွပ်ကြွပ်အိတ်များ လွန်စွာရှားသွားသည်။ ဤဒေသတွင် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်တို့သည် စွန့်ပစ်ပစ္စည်းမဟုတ်၊ တန်ဖိုးကြီးလှသည်။ ပလတ်စတစ်ပေါ်တွင် သံချွန်ဖြင့် စာရေးကာ မှတ်တမ်းမှတ်ရာထားသည်။ အပြန်အလှန် သင်ကြားသော စာတို့ကို ဖတ်ကြသည်။ ကြွပ်ကြွပ်အိတ်တို့သည်ကား မီးလုံးတွင် စွပ်၍ ပိုးကောင် အန္တရာယ် ကာကွယ်သည်။ ကြွပ်ကြွပ်အိတ်တို့ကို ကြိုးကျစ်၍ ကြိုးတို့ကို လွှဲပစ်ကာ တစ်ခန်းနှင့်တစ်ခန်း ဆေးလိပ်မီးယူ၊ ပစ္စည်းယူ ဆေးလိပ်မီးကြိုးအဖြစ် သုံးသည်။ ကြွပ်ကြွပ်အိတ်တစ်လုံး မီးရှို့သုံးက ပုံစံခွက်ဖြင့် ဟင်းတစ်ခွက် ကျက်သည်။ ကြွပ်ကြွပ်အိတ် ကြိုးပုတီးသည်ကား ပြင်ပဈေးကွက်တွင် အရောင်းတွင်ကျယ်၏။ အိပ်ရာအောက်ခံအဖြစ် လည်းကောင်း၊ မိလ္လာအောက်ခံအဖြစ် လည်းကောင်း၊ အမျိုးမျိုး အသုံးပြု၍ရသော ကြွပ်ကြွပ်အိတ်တို့သည် ယခုအခါ ပို၍ အသုံးဝင်လာသည်။ ကြွပ်ကြွပ်အိတ်ဘောလုံး၊ ကြွပ်ကြွပ်အိတ် ဘောလီဘောပိုက်၊ ကြွပ်ကြွပ်အိတ် အလေးမအိတ်၊ ကြွပ်ကြွပ်အိတ် သိုင်းကျမ်းအထိ ကြွပ်ကြွပ်အိတ်သည် လွန်စွာ အသုံးဝင်၏။

စာရေးသားမှုအရာတွင် လည်းကောင်း၊ ဗေဒင်အတတ်တွင် လည်းကောင်း ကောင်းစွာ ကျွမ်းကျင်သည့် ဆရာကြီးမင်းသိမ်သည် ထူးခြားသော သိုင်းပညာရပ်ကို တတ်မြောက်သည်။

အပြင်လောက ထိုခေတ်ကာလ ဗန္ဓုလပန်းခြံ၊ ကန်တော်ကြီးတစ်ဝိုက်တွင် နေထွက်ရာဘက် မျက်နှာမူကာ လွန်စွာနှေးကွေးသော ကိုယ်လက်လှုပ်ရှားမှုကို သိုင်းကွက်ကသော တရုတ်လူမျိုးတို့၏ သိုင်းအတတ်နှင့် I Ching ရီချင်းလှုပ်ရှားမှု (၆၄)ကွက်ကို ကိုယ်တိုင်လည်း ကစားသည်။ သင်ကြားပို့ချခြင်းလည်း ပြုသည်။ ဖိုမ၊ အပျော့ အမာ Yin ယင်၊ Yang ယန် စုံမကို အခြေခံသော ထိုက်ကျိ (Taiji) သိုင်းကွက်မှသည် အလုံးစုံသော အကွက်တို့ကို အစဉ်အတိုင်း အစဉ်အတိုင်း မဟုတ်ဘဲ အလျဉ်းသင့်သလို ပြောင်းလဲ၍ အပြောင်းအလဲပေါင်း (၄၀၉၆)ကွက်၊ ဝူကျိ (Wu Chi) သိုင်းကွက်တို့ကို သင်ကြားသည်။

နာခေါင်းမွေး၊ မုတ်ဆိတ်မွေးဖားရား ဆံပင်ကုပ်ဝဲနှင့် အပေါ်အင်္ကျီကို ချွန်၊ ဝမ်းဗိုက်ပူပူနှင့် ဘောင်းဘီးတို ခပ်ပွပွကို ဝတ်၍ ရှေ့မှ သိုင်းကွက်တို့ကို ဖော်ကျူးနေသော သိုင်းဆရာကြီးနောက်မှ အပေါက်အပြဲများကို သားရေကွင်းနှင့်စုကာချည်နှောင်ထားသည့် ဘောင်ဘီဖင်ပြဲ၊ နံရိုးအပြိုင်းပြိုင်း ဆံပင်လိမ်ကောက်ကောက်နှင့် အချိုးမကျစွာ ဟိုရွှေ့သည်ရွှေ့ လှုပ်ရှားနေသည့်တပည့် သိုင်းပညာသင် စံ-ဇာဂျီဘိုကိုကြည့်ကာ-

"ကိုဇာရေ၊ အကွက်ကတော့ မိုက်နေပြီ၊ ဘော်ဒီဝိတ်ပဲလိုတာ"

တစ်နေ့တစ်နေ့ ထောင်မှ ကျွေးသော ထမင်းတို့ကို တနင့်တပိုးစားကာ ဝဖြိုး အရွယ်ရောက်လာသော ရန်မျိုးသိန်း၏ နောက်ပြောင်မှုအား မခံချိမခံသာဖြစ်နေဆဲ။ ရုပ်ရှင်မင်းသား ဦးအောင်လွင်က-
"ကိုဇာဂနီ မပူနဲ့၊ ဘော်ဒီဘေ့ လုပ်ပေးမယ်။ ဝိတ်မခိုင်းလိုက်ရင် ကြွက်သားတွေ တက်လာမှာ"
ဟု ဘကြီးအောင်က အားပါးတရ ပြောသည်။ မိမိထက် ခေါင်းတစ်လုံးမက မြင့်သော ဦးအောင်လွင်ကို ကြည့်လေသော် အသက်(၅၈)ကျော်သည့်တိုင် အရပ်အမောင်းနှင့် ခန္ဓာကိုယ်အား အားကျကာ...
"ဟာ... ဘကြီးအောင်၊ ဝိတ်မလို့ဖြစ်ပ့ါမလား"
"ဟာ... ဖြစ်ရမှာပေ့ါ"
"ဟာ... အိုကေပဲ၊ ဆရာခဆီက သိုင်းသင်၊ ဘကြီးအောင်ဆီကနည်းနဲ့ ပေါင်းလိုက်ရင် စပါယ်ရှယ် သိုင်းဆရာကြီးဖြစ်သွားမှာ၊ ဟီး... ဟီး"
ရန်မျိုးသိန်းနှင့် တင့်ဆန်းတို့က ရယ်ပွဲဖွဲ့၍ ဝိတ်မရန်တိုက်တွန်းသည်။

ကိုမြအေးက ကိုဇာကြီး ဒိုက်ထိုးရင် တကယ်တက်တာ၊ ဒိုက်ထိုးရန် မြှူဆွယ်၍ ဒိုက်ထိုးပြန်သည်။ ရေပြင်ညီဒိုက်ထိုးလိုက်၊ အမြင့်မှအောက်သို့ စိုက်ကာ ဒိုက်ထိုးလိုက်၊ အောက်မှ အထက်သို့မြင့်ကာ ဒိုက်ထိုးလိုက် မြအေးစကား နားယောင်၍ လုပ်နေစဉ် ကိုဇာကြီး ဗယ်လီရိုက်မှ ဗိုက်က ကြွက်သားတက်မှာဟု ပြုံးချိုက ပြောလေရာ ပက်လက်တစ်မျိုး၊ ဒူးထောင်၍တစ်ဖုံ၊ ဘေးတိုက် ဘယ်လှည့်တစ်နည်း၊ ညာလှည့်တစ်နည်းနှင့် ဗယ်လီရိုက်ပြန်သည်။ သံတိုင်အလယ်တန်း ပေါ်ခြေပစ်၍ ကြမ်းကိုအောက်ပြုကာ မှောက်ခုံဒိုက်ထိုးရာမှ နောက်စေ့မှ ဆံပင်ကို ဖျာတွင်ညှတ်ကျွတ်ကျန်ခဲ့ကာ နောက်မှဆံပင်များ ပြောင်သွားသည်။ ကြွက်သားက တက်မလာ။ ဆံပင်များပြောင်၍ နောက်ဆံပင်ပြောင်သော်လည်း ဝိတ်ကတက်မလာ။

"မြင်းတွေ၊ ခိုတွေ ကျွေးတဲ့ ကုလားပဲကိုစားရင် ကြွက်သားတက်တာ၊ ကုလားပဲစေ့အစိမ်းတွေကိုယူ၊ တစ်ညသိပ် ရေစိမ်ထား၊ မနက်ကျတော့ ပဲစိမ်ရည်ကိုသောက်၊ ပဲတွေကို ဝါးစား၊ ဒါမှ ကြွက်သားတက်မှာ"
ဤကား ဦးရဲထွန်း၏ အကြံဉာဏ်ပေးမှုဖြစ်ပေရာ ထောင်ဝင်စာအတွေ့တွင် အိမ်မှ ကုလားပဲတို့ကို မှာယူကာ ကုလားပဲတို့အား တစ်ညတာ ရေစိမ်၊ စိမ်တဲ့ရေကိုသောက်၊ ပဲစိမ်းကို စား ဗိုက်နာ၍ ဝမ်းသာသွားသည်။ ကြွက်သားက တက်မလာ။ ကြံရည်ဖန်ရည်ကောင်းလှသော ဘကြီးအောင်၏ အစီအမံဖြင့် ဝိတ်မသော ဝိတ်အိတ်ကိုရရှိသည်။ ပြင်ပလောကတွင် ဝိတ်မသော အပြားရှိသည်။ ဤဒေသတွင်ကား ကြွပ်ကြွပ်အိတ် သုံးထပ်ထပ်ကာ မြေကြီးများ၊ ခဲလုံး၊ ကျောက်ခဲများ ဖြည့်ကာ စီစဉ်ထားသော အိတ်သည်ကား ဝိတ်အိတ်ဖြစ်သည်။ လုံးပတ်လက်တစ်ဆုပ် တစ်တောင်ခန့်ရှိသော သရက်ပင်မှအကိုင်းကို ချိုး၍ ကြွပ်ကြွပ်အိတ် လက်ကိုင်ကွင်းအလယ်မှ ကြိုးနှင့်ချည်ကာ ဝိတ်မစေသည်။

"ဟုတ်ပ့ါမလား ဘကြီးအောင်ရယ်၊ ဒီဝိတ်အိတ်ကြီးက။ ဝိတ်မတာကို ရုပ်ရှင်ထဲမှာလည်း ကြည့်ဖူးတယ်၊ အပြင်မှာလည်း မြင်ဖူးတယ်။ မြင်ဖူးတာက သံချောင်းအလယ် တစ်ဖက်ဆီမှာ

ဝိတ်ပြားတပ်၊ အလယ်က မ,ရတာ၊ အခုတော့ ဝိတ်က အလယ်က ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် လှမ်းကိုင်ပြီး မ,ရတာ။ တော်ကြာ ဝိတ်မတက်ဘဲ ကြီးလာမှာ"
"ဟာ ဒီမှာ ကိုဇာ၊ စနစ်ကျဖို့အရေးကြီးတာ၊ ကဲ… ခြေထောက်ကို ကားပြီးရပ်၊ လက်နှစ်ဖက် ဘေးကပ်ထား၊ ကားမသွားစေနဲ့။ ကဲ… ဟိုဘက်ထိပ် ဒီဘက်ထိပ်လက်ကို ပက်လက်ထားပြီး မ"

အထူးစီစဉ်ထားသော အချိန် (၁၀)ခန့်ရှိ ခဲ၊ အုတ်၊ သဲမြေ အရောရောသော အိတ်ကြီးကို မ,စေသည်။ ရှေ့မှဆွဲယူ၍ တံတောင်ဆစ်အထိ ကိုယ်နှင့်ကပ်ကာ အောက်မှ အထက် လက်ကို ကွေးကာ မ,လိုက် ချလိုက် ပြုစေသည်။

တစ်ဖန် အိတ်ကို နောက်မှထား၍ အိတ်ကို မ,လိုက် ချလိုက် အကြိမ်များစွာပြုသည်။ နည်းပြ ဘကြီးအောင်နှင့် သင်တန်းသား စံ-ဇာဏီဘိုကို ကြည့်ကာ အားလုံးက ပျော်ရွှင်ရယ်မောကြလေသတည်း။

## ဗေဒင်သိုင်းကျမ်း ကျက်မှတ်ခြင်း

ဆရာကြီး မင်းသိခ်၏ ဗေဒင်သိုင်းကျမ်းသည်ကား လွန်စွာနက်နဲလှ၏။ သိုင်းအတက်ကို လွန်စွာစိတ်ဝင်စားသည့် (P) သုံးလုံးခေါင်းဆောင် ဦးလှရွှေမှပင် လွန်စွာချီးကျူး၏။ ပညာရှင်ဆရာကြီး မင်းသိခ် ပြောသမျှကို ပလတ်စတစ်အိတ်အကြည်ပေါ်တွင် ကြိုးစားပမ်းစား ရေးမှတ်သောကျမ်းကို လေ့လာကာ-
"တောက် ကျွန်တော် ဖတ်ဖူးသမျှ သိုင်းကျမ်းထဲမှာ ဒီပညာက အထူးဆန်းဆုံးပဲ"
ဦးလှရွှေက မှတ်ချက်ချသည်။

ဦးလှရွှေသည်ကား ၁၉၆၂-ခုနှစ်တွင် နောက်ဆုံး ကျောင်းသားသမဂ္ဂဥက္ကဌ အဖြစ် တာဝန်ယူခဲ့သည်။ ကွန်မြူနစ်ဝါဒကို ကောင်းစွာနားလည်သူ ဖြစ်သည်။ သမဂ္ဂဖြိုဖျက်သည့် နောက်ပိုင်း တောခိုရာမှ ဖမ်းဆီးခံထောင်ကျကာ ယခုတစ်ဖန် အတွင်းသို့ ပြန်လည်ဝင်ရောက်သူဖြစ်သည်။ လက်ဝဲဝါဒပိုင်းတွင် ကျွမ်းကျင်သူ ဖြစ်သည်။ ဝါဒရေးရာ ဦးဆောင်သူ ဖြစ်သည်။ ဦးလှရွှေ၏ ထူးခြားသော ဝါသနာသည်ကား သိုင်းကျမ်းလေ့လာခြင်း ဖြစ်သည်။ မက္ခရာဓား၊ သိုင်းကာတွန်းမှသည် သိုင်းလောက၏ စိန်ခေါ်သံ၊ မောင်မျိုးချစ်၊ မောင်မျိုးသစ်၊ ချောကလျာ၊ အရှေ့ကျွန်းထိပ်သီး၊ အနောက်ကျွန်းအဆိပ် ဦးလူကျော်၊ မြောက်ကျွန်း သူတောင်းစားကြီး ဦးမြတ်ထွား၊ တောင်ကျွန်းဘုန်းတော်ကြီး ကုမာရ အစရှိ၍ မျက်ခုံးလေးခုနှင့် လူရှောက်ဖုန်၊ ရှောင်လင်ဘုန်းကြီး၊ နဂါးနိုင်ဓား၊ ကျမ်းဟူကျင်း စသည့် စသည့် သိုင်းဇာတ်ကောင်အလုံးစုံတို့ကို အလွတ်နီးပါး ပြောနိုင်သူဖြစ်သည်။ ဖတ်ဖူး၊ မှတ်ဖူးသော၊ ကြားဖူးသော သိုင်းဝတ္ထုမှ သိုင်းကွက်အသီးသီးသည် ဆရာခ၏ သိုင်းကွက်တို့သည် ဝူတန်သိုင်းနှင့်လည်း တိုက်ဆိုင်၏။ ခွန်လွန်ဂိုဏ်းနှင့်လည်း မကွာလှ။ ရှောင်လင်သိုင်းကွက်ကိုလည်း အခြေခံကြောင်းဆိုသည်။ သိုင်းကျမ်းပါ အကွက်များကို လေ့လာသည်။

ဤသိုင်းကျမ်း၏ အကျိုးပေးလားမသိ။ ယခုထက်တိုင် သက်ရှည်ကျန်းမာနေကြောင်း သိရှိရသည်။

"အရှေ့ နဂါးစိမ်း၊ အနောက် ကျားဖြူ၊ တောင်မှာ မီးငှက်၊ မြောက်မှာ လိပ်မည်း၊ စုံမ၊ မစုံ၊ ယင်၊ ယန် သစ်သားကို သတ္တုကနိုင်၊ သတ္တုကို မီးကနိုင်၊ မီးကို ရေကနိုင်၊ ရေကို မြေကနိုင်၊ မြေကို သစ်သားကနိုင်၊ သစ်သားက မီးဖြစ်၊ မီးက မြေဖြစ်၊ မြေက သတ္တုထွက်၊ သတ္တုက ရေထွက်၊ ရေက သစ်သားထွက်၊ သစ်သားက မီးထွက်"
အော်ကြီးဟစ်ကျယ် ကပေါက်တိ ကပေါက်ချာ စကျက်နေသော စံ-ဇာဂျီဘို အသံကြားသော ဦးရဲထွန်းက-
"ဟေ့ကောင် ဇာဂျီ၊ ဘာတွေ အော်နေတာလဲ"
"ဆရာခ ပေးထားတဲ့ ဗေဒင်သိုင်းကျမ်း ကျက်နေတာ"
"ဟား... ဟား... ဟား... ဟား... မောင်ခလုပ်တာနဲ့ မင်းရူးလိမ့်မယ်"
ဦးရဲထွန်းသည် ဆရာမင်းသိခ်နှင့် အလွန်ရင်းနှီးရာ မောင်ခဟူ၍ ကျီစယ်ခြင်းပြုကာ ရယ်ပွဲဖွဲ့လေတော့သည်။

"သွားမလုပ်နဲ့ ဦးရဲထွန်း၊ ဒီသိုင်းကျမ်းက တကယ်မိုက်တာ"

ဦးလှရွှေက သိုင်းကျမ်းအပေါ် ထောမနာပြုသည်။
"ကဲ ပြောစမ်းပါဦး၊ မင်းစာအုပ်က ဘာတွေလဲ"
ဟုမေး၍ (၆၄)ကွက်နှင့် အကွက်ပြောင်းများကို ရေးဆွဲဖော်ပြကာ ပြောဆိုလေသော် ဦးရဲထွန်းက-
"ဟာ... ဒါတွေက ဒီလို၊ ၁၉၅၀ က အမေရိကမှာ အလွန်ခေတ်စားခဲ့တဲ့ စာအုပ်ထဲက အကွက်တွေပဲ၊ Princeton University က ထုတ်ပြီး ရေးတဲ့ သူကတော့ Richard Wilhelm (ရစ်ချက်ဝယ်လ်ဟင်လင်) ပေါ့။ စာအုပ်နာမည်က I Ching or Book of Changes ဒီရီချင်းလို့ခေါ်တဲ့ အပြောင်းအလဲတွေအကြောင်း တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်က ချီးကျူးထားတယ်။ မော်စီတုန်းကလည်း အတော်သဘောကျတယ်ဆိုတာပဲ။ ၁၉၃၄၊ အောက်တိုဘာ (၁၆) ရက်မှာ မော်စီတုန်းက Long March ဆိုတဲ့ ခရီးရှည်ကိုလျှောက်ခဲ့တာ ဒီရီချင်းကွက်တွေနဲ့ လျှောက်ခဲ့တာ။ မင်းတို့ ဆရာခက တယ်သိပါလား"

ဗဟုသုတ အလွန်ကြွယ်လှသော ဦးရဲထွန်းသည် ဆရာကြီးမင်းသိခ်ကို မောင်ခအစား မင်းတို့ ဆရာခဟူ၍ အစားထိုးကာ အခေါ်အဝေါ်များ ပြောင်းလာတော့သည်။

ထိုနေ့မှစ၍ ဆရာခဗေဒင်ကျမ်းကို လေ့လာကာ ဟိုလှုပ်သည်လှုပ်၊ ဟိုရွှေ့ သည်ရွှေ့နှင့် ယင်ဟု အော်လိုက်၊ ယန်ဟု အော်လိုက်နှင့် ဦးရဲထွန်းပင်လျှင် ဗေဒင် သိုင်းဂိုဏ်းဝင်တစ်ဦး ဖြစ်လေတော့သတည်း။

*****




## အဖြူရောင် ဂေါ့ဖာများ

ဒီဇင်ဘာနှင်းမှုန်ကြားမှ အားကစားကို လိုက်စားကြကုန်သော အင်းစိန်တိုက်ဒေသရှိ သံတိုင်ကြားမှ အဖြူဝတ်လူသား တို့သည် အဆင့်အတန်းမြင့်လာသော အနောက်တိုင်းအလိုအရ ဂေါ့ (Golf) ဟုခေါ်သော ဂေါက်သီးအားကစား နည်းပညာကို ကောင်းစွာလိုက်စားတတ်မြောက်ကြကုန်သည်။ ထိုခေတ်ကာလ လူကုံထံများသာ တတ်ကျွမ်းနားလည်သည့် ဂေါက်သီးရိုက်ခြင်း နည်းစနစ်နှင့် အတတ်ပညာဥပဒေသတို့ကို လူပုံစံများဟု ခေါ်တွင်နိုင်သည့် ပုံစံနှင့်ထိုင်...၊ ပုံစံနှင့်ရပ်...၊ ပုံစံနှင့်စား...၊ ပုံစံနှင့် အိပ်သည့်သူများကို ပုံစံတကျ နည်းပညာပေး သင်ကြားသော သူသည်ကား "ဦးရဲထွန်း" ဖြစ်သည်။

ငယ်စဉ်ကာလမှပင် အမေရိကန်နိုင်ငံတွင် ပညာသင်ကြားကာ ဘွဲ့အတတ်များရယူပြီး အင်္ဂလန်နိုင်ငံတွင်ထပ်ဆင့် ပညာအတတ်ကို တတ်မြောက်ကျွမ်းကျင်လာသော ဥပဒေပညာရှင်ကြီး ဦးရဲထွန်းသည် အစဉ်အလာကြီးမားလှ၍ ကြွယ်ဝသောမိသားစုမှ ပေါက်ဖွားလာသူဖြစ်သည်။ ကြက်သွေးရောင်ဘောင်းဘီကို စွပ်ကျယ်လက်ပြတ်နှင့် ကွမ်းကို တမြုံ့မြုံ့ဝါး၍ မိလ္လာခွက်ကို ကိုင်ကာ (Good morning) ဟူ၍ အလွန်ပီသသော အနောက်တိုင်းမှ ဘိုဆန်လှသော လေသံကိုပြုကာ နှုတ်ဆက်ခြင်းဖြင့် သူ၏ တစ်နေ့တာကို စတင်မြဲဖြစ်သည်။

"ဇာဇာ မနေ့က သင်ပေးထားတာကို မှတ်မိလား"
ဟု ဦးရဲထွန်း၏ အမေးကို ဆံပင်ဘုတ်သိုက်၊ နံရိုးအပြိုင်းပြိုင်းနှင့် အပေါက်အပြဲတို့ကို သားရေကွင်းနှင့် ထုံးနှောင်၍ဝတ်ကာ ဒိုက်ထိုးနေသော စံ-ဇာဇာဘိုက မဖြေခင် ဘိုးတော်ခင်ဝင်းက ကြားဝင်၍-
"မှတ်မိတယ် ဦးရဲ... အယ်စတုန်ဆိုပြီးတော့ အဆင့်ဆင့် ကိုယ်ကိုစောင်းပြီး အလုံးကို တုတ်နဲ့ရိုက်ရမှာ"

ဘိုးတော်၏အဖြေကို ကြားလေသော် ဦးရဲထွန်းမျက်နှာ ရှုံ့မဲ့သွားပြီး-
"ဘယ့်နယ် အယ်စတုန်ရမှာလဲ ဘိုးတော်ရာ၊ အမ် စတာ ဒမ် ဆိုပြီးတော့ ဂေါက်ရိုက်ဖို့ တိုင်ပင်ယူတာပါ"
ဟု ပြောလေသော်-
"ဦးရဲကလည်း အယ်စတုန်ဖြစ်ဖြစ်၊ အမ် စတာ ဒမ် ဖြစ်ဖြစ် အသံထွက်အတူတူဘဲဟာ၊ မြန်မာမှု ပြုလိုက်ပြီးရော"

အပြင်သို့ရောက်နေသော မင်းသားကြီး ဦးအောင်လွင်က တံမြတ်စည်းတစ်ချောင်းကို လက်နှစ်ဖက်နှင့်ကိုင်၍ ခြေစုံကားကား "အမ်" ဟု ခေါ်ကာ ခါးကိုကိုင်းကာ တံမြတ်စည်းကို မိမိ၏ရှေ့တွင် တည့်မတ်စွာထား၏။ "စတာ" ဟု အသံထွက်ကာ ခန္ဓာကိုယ်ကို ဘယ်မှညာသို့ အနည်းငယ် စောင်း၍ စုံကိုင်ထားသော တံမြတ်စည်းကို နာရီလက်တံ ဆန့်ကျင်ဘက်အတိုင်း ခပ်ဝိုက်ဝိုက်မြှောက်၍ ဘယ်ခြေဖျားကိုထောက်၊ လက်တို့ကိုကွေး၍ "ဒမ်" ဟုခေါ်ကာ နာရီလက်တံအတိုင်း ခြေထောက်ရှေ့တွင်ထားသော ကြွပ်ကြွပ်အိတ်အလုံးကြီးအား "အုန်းခနဲ" မြည်အောင်ရိုက်၏။ အဲဒါကိုကြည့်၍ "Very Good... Very Good" ဟု အာလုတ်သံကြီးဖြင့် ဦးရဲထွန်းက ဦးအောင်လွင်အား ချီးမြှောက်၏။

ထိုခေတ်ကာလ အလွန်နာမည်ကြီးလှသော ဂေါက်သီးသမားကြီး (ဦးမြအေး)၏ ဟန်အတိုင်း မျက်နှာကို ဘယ်ဘက်သို့ ခပ်စောင်းစောင်းထား၍ လွင့်သွားသော ကြွပ်ကြွပ်အိတ်အလုံးကို ကြည့်၊ ခြေထောက်ကို ခပ်ကြဲကြဲထား၊ ဘယ်ခြေထောက်ကို ခြေဖျားထောက်၍ တံမြတ်စည်းကို ပခုံးတွင်တင်ထားသော မင်းသားကြီးဦးအောင်လွင်၏ပုံသည် မဂ္ဂဇင်းမျက်နှာဖုံးပုံတွင် ဖော်ပြရန်ပင် ကောင်းလေသည်။

"ဟာ... ဘကြီးအောင် တယ်စတိုင်ကျပါလား"
ဟု ဘိုးတော်က လှမ်းအော်သည်။
"အိုက်တင်က တယ်မိပါလား..."
ဝိုင်းကြည့်နေသော လူငယ်များကလည်း-
"မိုက်တယ်ကွာ"
ဟု လှမ်းအော်ကြ၏။

"ဒီအိုက်တင်ကို ဘယ်လိုရအောင်လုပ်ထားလဲ"
အလွန်မျက်စိစူး၍ အတုခိုးကောင်းလှသော ရန်မျိုးသိန်းက မေးလေသော်-

"ဂေါက်သီးရိုက်တဲ့ အိုက်တင်က လူ (၄)ယောက်ဆီက ပုံစံယူထားတာ၊ တစ်ယောက်ဆို တော်သေးတယ်၊ အခုတော့ များလှချည်လား"
ဟု စံ-ဇာဏီဘိုက မေးလေသော်-
"ကိုဇာကြီး ဒါက ဒီလိုရှိတယ်"
ရန်မျိုးသန်းသည် စကားတစ်ခုကို ရှင်းလိုလျှင် ဒီလိုရှိတယ်ဟု အစချီလေသော်...
"ဒီလိုရှိတယ်ကြီးကို ရှင်းပါဦး"
"ခြေထောက်ကို ခပ်ကားကားရပ်ရင် ဆရာခလိုရပ်ရမှာ... ဆရာကြီး (ဦး) မင်းသိခ်သည် ဟာနီယာဟု အနောက်အတိုင်းအခေါ် အဝေါ်အရ အူကျသည့်ရောဂါရှိပေရာ ရပ်လျှင် ခပ်ကားကားရပ်ရတယ်... ဘကြီးမိုးလို ခပ်ကုန်းကုန်းနေရတယ်"
စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ မောင်မိုးသူကို ဘကြီးမိုးဟူ၍ အားလုံးက ခေါ်သည်။ အရပ်ရှည်ရှည် ခါးကိုင်းကိုင်းနှင့် ပုံသဏ္ဍာန်ကို လူတိုင်းက မျက်စိထဲမြင်၏။

"ဆရာခလို ခြေကားရယ်၊ ဘကြီးမိုးလို ခါးကုန်းထား၊ ခါးစောင်းတဲ့အခါ ဦးသော်ကကြီးလို ခါးစောင်းရမှာ..."
စာရေးဆရာ ရေတပ်မှ ဗိုလ်မှူးဘသော်သည် စာရေးဆရာမောင်သော်ကဟု ခေါ်သည်။ ခါးတွင်ဒဏ်ရာရထားသဖြင့် ခပ်စောင်းစောင်းဖြစ်နေရာ အားလုံး၏ မျက်လုံးထဲတွင် ထင်းခနဲဖြစ်သည်။

"ဂေါက်သီးရိုက်ပြီး မျက်နှာကို ခပ်မော့မော့ထားပြီး ပြုံးနေတဲ့ပုံက အဘချမ်းပုံလေ"
စာရေးဆရာကြီး မောင်စူးစမ်းအား အားလုံးက ချစ်စနိုးဖြင့် အဘချမ်းဟူ၍ ခေါ်ကြသည်။

"ကဲ ဂေါက်သီးရိုက်တယ်ဆိုတာ ဆရာခလို ခြေကားကား၊ ဘကြီးမိုးလို ခါးကုန်းကုန်း၊ ဦးသော်ကလို ခါးစောင်း စောင်း၊ ဂေါက်သီးရိုက်ပြီးတာနဲ့ အဘချမ်းလို ပြုံး"
"ဟာ... ဒါဆိုရင် အမ် စတာ ဒမ် လို့ မခေါ်တော့ဘူး၊ ခ မိုး သော် ချမ်းလို့ခေါ်ပြီး ဂေါက်ရိုက်မယ်"
ဟု ကျောင်းသားလူငယ် မင်းဇေယျာမှ ဝင်ပြောလေသော် အားလုံး သဘောကျသွားလေတော့သည်။

## ဂေါက်ရိုက်တံမြတ်စည်း

ဂေါက်သီးအဖြစ် သုံးစွဲသော ကြွပ်ကြွပ်အိတ်သည် အခက်အခဲမရှိ ရကြသည်။ ထိုကြွပ်ကြွပ်အိတ်ကား ဂေါက်သီးအဖြစ်ရိုက်ရန် ဂေါက်ရိုက်တံမြတ်စည်းသည် ပြင်ပလောက ဂေါက်ရိုက်တံ (Golf Stick) ထက်ပင် ရှားပါးပေလိမ့်မည်။

တံမြတ်စည်း တစ်ခုအား သုံးစွဲလေသောအခါ တံမြတ်စည်းစတို့သည် တဖြေးဖြေးတိုဝင်၏။ ထို့နောက် နှုတ်ခမ်းမွှေးကဲ့သို့ တစ်ဖက်တစ်ချက် ခပ်ကော့ကော့သာ ရှိကြ၏။ သို့သော် ဂေါက်ရိုက်သည့် တံမြတ်စည်းသည် နှုတ်ခမ်းမွှေးတစ်ဖက်သာ ရှိရမည်။ ဤသို့သော တံမြတ်စည်းမျိုးရရန် နှစ်ပေါင်းများစွာ စောင့်မှသာ ရရှိမည်။ ၎င်းတံမြတ်စည်းရိုးကာ Hocky Stick အဖြစ်လည်းကောင်း၊ Golf Stick အဖြစ်လည်းကောင်း ထည်လဲသုံးလို့ရသည်။ (၃)တိုက်တွင် တံမြတ်စည်း (၂)နှစ်ချောင်းရှိ၏။ တစ်ချောင်းသည် ဘကြီးအောင်(ဦးအောင်လွင်) မှ ပိုင်ဆိုင်သည်။

ကျန်တစ်ချောင်းသည် ကြိုးသမား ခွေးတူ ဝက်တူ လှသိန်းထံမှ နွား (မကျင်လှ)အလိပ် (၂၀)နှင့် ဝယ်ယူထားခြင်းဖြစ်သည်။ စံ-ဇာဏီဘိုမှ ပိုင်ဆိုင်၏။ ဤဂေါက်သီးရိုက်သည့် တဖက်ကော့ မြတ်တံမြတ်စည်းကို ငှားရမ်းခြင်းဖြင့် အတော်စီးပွားဖြစ်နေ၏။ ထောင်တွင်းဗေဒင် ဟောခြင်းထက်ပင် ပို၍စီးပွားဖြစ်သည်။ ဟန်ကျနေ၏။ ထိုဒေသတွင် စံ-ဇာဏီဘိုတွင် ဗေဒင်မေးက မကျင်လှ (နွားဆေးလိပ်) ပေးရ၏။

ဂေါက်သီးရိုက်တံ ငှားရမ်းသည်ကား တစ်မောင်းဆိုက ၁-လိပ်၊ ၂-မောင်း ဆိုက ၂-လိပ်၊ ၃-မောင်းဆိုက ၃-လိပ်၊ လေးမောင်းဆိုက ၄-လိပ်ရ၏။ အင်းစိန်ဒေသတွင် ၁၅-မိနစ်တွင် တစ်မောင်းတီး၏။ မိနစ် ၃၀-တွင် နာရီတစ်ချက်ထိုးသော် ၂-မောင်းဟူ၍ သတ်မှတ်၏။ သံချောင်း ၃-ချက်ခေါက်သော် ၃-မောင်းဆိုသည့် ၄၅-မိနစ်ကြာသည်။ သံချောင်း ၄-ချက်တီးသောအခါ မိနစ် ၆၀ ကြာ၏။ ၁-နာရီ ဖြစ်၏။ ဤသို့ တစ်နာရီကြာက နွား (မကျင်လှ) ဆေးလိပ် ၄-လိပ်ဝင်ဖြင်းကြောင့် ရက်ပိုင်းအတွင်း ဂေါက်ရိုက်သော တံမြတ်စည်းတုတ်၏ အရင်းကြေကာ အမြတ်များထွက်၍ ထပ်မံ၍မှာကြားရန်ပင် အခြေအနေ ပြည့်ပြည့်စုံစုံရှိ၏။ စံ-ဇာဏီဘို ငှားရမ်းခမတောင်းရဲသောသူ တစ်ဦးသာရှိ၏။ သူ၏ဆရာ မင်းသိခ်မှ ယူငင်သုံးစွဲလေသော် တံမြတ်စည်း ဂေါက်ရိုက်တုတ်ကို ပေးရုံသာမက ဆေးလိပ်ကိုပါ ပေး၏။

ဆရာခသည် ဂေါက်သီးရိုက်ခြင်းအပေါ် လွန်စွာစွဲမက်နေ၏။

"ဒီမှာ ကိုယ့်လူ I Say မောင်ရဲ ဂေါက်သီးရိုက်တာကို အတော်ကြိုက်သွားပြီ၊ အပြင် ပြန်ရောက်ရင်တော့ ဆားပုလင်းနင်းမောင်ကို ဂေါက်သီးရိုက်ခိုင်းမယ်... စာရေးရင် တစ်နေ့သည် ဆားပုလင်းနင်းမောင်သည် နင်းတောင်စီးကရက်ကိုခဲ၍ မျက်လုံးကို ခပ်မှေးမှေးထားကာ ဂေါက်သီးကို ကြည့်လျက် စနစ်တကျ ဂေါက်ရိုက်တံကိုကိုင်ကာ အစချီပြီး ရေးပစ်မှာ"
ဟုပြောရင်း အောက်တွင်ရှိသော ကြွပ်ကြွပ်အိတ်ကို လှမ်းရိုက်၏။ ဂေါက်တံသည် လေထဲကိုဝဲမြှောက်တတ်သွားသည်။ ဂေါက်သီးကိုမထိ။ ထိုသို့ ဆရာခ လွဲချော်သွားသည်ကို ကြည့်၍ ဆရာဦးရဲက တဟားဟားရယ်ကာ-
"မောင်ခ ဒီလိုရိုက်လို့မရဘူးလေ၊ မောင်ရင့်ဗိုက်ပူကြီးက ရှေ့ခံနေတော့ ဘောလုံးကိုငုံ့ကြည့်လို့ ဘယ်မြင်ရမလဲ"

ဦးရဲထွန်းနှင့် ဆရာကြီး မင်းသိခ်တို့သည် အပြန်အလှန် ရင်းနှီးကြ၍ မောင်ခ၊ မောင်ရဲဟုပင် ကိုးစယ်နောက်ပြောင်ခေါ် ဝေါ်ကျ၏။

"ခက်တာမှတ်လို့... ဗိုက်ခံနေလည်း ဘောလုံးရှေ့တိုးရိုက်ရုံပေါ့"
ရှေ့သို့တိုးကာ ဂေါက်သီးကို ရိုက်၏။ ကုန်း၍မရသဖြင့် လွဲပြန်၏။

"မောင်ခ မင်း ဒီဗိုက်ကြီးကို ဝိတ်လျှော့ရမယ်"
ဟု ဦးရဲထွန်းက ဝေဖန်၏။

"ဒီမှာမောင်ရဲ ဒီလိုဗိုက်မျိုးက ကိုယ်နဲ့ ကောသလဘုရင်ကြီး ဒီနှစ်ယောက်မှာသာ ရှိတာ"

ဟု ပြောကာ ရယ်မောကုန်၏။

"အဆိုရှိတယ် မောင်ရဲရ"
"ဘယ်လိုအဆိုလဲ ပြောပါဦး မောင်ခရာ"
"မိန်းမဆို ပန်းပန်၊ ယောကျ်ားဆို ဝမ်းခံဆိုတာ မကြားဖူးဘူးလား... မိန်းကလေးတွေက ပန်းပန်ရင် သိပ်လှတာ... နဂိုအလှထက်ပိုပြီး လှကျက်သရေတိုးတာ... ယောကျ်ားတွေက ဗိုက်က ခပ်ရွဲရွဲနဲ့မှ ခန့်ညားတာ၊ စတိုင်လ်ကျတာ"
ဟု ဆရာခ စကားကြားရ၏။

"ဟိုကောင် ဇာဏီကို ကြည့်၊ နံပိန်ပိန် ဗိုက်ကပ်ကပ်နဲ့ ယှဉ်လိုက်စမ်းပါ"
ဟူ၍ စံ-ဇာဏီဘိုအား ဆွဲယူကာ သူနှင့် ယှဉ်ပြ၏။ အမှန်ပင် ဆရာမင်းသိခ်သည် ပြည့်ပြည့်ဖြိုးဖြိုးနှင့် လွန်စွာခန့်ညားသည်။ စံ-ဇာဏီဘိုသည်ကား ညှင်းသိုးသိုး ပိန်ကပ်ကပ်နှင့် ဗိုက်က အတွင်းသို့ချိုင့်ဝင်နေ၏။ ကေရာဇ်နှင့် သူဖုန်းစားပမာ ကွာခြားလှ၏။

"ဟာ ဆရာခကလည်း မဟုတ်သေးဘူးလေ... ဒီလိုရှိတယ်"
ရန်ကြီးက ထုံးစံအတိုင်း အထွန့်တက်၍-
"ပိန်ရင် အလုပ်မရှိရင် အပြင်မှာ ရှာစားလို့ရတယ်။ ကိုဇာကြီးက အပြင်ထွက်လို့ ဗေဒင်မဟောရရင်တောင် ရှောက်သီးဆေးပြား ရောင်းလို့ရတယ်၊ ဗိုက်ပြားပြားလေးဆိုတော့ ပိုကောင်းသွားတာပေါ့။ တင်ပါးမှာ တင်တုထည့်၊ ရင်သားမှာ ရင်တုတည့်၊ ရေမြှုပ်နဲ့ ဘော်လီဝတ်၊ မိန်းမလိုဝတ်လိုက်ရင် ဂေါ်ရင်ဂျီကုလားမလောက်တော့ ရုပ်ထွက်တယ်။ ဗိုက်ပူတဲ့ ဆရာခက အဲဒီအတုတွေနဲ့ ဝတ်လို့ဘယ်ရမလဲ"
ကပ်သီးကပ်သတ်ပြောသော ရန်ကြီးစကားအား ဆရာခကြားလေသော် တဟီးဟီးရယ်မော၏။

"ငါက ဇော်ဂျီလိုဝတ်ပြီး လျှက်ဆားရောင်းရင် အတော်စီးပွားဖြစ်မှာ"
ဟု ရယ်မောကာ ပြော၏။ ထိုစဉ် ဝါဒါခင်မောင်အေး ရောက်ရှိလာ၍ ဖြူဖွေးလှပသော ဂေါက်သီးဘောလုံးအား ဦးရဲထွန်းအား ပြ၏။

ထောင်ဝါဒါ အတော်များများတွင် ခင်မောင်အေးသည် အခြားဝါဒါများနှင့်မတူ အလွန် သွေးကြီးသောသူ ဖြစ်သည်။ ဆေးပေါ့လိပ်မသောက်၊ စီးကရက်ကိုမှ ဖွာသည်။ ထိုခေတ်ကာလ ပေါ်ပေါက်သော ဇင်းဇင်းစီးကရက်ကိုပင် မဖွာ။

ငါးသုံးလုံး စီးကရက်ကိုမှ သောက်သည်။ ကြော့နေအောင်နေသည်။ လူကုံထံ သူဌေးတို့၏ အမူအကျင့်ကို အတုယူ၍ နေထိုင်ပြောဆိုသူဖြစ်သည်။ ဦးရဲထွန်း၏ ဂေါက်သီးရိုက်ခြင်း သင်တန်းတွင် အလွန်တက်ကြွစွာ အကျဉ်းသားမဟုတ်ဘဲ တက်ရောက်ခွင့်ရှိသော ဝါဒါဖြစ်သည်။ စင်ကနယ်၊ 92၊ 45 အစရှိသော ကုလားဆေးမွှေးတို့ထည့်၍ ယာထားသော ကွမ်းယာကို ထောင်တွင်းသို့ သွင်းယူကာ ဦးရဲထွန်းအား တံစိုးလက်ဆောင်ပေး၍ ဂေါက်ရိုက်ပညာကို သင်ကြားသူ ဖြစ်သည်။

"ဖက်တီး... မင်း ဒီဂေါက်သီးကို ဘယ်ကရတာလဲ"

ဝါဒါခင်မောင်အေးသည် အနည်းငယ် ဝဝဖိုင့်ဖိုင့်ရှိပေရာ ဖက်တီး ခင်မောင်အေးဟူ၍လည်းကောင်း အများက ခေါ်ကြ၏။

"ဒုညင်းကုန်းဂေါက်ကွင်း ချုံကြားက ကောက်လာတာ"

ဦးရဲထံမှ ဂေါက်သီးကို ဟိုလူက ယူကြည့်၊ ဒီလူက ယူကြည့်နှင့် အလွန်သဘောကျလှသည်။ ကြွပ်ကြွပ်အိတ်အလုံးအား ဂေါက်သီးသဖွယ် ရိုက်ခြင်းခေတ်ကာလကား ကုန်ဆုံးပြီ။ ဂေါက်သီးအစစ်နှင့် ရိုက်ခြင်းဖြင့် ပိုမိုထည်ဝါမှု ရှိလာပြီဟူ၍ အားလုံးက ယူဆကြကာ ဂေါက်သီးကိုတည်၍ တံမြက်စည်းနှင့် ရိုက်သည်။ ခပ်လေးလေးရှိသည့် ဂေါက်သီးသည် တစ်စက်မှမရွေ့။ ဂေါက်သီးကို တံမြက်စည်းနှင့် လှည်းသည့် အလားရှိသည်။ ခပ်ပျော့ပျော့ တံမြက်စည်းကြားတွင် ဂေါက်သီးသည် ကျွန်နေရှိလှ၏။ ဟိုလူရိုက်ကြည့်၊ ဒီလူရိုက်ကြည့်နှင့် နောက်ဆုံး ဂေါက်သီးလုံးအစစ်ကို ဖယ်ကာ ကြွပ်ကြွပ်အိတ်အလုံးကိုသာ ပြန်ရိုက်ကြရပြန်သည်။

ဂေါက်သီးစစ်စစ်သည် အင်းစိန်တိုက်သား ဂေါက်သမားများအတွက် စိုးစဉ်မျှ အသုံးဝင်ခြင်းမရှိပေ။

## *ဝွင်ပျောက်သော တံမြက်စည်း*

"ခွေးရူးကောင်းစား တမွန်းတည့်"
ဟူသော စကားသည်ကား မှန်လှသည်။ တံမြက်စည်းဂေါက်ရိုက်တံကား ငှားရမ်း၍ နွား (မကျင်လှ) ဆေးလိပ်အပေါ်၌ ဖင်ခုထိုင်နေသော စံ-ဇာဂျီဘို၏ ဘဝမှာ သမုဒ္ဒရာထက် ရေပွတ်ပမာ ခဏတာတည်း။ တံမြက်စည်း ဂေါက်ရိုက်တံ ငှားရမ်းရသည်မှာ လွန်စွာတွက်ချေကိုက်ပေရာ တစ်ချောင်းမကရှိက ပို၍ တွက်ခြေကိုက်မည်ဟုထင်၍ အရိုးမာဟု အမွေးအလွတ် တဖက်ကောက် နှုတ်ခမ်းမွေးပါးပါး မြတ်တံမြက်စည်းအား ၁-တိုက်၊ ၂-တိုက်၊ ၄-တို၊ ၄-ရှည်၊ ၅-တိုက်၊ ၆-တိုက် တို့သို့ အဝယ်တော်လွှတ်ကာ တံမြက်စည်းတစ်လက်အား ဆေးပေါ့လိပ် ၂၀-နှင့် ဝယ်ယူလေသော် တံမြက်စည်း ၆-လက်ရ၏။

မူလရှိရင်းစွဲနှင့် ပေါင်းလေသော် တံမြက်စည်းသည် ၇-လက်ဖြစ်လာ၏။ အခါအတိုင်း ၁၅-မိနစ် တစ်မောင်းလျှင် ဆေးပေါ့လိပ် ၁-လိပ်ဝင်ငွေရှိ၍ ယခု ၁၅-မိနစ် တစ်မောင်းတွင် ဆေးပေါ့လိပ် ၇-လိပ်ဝင်ကာ လွန်စွာဟန်ကျနေ၏။ ဂေါက်သီးလုံးအစစ် တိုက်တွင်းသို့ ရောက်ရှိလာသည့် အချိန်၌ တံမြက်စည်းနှင့် ထိုဂေါက်သီးအား ရိုက်၍မရသောကြောင့် နဂိုအတိုင်းပင် ကြွပ်ကြွပ်အိတ်နှင့် တံမြက်စည်း နှစ်ပါးသွားကြသည်။ ၁၅-မိနစ်လျှင် ဆေးပေါ့လိပ်တစ်တိုင် မပေးနိုင်သော ဘိုင်ကောင်များဖြစ်သည့် ရင်ထွေး၊ တင့်ဆန်း၊ ရန်ကြီးစသည့်လူငယ်တို့သည် ဂေါက်သီးလုံးကိုယူ၍ ဂေါ်လီရိုက်တမ်းကစား၏။ ၃-ကွင်းစိမ်တမ်း ကစား၏။ ဆေးလိပ်တိုကို ထောင်၍ ပစ်ကြကုန်၏။

"တောက်... နိုင်ငံခြားကလာတဲ့ ဂေါက်သီး အင်းစိန်တိုက်ထဲရောက်မှ ပေသီးဖြစ်တော့တယ်"
ဟု ဦးအောင်လွင်က ဆို၏။

အရာရာအပေါ် စနစ်တကျ တီထွင်တတ်သော ဦးအောင်လွင်သည် ၃-တိုက်နှင့် ၂-တိုက်အကြားရှိ သရက်ပင်ကြီးမှ ကိုင်းတစ်ကိုင်းကို အမြဲဆင်းထောင်ကျ မျောက်ဖိုးစိန်အား တတ်ရောက်ချိုးစေသည်။ ဖောက်ထွင်းခိုးမှုဖြင့် ထောင်ကျလာသော ဖိုးစိန်သည် မျောက်နှင့် ရုပ်ဆင်သည်။ ခြေလက်တို့သည်လည်း ဆင်သည်။ မျောက်တစ်ကောင်အလား ဟိုဟိုဒီဒီ တွယ်ကပ်၍ ဆင်းနိုင်သည်။ ဆေးပေ့ါလိပ် ၅-လိပ်ပေး၍ သရက်ကိုင်း ခပ်စိုစို ခပ်ဖြောင့်ဖြောင့်တစ်ချောင်းအား သွားရောက်ချိုးစေ၏။ ထို့နောက် ခေါင်မိုးသွပ်ပြားမှ ချိုးယူထားသော ဓားနှင့် အချိန်ယူကပ်ကပ်၍ ဂေါက်သီးရိုက်တံပုံစံအားလှီး၍ တစ်ဖုံခြစ်၍ တစ်မျိုးထွင်း၍ တလီ အချိန်ယူ၍ တီထွင်လေ၏။

"ဘကြီးအောင် သွားကြားထိုးတံလုပ်နေတာလား"

ဟု လူငယ်များက နောက်၏။ "ဝီ" ဟု၍လည်း အော်ကြကုန်၏။ မြန်မာရိုးရာ ဟာသပုံပြင်ထဲ၌ လှော်တက်ကိုလုပ်ရင်း ဟင်းမွှေယောင်းမ, ဖြစ်၊ ထိုမှတစ်ဖန် ထုတ်တိုဖြစ်၍ လွှင့်ပစ်သောအခါ "ဝီခနဲ" အသံမည် ပုံပြင်ဖြစ်စဉ်ကို ကိုးကား၍ နောက်ပြောင်ကြခြင်းဖြစ်သည်။

"အဲဒီ ဝီ တုတ်ကြီးဘဲ မင်းတို့ကစားဖို့ လုပ်ပေးမှာ"

ဟုပြောကာ သရက်ကိုင်းအား သင်းသပ်ထွင်းထု၍ ကြွပ်ကြွပ်အိတ်ကြိုး ထိုးထားသည်နှင့် ချည်နှောင်၍ အလွန်လှပသပ်ရပ်သော ဂေါက်တံဖြစ်လာ၏။ ဂေါက်သီးလုံးကိုယူ၍ သစ်သားနှင့် ခွက်သဏ္ဍာန်ပြုလုပ်ထားသည့် အပေါ်တင်ကာ ဂေါက်ရိုက် သစ်သားထုတ်နှင့် ရိုက်လေသော် "ဒေါက်... ဝှီး"။ ဂေါက်သီးနှင့် တုတ်တံ တည့်သွားပြီဖြစ်သည်။ အားလုံးက ဝိုင်းဝန်း၍ လက်ခုပ်တီးကြသည်။

ဂေါက်သီး ၂-လုံး ဂေါက်တံတစ်ချောင်းနှင့် ဝရုန်းသုန်းကား ဖြစ်နေကြသည်။ ကြွပ်ကြွပ်အိတ်နှင့် လုပ်ထားသော ဂေါက်သီးသည်လည်းကောင်း၊ တံမြတ်စည်းနှင့် ပြုလုပ်ထားသော ဂေါက်ရိုက်တုတ်အားလည်းကောင်း မည်သူကမျှ မျက်စောင်းပင် ထိုး၍မကြည့်။ မည်သူကမျှ တံမြတ်စည်း တုတ် စံ-ဇာဂဏီဘိုဆီ လာမငှားတော့။ တံမြတ်စည်းတုတ် ငှားရမ်းသောဝင် ပျက်ရလေတော့သည်။

"ဟော့ကောင် ဇာဂဏီ မင်းဘာဖြစ်နေတာလဲ"

ဟု ဆရာခက တံမြတ်စည်း ၇-ချောင်းနှင့် ယောင်စင်းစင်းကြီးဖြစ်နေသော ဇာဂဏီဘိုအား လှမ်းအော်မေးသည်။

"ဆရာစဉ်းစားကြည့်၊ တံမြတ်စည်းတစ်ချောင်းကို နွားဆေးလိပ် အလိပ် ၂၀၊ ၇-ချောင်းဆိုတော့ ဆေးလိပ် ၁၄၀။ ကဲ ဘယ်လောက်နမြောဖို့ကောင်းလဲ။ ဒီနေ့ ဖိုကြီးပေါက်စျေး ကြက်ဥတစ်လုံး နွား ၂-လိပ်ဆိုတော့ ပုံစံစောင်တစ်ထည် နွား ၂၀၊ ကြိုးပုတီး ၁-ခု နွား ၁၀-လိပ်၊ ဘယ်လောက် ရှုံးထားလဲ"

"မင်း တစ်မောင်းကို ၁-လိပ်နဲ့ငှားစားတဲ့ ဆေးပေ့ါလိပ်တွေရော..."

"ကုန်ပြီလေ ဆရာရဲ့... တံမြတ်စည်းတုတ်ရဖို့ ရင်းတာကတစ်မျိုး၊ ဟိုလူ့တိုက် ဒီလူ့တိုက်နဲ့ အခုတောင် ဒီတစ်တိုဘဲ ကျန်တော့တာ..."

ဟု အစီခံနားကပ်နေသော ဆေးလိပ်တိုကိုပြပြီး ညည်းလေသော်-
"ဟော့ကောင်ရာ ဒါများ ညည်းမနေပါနဲ့တော့"
ဟု ဆိုကာ တံမြတ်စည်းအစည်းကို မြေသို့ချ၊ ညာခြေနင့်နင်း၍ မျက်စိမှိတ်ကာ "ဥုမ်"ဟူ၍ ၃-ကြိမ် ရွတ်၏။ ဆရာ မင်းသိခ်၏ "ဥုမ်" ရွတ်ပုံသည် အသံထွက်နှင့်လည်း ညီ၏။ ရင်ခေါင်းသံလည်းပါ၏။

"ဥုမ်ကို တစ်ညလုံးရွတ်မှာ။ ဒီဇင်ဘာ ၂၅-ရက်မှစပြီး ညလုံးပေါက်ရွတ်မှာ"
ဟုဆိုကာ တံမြတ်စည်းတို့ကို ဆောင့်ကန်ထွက်သွားသည်။ ဆေးလိပ်လည်းကုန်၊ ထပ်မံဝယ်စရာလည်းမရှိ၍ အိပ်ငိုက် စိတ်ညစ်နေဆဲ။

"ကိုဇာကြီး၊ ကိုဇာကြီး"
ဟု ခေါ်သံကြား၍ လှည့်ကြည့်သော် ၄-တိုက်မှ အမြဲဆင်း ကရင်လေးကို တွေ့ရ၏။

"၄-တိုက်မှာ အဘတော်ဘုရားလေး ဦးအရိုင်းတို့ကို အန်ကယ်ဂျွန်က ဝေါက်သီးရိုက်တာ သင်ပေးမလို့၊ အဲ့ဒါ ဝေါက်သီးရိုက်တဲ့ တံမြတ်စည်းရောင်းဖို့ ကိုဇာကြီးမှာ ရှိတယ် ဆိုလို့"
"မင်းတို့ အန်ကယ်ဂျွန်က လေယာဉ်ပဲမောင်းတတ်တာ၊ ဝေါက်သီးရိုက်တတ်လို့လား"
တံမြတ်စည်းတုတ်များ ရောင်းရမည်ကို ရင်ထဲမှ ဝမ်းသာနေတာကို ဖုံးကာပြောရ၏။
"အန်ကယ်ဂျွန်က ဦးရဲထက်တောင် တော်သေး"
"မင်း ဦးရဲကြားသွားလို့ သေဦးအုန်းမယ်။ ကဲ မင်းဘယ်လောက်ပေးမလဲ"
"တစ်ချောင်းကို နွား အလိပ် (၂၀)နဲ့ ဝယ်ထားမှန်းသိတယ်။ ရှားပါးပစ္စည်းမို့ (၂၅)လိပ်နဲ့ ဝယ်မယ်"
ဟုပြော၏။

စံ-ဇာဏီဘို ရင်တလှပ်လှပ်ဖြစ်သွားသည်။ အရင်းပါပြန်ရမည့်အပြင် (၅)လိပ်ပင် မြတ်သေး၏။
"ဘယ်နှစ်ချောင်းယူမှာလည်း"
"အကုန်ယူမှာ"
"ဟုတ်လို့လား သွားမေးလိုက်ဦး"

ကရင်လေး ပြန်သွားသည်။ ပြန်မှလာပါ့မလားဟု ရင်တလှပ်လှပ်ဖြစ်နေသော စံ-ဇာဏီဘိုသည် ခရာခ ရွတ်သည့် အတိုင်း "ဥုမ်" ကို ရွတ်လေသော် သူ့အသံသည် တစ်ခုခုဖြစ်နေသည်။

"ကိုဇာကြီး ရော့ဆေးလိပ် တံမြတ်စည်းပေး"
ဟူ၍ အသံကြား၍ မျက်လုံးကို ဖွင့်ကြည့်လေသော် ဆေးလိပ်များကို တွေ့ရ၏။ ဆေးလိပ်(၅၀)စီးက (၃)စီး၊ (၂၅)လိပ်စီးက တစ်စီးတွေ့ရ၏။ ဆေးလိပ်စည်းပေါ်မှ နွား (မကျင်လှ) တံဆိပ်က ကြော့သား။

"ရော့ ဝေါက်တံ တံမြတ်စည်း (၇)ချောင်းယူသွား။ ဒီကြွပ်ကြွပ်အိတ် ဝေါက်သီးလုံးတွေပါ အခဆစ်ယူသွားလိုက်"

ဆရာခ၏ "ဥုမ်" သည် အလွန်စွမ်းလှပေသည်။

စံ-ဇာဂနီဘိုသည် ဆေးပေ့ါလိပ်အထုတ်တို့ကို မ၍ တိုက်-၃၊ အခန်း-၁၃တွင်ရှိသော ဆရာခဆီသို့သွားလေသော် အရှေ့ဘက်နံရံသို့ မျက်နှာမူ၍ တပလ္လင်ခွေထိုင်၍ မျက်လုံးများမှိတ်ကာ "ဉုမ်" ဟူ၍ ရွတ်ဆိုနေသော အသံကိုကြားနေရသတည်း။

ချမ်းမြေ့မေတ္တာတုံ့ပြန်ပါသည်။
စံ-ဇာဂနီဘို

# ပြီးပါပြီ။